# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၆ခုနှစ် ၊ နယုန်လပြည့် ၊ သောကြာနေ့ ၊ (21-6-2024) ၊ အတွဲ (၃၃) ၊ အမှတ် (၀၅၂)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေး ကျင်းပမည်

**နေပြည်တော် ဇွန် ၂၀**

အဋ္ဌမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ၄၇ ပါးစုံညီ သတ္တရသမအစည်းအဝေးကို ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၀၊ ၁၁၊ ၁၂၊ ၁၃ ရက် ၂၀၂၄ ခုနှစ် ဇူလိုင် ၁၊ ၂၊ ၃၊ ၄ ရက် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနေ့တို့တွင် အကြိုညှိနှိုင်းအစည်းအဝေးနှင့် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၁၄ ရက်၊ ဝါဆိုလဆန်း ၁ ရက် ၂၀၂၄ ခုနှစ် ဇူလိုင် ၅၊ ၆ ရက် သောကြာ၊ စနေနေ့တို့တွင် သတ္တရသမအစည်းအဝေးကြီးကျင်းပမည်ဖြစ်ရာ နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများသည် ၁၃၈၆ ခုနှစ် နယုန်လပြည့်ကျော် ၉ ရက် ၂၀၂၄ ခုနှစ် ဇွန် ၃၀ ရက် တနင်္ဂနွေနေ့အရောက် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူပါရန် ပင့်လျှောက်စာများဖြင့် ပင့်လျှောက်ထားပြီးဖြစ်သည်။

ပင့်လျှောက်စာများ အချိန်မီမရောက်ရှိပါကလည်း အဆိုပါနေ့ရက်များအတိုင်း ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေသို့ ကြွရောက်တော်မူကြပါရန် ပင့်လျှောက်အပ်ပါကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏အလုပ်အဖွဲ့တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲ ဆက်လက်ကျင်းပ



**နေပြည်တော် ဇွန် ၂၀**

အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် နိုင်ငံရေးပါတီများအစုအဖွဲ့၏ အလုပ်အဖွဲ့တို့ တွေ့ဆုံဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုဌာန၌ ဆက်လက်ကျင်းပသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊

**စာမျက်နှာ ၁၇ ကော်လံ ၁** ☞

## ပြည်ပမှ တင်သွင်းသော ကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ ဆိပ်ကမ်းလေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမရှိစေရေး ထပ်မံအသိပေးကြေညာ

**နေပြည်တော် ဇွန် ၂၀**

၂၀၂၄ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်၍ သွင်းကုန်လိုင်စင်၊ ပါမစ်ခွင့်ပြုချက် မရရှိသေးဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ သွင်းကုန်များ ကြိုတင်ရောက်ရှိကြောင်း စိစစ်တွေ့ရှိရပါက ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ၂၀၂၄ ခုနှစ် မေ ၃၀ ရက်တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာန၏ ပို့ကုန်သွင်းကုန်နှင့်ပတ်သက်သော သတင်းလွှာ( ၃/၂၀၂၄) ဖြင့် ထုတ်ပြန်ထားသည်။

အကောက်ခွန်ကုန်လှောင်ရုံအတွင်း ထည့်သွင်းခွင့်ပြုထားသည့် ကုန်ပစ္စည်းများမှအပ ကျန်ပြည်ပမှ တင်သွင်းသောကုန်ပစ္စည်းများကို ခွင့်ပြုချက်မရရှိဘဲ

**စာမျက်နှာ ၂၂ ကော်လံ ၁** ❖




ရတနာပုံ
၂၀၂၄ ခုနှစ် ဇွန် ၂၁ ရက်
အယ်ဒီတာ့အာဘော်

# နယုန်လပြည့် မဟာသမယအခါတော်နေ့

နယုန်လသည် မြန်မာလများတွင် တတိယလဖြစ်ပြီး နွေဥတုတွင်ပါဝင်သည်။ နွေရာသီကုန်ဆုံးရန် ၁၅ ရက်မျှသာကျန်ရှိသဖြင့် စာဆိုရှင်များက "နယုန်လကို နွေနှောင်းလ၊ နွေစွန်လ" ဟု စာဖွဲ့လေ့ရှိကြသည်။ နွေနှောင်းလဖြစ်သည့်အလျောက် ကဆုန်လတွင် ချစ်ချစ်တောက်ပူပြင်းခဲ့သော နေမင်းသည် အားလျော့လာပြီး မိုးဦးလေဦးကျစ အခါသမယလည်းဖြစ်ပေသည်။ ကောင်းကင်ပြင်တစ်ခုလုံးတွင် မိုးသားများမည်းမှောင်အုံ့ဆိုင်းပြီး မိုးသီးမိုးပေါက်များ ရွာသွန်းတတ်သည်။ နယုန်လ၏ မိုးသေးမိုးဖွဲကလေးများကြောင့် မြေပြင်တွင် မြက်နုကလေးများဖြင့် စိမ်းလန်းစိုပြည်လာသည်။ ထို့ကြောင့် ရှေးမြန်မာတို့က "နယုန်မိုးသေး မြက်သားမွေး" ဟု ဆိုရိုးပြုကြသည်။

နယုန်လ၏ အဓိကကျသည့်ပွဲတော်မှာ စာပြန်ပွဲဖြစ်ပြီး ရှေးမြန်မာမင်းများလက်ထက်က ကျင်းပခဲ့ကြသည်။ စာပြန်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်သည် ပရိယတ္တိသာသနာထွန်းကားစေရန်ဖြစ်သည်။ ထိုပွဲမှ ထူးချွန်သည့် သာသနာ့အာဇာနည်ရဟန်းတော်များ ပေါ်ထွန်းလာမည်ဖြစ်သည်။ စာပြန်ပွဲကို နယုန်လတွင် ကျင်းပရခြင်းသည် ရဟန်းတော်များ ဝါတွင်းသုံးလကာလပတ်လုံး စာဝါအသစ်များကို သင်ယူရမြဲဖြစ်သည်။ စာဝါအသစ်များ မသင်သေးသောကာလ သို့မဟုတ် ဝါမဝင်မီကာလဖြစ်သည့် နယုန်လတွင် ယခင်သင်ယူခဲ့ပြီးသော စာဝါများကို နှုတ်ဖြင့်အာဂုံဆောင်ရွတ်ဆိုခြင်းမှစတင်ကာ စာပြန်တော်ပွဲပေါ်ပေါက်ခဲ့ခြင်းဖြစ်ပေသည်။

မြန်မာမင်းများသည် စာပြန်ပွဲများကျင်းပရုံသာမက စိုက်ပျိုးရေးကို အားပေးသောအနေဖြင့် နယုန်လတွင် လယ်ထွန်မင်္ဂလာကိုလည်း ပြုလုပ်ခဲ့ကြသည်။ ထို့ပြင် ဗုဒ္ဓမြတ်စွာဘုရားရှင်သည် နယုန်လပြည့်နေ့၌ နတ်၊ ဗြဟ္မာ သတ္တဝါအပေါင်းတို့အား မဟာသမယသုတ်တော်ကို ဟောတော်မူခဲ့သည်။ ထိုသို့ဟောတော်မူသည်ကိုအစွဲပြု၍ နယုန်လပြည့်နေ့တွင် မဟာသမယသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မဟာသမယအခါတော်နေ့ ဆင်ယင်ကျင်းပခြင်းတို့ကို အစဉ်အဆက်ပြုလုပ်လာခဲ့သည်။

မြတ်စွာဘုရားရှင်သည် မဟာသမယသုတ်တော်ကို ကပိလဝတ်ပြည်အနီး မဟာဝုန်တောကြီး၌ သီတင်းသုံးနေထိုင်လျက် ဟောတော်မူသည်။ ထိုသို့ဟောတော်မူရာတွင် သာသနာ့ဘောင်သို့ ဝင်လာကြသော သာကီဝင်မင်းသား ရဟန္တာ ၅၀၀ တို့လည်း အတူရှိကြသည်။ မြတ်စွာဘုရားရှင်နှင့် ထိုရဟန္တာများကို ဖူးမြော်လိုကြသည့် နတ်၊ ဗြဟ္မာ၊ အသူရာ၊ နဂါး၊ ဂဠုန်တို့သည် မဟာဝုန်တောကြီးသို့ အုပ်စုလိုက် စုရုံးရောက်ရှိလာကြသည်။ ထိုကဲ့သို့ နတ်၊ ဗြဟ္မာတို့ စုရုံးရောက်ရှိလာကြသော အခါကာလကို "မဟာသမယ" ဟုခေါ်ဆိုခြင်းဖြစ်ပြီး နတ်၊ ဗြဟ္မာများ စုံညီရောက်ရှိလာကြသည်ကို ဘုရားရှင်က နှစ်လိုစွာဖြင့် နတ်၊ ဗြဟ္မာတို့၏ အမည်နာမအမျိုးမျိုးကို ထုတ်ဖော်မြွက်ကြား နှုတ်ခွန်းဆက်၍ ဟောကြားတော်မူသောစကားများကို "မဟာသမယသုတ်" ဟုခေါ်သည်။ မဟာသမယသုတ်တော်တွင် နတ်၊ ဗြဟ္မာအသီးသီးတို့သည် မိမိတို့၏အမည်နာမများပါရှိသောကြောင့် အလွန်ကျေနပ်ကြသည်။ ထို့ကြောင့် မဟာသမယသုတ်ကို အစဉ်အမြဲရွတ်ဖတ်နေပါက နတ်၊ ဗြဟ္မာတို့၏ ချစ်ခင်မှုကိုရရှိနိုင်ပြီး အိမ်သစ်၊ တိုက်သစ်၊ နေရာသစ်တို့၌ မင်္ဂလာယူလိုသော ပုဂ္ဂိုလ်တို့သည် မဟာသမယသုတ်ကို ရွတ်ဆိုဖတ်ကြားသင့်ကြောင်း အဋ္ဌကထာဆရာက ပြဆိုထားသည်။

ထို့ကြောင့် နယုန်လသည် ထူးခြားလေးနက်ပြီး ကောင်းမြတ်သော ဂုဏ်ထူးဝိသေသနှင့်ပြည့်စုံသည့်လဟု ဆိုနိုင်ပေသည်။ မြတ်စွာဘုရားရှင်ဟောကြားတော်မူသည့် မဟာသမယသုတ်တော်ကို အမြဲမပြတ်ရွတ်ဖတ်ပူဇော်ခြင်းဖြင့် နတ်၊ ဗြဟ္မာတို့၏ ချစ်ခင်မှုကိုရရှိနိုင်ပြီး ဘေးအန္တရာယ်ကင်းဝေးစေမည်ဖြစ်သည်။ မဟာသမယသုတ်၏အစွမ်းတန်ခိုးကြောင့် တစ်ဦးနှင့်တစ်ဦး ခိုက်ရန်မဖက်ဘဲ ငြိမ်းချမ်းပျော်ရွှင်မေတ္တာသက်ဝင်မှုကိုရရှိနိုင်မည်ဖြစ်ရာ မဟာသမယအခါတော်နေ့ထူးနေ့မြတ်ကစ၍ ကိုယ်စိတ်နှစ်ပါးအေးချမ်းကြည်လင်စေရန်အတွက် ဘုရားရှင်၏အဆုံးအမအတိုင်း လိုက်နာကျင့်ကြံပွားများသင့်ပါကြောင်း ဆန္ဒပြုရေးသားလိုက်ရပါသည်။

# မန္တလေးဈေးကွက်အတွင်း စိန်တလုံးသရက်သီး ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် ငွေကျပ် ၅၀၀၀၀ ထိ ဈေးရရှိနေ



**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီးအတွင်း စိန်တလုံးသရက်သီး ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် ငွေကျပ် ၅၀၀၀၀ ထိ ဈေးရရှိနေကြောင်း မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး) အတွင်းရေးမှူး ဦးကျော်စိုးနိုင်က ပြောပြ၍ သိရသည်။

အဆိုပါ စိန်တလုံးသရက်သီးများသည် ရာသီကုန်တော့မည်ဖြစ်၍ လက်ကျန်သရက်သီးအနည်းငယ်သာရှိတော့ကြောင်း၊ လက်ရှိတွင် ရှမ်းပြည်နယ်(တောင်ပိုင်း)ထွက် စိန်တလုံးသရက်သီးများ မန္တလေးဈေးကွက်အတွင်း ၁၆ ကီလိုဂရမ်တစ်ခြင်းလျှင် အရွယ်အစားအလိုက် ငွေကျပ် ၄၀၀၀၀ မှ ၅၀၀၀၀ ထိရရှိနေကြောင်း၊ ရောင်းချရာတွင်လည်း ရန်ကုန်ဈေးကွက်၊ မန္တလေးဈေးကွက်တို့ကိုသာ တင်ပို့ရောင်းချပေးနေကြောင်း သိရသည်။

"ပြည်တွင်းဈေးကွက်ထဲမှာ စိန်တလုံးသရက်သီးက ရှမ်းပြည်နယ်(တောင်ပိုင်း)ဘက်က အသီးတွေပဲရှိတော့တယ်။ စိန်တလုံးသရက်သီးက ရာသီကုန်ချိန်ရောက်ရှိနေပါပြီ။ ပြည်ပကိုတော့ တင်ပို့ရောင်းချတာတွေမရှိတော့ပါဘူး။ ပြည်တွင်းဈေးကွက်ကိုပဲ အဓိကထားရောင်းချပေးနေပါတယ်။ လက်ကျန်သီးတွေကို ဈေးကွက်မှာ ၁၆ ကီလိုဂရမ်ခြင်းနဲ့ ရောင်းချကြပါတယ်"ဟု ဦးကျော်စိုးနိုင်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း စိန်တလုံးသရက်သီးအပြင် ရင်ကွဲ၊ ရွှေဟင်္သာ၊ မချစ်စု၊ မယ်သီ၊ ပတ္တမြားငမောက် သရက်သီးများကိုလည်း စိုက်ပျိုးကြကြောင်း၊ စိန်တလုံးသရက်သီး ကုန်ပါက ရင်ကွဲသီးနှင့်ပတ္တမြားငမောက်သီးများထွက်ရှိပြီး ဈေးကွက်အတွင်းသို့ ရောင်းချကြကြောင်း၊ အဆိုပါ စိုက်ပျိုးပြီး ထွက်ရှိလာသည့်သရက်သီးများကို တရုတ်နိုင်ငံဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချကြကြောင်း မြန်မာသရက်ဈေးကွက်နှင့်နည်းပညာဖွံ့ဖြိုးတိုးတက်ရေးအသင်း(မန္တလေး)မှ သိရသည်။

(၁၈၅)

# မန္တလေး ကားဈေးကွက်၊ ဆိုင်ကယ်ဈေးကွက်

**မန္တလေး ဇွန် ၂၀**

မန္တလေး ကားဈေးကွက်တွင် မော်ဒယ်မြင့် ဘယ်မောင်းနှင့် တန်ဖိုးမြင့်ကားများ အရောင်းအဝယ်အေးနေသော်လည်း ဈေးနှုန်းအသင့်အတင့်ရှိသော ကားအမျိုးအစားများမှာ အရောင်းအဝယ်ရှိကြောင်း ဈေးကွက်အတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးကားများအနေဖြင့်လည်း ငွေကျပ် သိန်း ၁၂၀၀ မှ သိန်း ၁၅၀၀ ခန့်ပေါက်ဈေးရှိကြောင်း၊ ပွိုင့်သရီးကားအမျိုးအစားများမှ ဟွန်ဒါဖစ်၊ တိုယိုတာဗစ်ဇ်၊ တိုယိုတာရက်တစ်ဇ်၊ တိုယိုတာဘယ်လ်တာ ကားအမျိုးအစားများ အရောင်းအဝယ်ရှိကြောင်း သိရသည်။

ယခုအခါ ငွေကျပ်သိန်း ၇၀၀ အောက် MDY လိုင်စင် ကားဟောင်းများ အရောင်းအဝယ်ပုံမှန်ဖြစ်နေပြီး ဟွန်ဒါဖစ်၊ ဟွန်ဒါအင်ဆိုက်၊ တိုယိုတာဗစ်၊ မာစတာဒီမီယို၊ ဝှစ်ရှ် စသည့်ကားများပို၍ အရောင်းအဝယ်ဖြစ်နေကာ ဝှစ်ရှ်အမျိုးအစားများတွင် ငွေကျပ်သိန်း ၅၀၀ ခန့်ဈေးတန်းရှိကားများ ပို၍အရောင်းအဝယ်ဖြစ်နေကြောင်း၊ နံပါတ်ထွက်ပြီးသား အယ်လ်ဖတ်၊ ကလူဂါ၊ ကရောင်းနှင့် ရွှေငါးမှ့ခ်တူးကားများလည်း အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

စလစ်ဈေးနှုန်းများအနေဖြင့် သက်တမ်း နှစ် ၂၀ အမည်ပေါက် စလစ် ငွေကျပ် ၁၂၅ သိန်း၊ စလစ်အပ်ကား ငွေကျပ် ၁၁၅ သိန်း၊ တိုက်ကြေစလစ် ငွေကျပ် သိန်း ၁၁၀၊ တက္ကစီစလစ် ငွေကျပ် သိန်း ၁၂၀ ခန့်ဈေးပေါက်နေကြောင်း ကားအရောင်းအဝယ်လုပ်ကိုင်သူ ဦးဇော်ကြီးထံမှ သိရသည်။

မန္တလေး ဆိုင်ကယ်ဈေးကွက်တွင် တစ်ပတ်ရစ်ဘီးများအရောင်းအဝယ်ပြန်ဖြစ်နေပြီး ဘီးကြောကောင်းမွန်မှုနှင့်အတူ နံပါတ်အမြင့်၊ မော်ဒယ်မနိမ့်လွန်းသည့် တရုတ်ဘီးများမှ ကန်ဒါ၊ ဆိုင်ကလုန်း၊ ဇောင်ချမ်းအမျိုးအစားများ အရောင်းအဝယ်ဖြစ်နေကြောင်း ၅၉ လမ်းဆိုင်ကယ်ဝိုင်းအတွင်းမှ သိရသည်။

ထို့ပြင် လျှပ်စစ်သုံးဆိုင်ကယ်များ လူကြိုက်များလာပြီး ဝယ်ယူမှုများနေကာ အနည်းဆုံး ငွေကျပ် ၁၆ သိန်း ၅ သောင်းမှ သိန်း ၅၀ ကျော်ဈေးရှိကြောင်း သိရသည်။

ဆိုင်ကယ်ဈေးနှုန်းများအနေဖြင့် ထိုင်းနိုင်ငံထုတ် နောက်ဆုံးမော်ဒယ် Click ဒလက်ဘီးများမှာ ငွေကျပ် ၄၅ သိန်းမှ ၆၃ သိန်းခန့်၊ အနိမ့်ဘီး Click များမှာ ငွေကျပ် ၂၅ သိန်းမှ ၃၇ သိန်းခန့်၊ Scoopy i ဘီးများတွင်လည်း နောက်ဆုံးမော်ဒယ်များမှာ ငွေကျပ် ၄၈ သိန်းခန့်၊ အနိမ့်ဘီးများမှာ ငွေကျပ် သိန်း ၂၀ မှ ၃၃ သိန်းခန့် ဈေးရှိကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် အင်ဂျင်ပါဝါ 110 အမျိုးအစားများမှာ ငွေကျပ် ၈ သိန်း ၅ သောင်းမှ ၁၇ သိန်းခန့်၊ အင်ဂျင်ပါဝါ 125 ရုပ်ဆိုး/125 R/CZI အမျိုးအစားများမှာ ငွေကျပ် ၉ သိန်းမှ ၁၈ သိန်း ၅ သောင်းခန့်ရှိကြောင်း ဆိုင်ကယ်အရောင်းအဝယ်လုပ်ကိုင်သူ ဦးမင်းနိုင်ထံမှ သိရသည်။

(၁၇၃)

# မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့်အခြားမြို့များသို့ ဇွန် ၁၀ ရက်မှ ၁၉ ရက်ထိ ကုန်စည်တင်ပို့သည့်ရေယာဉ် ၂၇ စီးထိရှိ

**မန္တလေး ဇွန် ၂၀**

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့်အခြားမြို့များသို့ ဇွန် ၁၀ ရက်မှ ၁၉ ရက်ထိ ကုန်စည်တင်ပို့သည့် ကုန်တင်ရေယာဉ် ၂၇ စီးထိရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်တင်တင်ထွန်းက ပြောပြ၍ သိရသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့် အခြားမြို့များသို့ ဇွန် ၁၀ ရက်မှ ၁၉ ရက်ထိ ပြောင်းဆန်၊ ဘိလပ်မြေ၊ ကျောက်စရစ် စသည့် ကုန်စည်များတင်ပို့သည့် ကုန်တင်ရေယာဉ်များပြေးကြောင်း သိရသည်။

"အခု မန္တလေးဆိပ်ကမ်းမှာ ကုန်စည်ရရှိမှုက ပြန်ပြီးများပြားလာတယ်။ အခုလတ်တလောကတော့ ဘိလပ်မြေ၊ ပြောင်းဆန် စတဲ့ကုန်စည်တွေက အများဆုံးဖြစ်နေတယ်"ဟု ဒေါ်တင်တင်ထွန်းက ပြောပြသည်။

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ပန်းမော်နှင့် အခြားမြို့များသို့ ဇွန် ၁၀ ရက်မှ ၁၉ ရက်ထိ တင်ပို့နိုင်ခဲ့သည့် ကုန်တန်ချိန်များမှာ ဘိလပ်မြေ ၇၁၇၄ ဒသမ ၆၆ တန်၊ ပြောင်းဆန် ၁၂၅၉၅ ဒသမ ၈ တန်၊ ကျောက်စရစ် ကျင်း ၃၅၀၊ ထုံးအိတ်လုံးရေ ၃၈၅၀ တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မကွေးမြို့နယ် လက်ပံရွာသစ်ကျေးရွာ၌ VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မကွေး ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) အကောင်အထည်ဖော်ဆောင်ရွက်မည့် လက်ပံရွာသစ်ကျေးရွာ၌ စီမံကိန်းမိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ(နည်းပညာ) ဒေါ်အိသဥ္ဇာဖူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း၏ ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ ကော်မတီဝင်များရွေးချယ်ရာတွင် လိုက်နာရမည့်အချက်များ၊ ကော်မတီဝင်များ၏ တာဝန်များ၊ အကျိုးဝင်သော စီမံကိန်းလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေ ပြည်သူများ၏ တာဝန်နှင့်ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ဦးစားပေးဆောင်ရွက်လိုသော ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြရာ ဦးစီးအရာရှိ(နည်းပညာ)က ပြန်လည်ရှင်းလင်းပြောကြားပြီး ကျေးရွာသူ၊ ကျေးရွာသားများ၏ အများသဘောဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း သိရသည်။

လက်ပံရွာသစ်ကျေးရွာ၌ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၁၅၀ နှင့် ပြည်သူထည့်ဝင်ငွေများဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အိပိုးပိုး**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် မန္တလေးမြို့ ၃၇ လမ်း၊ ၇၃ လမ်း-၇၄ လမ်းကြားနေ ဦးစောလွင်-ဒေါ်ဝေဝေလွင်(ရွှေဝင်းအမျိုးသမီးဘော်ဒါဆောင်)မိသားစုက ဆွမ်းနှင့်ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၅၁၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းအတွင်းရေးမှူး ဦးဝဏ္ဏ၊ ဆွမ်းကွမ်းတွဲဖက်အတွင်းရေးမှူး ဦးချွန်နှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါး ဧက ၁၀၃၄၀၀ စိုက်ပျိုးမည်


ယခင်နှစ်က စပါးစိုက်ခင်းကို တွေ့ရစဉ်။

**ယင်းမာပင် ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးစပါးဧက ၁၀၃၄၀၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းထံမှ သိရသည်။

၂၀၂၃ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက ယင်းမာပင်ခရိုင်တွင် မိုးစပါး ၁၀၂၇၀၁ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးစပါးဧက ၁၀၃၄၀၀ စိုက်ပျိုးရန် လျာထားကာ ယခုနှစ် ဇွန်လစတုတ္ထပတ်မှ စတင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ယင်းမာပင်ခရိုင်အတွင်း မိုးစပါး ဧက ၁၀၀၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးသွားမယ်။ မိုးစပါးစိုက်ပျိုးရာမှာ အချိန်မီစိုက်ပျိုးကြဖို့၊ အထွက်နှုန်း ကောင်းမွန်ဖို့၊ မျိုးကောင်းမျိုးသန့်တွေ စိုက်ပျိုးဖို့၊ စိုက်နည်းစနစ်တွေ မှန်ကန်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ ဆောင်ရွက်ပေးသွားမယ်"ဟု ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ယင်းမာပင်ခရိုင်တွင် မိုးစပါးစိုက်ပျိုးရန် မြို့နယ်အလိုက်လျာထားမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ဧက ၃၀၀၀၀၊ ကနီမြို့နယ်တွင် ၂၃၂၈၅ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ၄၄၁၅ ဧက၊ ပုလဲမြို့နယ်တွင် ဧက ၄၅၇၀၀ စုစုပေါင်း ဧက ၁၀၃၄၀၀ ဖြစ်ကြောင်း၊ ယင်းမာပင်ခရိုင်တွင် မိုးစပါးစိုက်မည့်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ ပိုးမွှားကျရောက်မှုကာကွယ်ရေး အသိပညာပေးခြင်း၊ သီးနှံများပျက်စီးဆုံးရှုံးမှုမရှိရေးအသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ (၂၀၆)

# စဥ့်ကိုင်မြို့နယ် ရွာသစ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး စစ်ဆေး

**စဥ့်ကိုင် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုငွေလုံးငွေရင်းမူလရန်ပုံငွေဖြင့် စွန်ရဲကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စဥ့်ကိုင်မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်နှင့် ဝန်ထမ်းများက ကျေးရွာမှ တာဝန်ရှိသူများနှင့်အတူ စွန်ရဲကျေးရွာအုပ်စု ရွာသစ်ကျေးရွာ၌ ကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မီမီအောင်က ကျေးရွာတာဝန်ရှိသူများနှင့် တွေ့ဆုံကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

ရွာသစ်ကျေးရွာ၌ အရှည် ၄ ဒသမ ၄၅ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် နှစ်ပေကိုးလက်မရှိ ချင်းကျောက်ခင်းခြင်း လုပ်ငန်းကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပြည်ထောင်စု ငွေလုံးငွေရင်းမူလရန်ပုံငွေကျပ် ၃၉ ဒသမ ၁ သန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စဥ့်ကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်း ပင်လယ်စာခုံးပိသဿချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဖျာပုံ ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ပင်လယ်စာခုံး ပိသဿချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြ၍ သိရသည်။

ဖျာပုံမြို့နယ်တွင် သဘာဝအတိုင်း ဖမ်းယူရရှိသည့် ပင်လယ်စာခုံးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ဧပြီလအတွင်းက ပင်လယ်စာခုံးပိသဿချိန် ၅၆၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ပင်လယ်စာခုံးများ ပိသဿချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ပင်လယ်စာခုံးများကို ရန်ကုန်ဈေးကွက်က အဝယ်လိုက်လျက်ရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ မေလထဲမှာ ပင်လယ်စာခုံးတွေအဝယ်လိုက်ခဲ့ပါတယ်။ပြည်တွင်းဈေးကွက်မှာကို အဝယ်လိုက်နေတာပါ။ အရင်လတွေကထက် ကုန်ချိန်တွေ ပိုမိုတင်ပို့ရောင်းချခဲ့ရပါတယ်။ဖျာပုံမြို့နယ်ဘက်က ငါးတွေ၊ ပုစွန်တွေ၊ ကဏန်းတွေအပြင် ပင်လယ်စာခုံးကို သဘာဝအတိုင်း ရှာဖွေဖမ်းယူရရှိကြတာဖြစ်ပါတယ်။ ဒေသထွက် ပင်လယ်စာခုံးတွေကို ဖျာပုံမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချပါတယ်။ အခုအရောင်းအဝယ်တွေ ပုံမှန်ထက် ပိုမိုအရောင်းသွက်လာတော့ ရေလုပ်သားတွေ၊ ကုန်သည်တွေ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေနေပါတယ်"ဟု ဖျာပုံမြို့နယ်မှ ရေထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မိုးမြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ပင်လယ်စာခုံး ၁၀ ပိသဿလျှင် ငွေကျပ် ၁၉၅၀၀၀ ရရှိကြောင်း၊ အဆိုပါ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းရှင်များသည် ပင်လယ်စာခုံးအပါအဝင် ငါးအမျိုးမျိုး၊ ပုစွန်အမျိုးမျိုးနှင့် ကဏန်းများကိုဝယ်ယူပြီး စနစ်တကျသန့်စင်ထုပ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**



# ရန်မီးကိုတားဆီး၊ သွေးစည်းချစ်ကြည်စေခဲ့ကြတဲ့ ငြိမ်းချမ်းရေးမဟာသမယအခါတော်နေ့

❖ ဗုဒ္ဓမြတ်စွာ၏ ရန်ပြေမာန်ပြေငြိမ်းချမ်းရေးတရားဒေသနာတော် ခြောက်ရပ်ကိုနာခံကြရသော အိမ်နီးချင်း နှစ်ပြည်ထောင်သားများအားလုံး ရန်ပြေငြိမ်းသွားကြကာ အချင်းချင်းစည်းလုံးညီညွတ်သွားခဲ့ကြသည်။ ထိုမျှသာမက နှစ်ပြည်ထောင်မှ ၂၅၀ စီမျှသော စစ်သည်တော် ၅၀၀ တို့သည် ရဟန်းဘောင်သို့ဝင်သွားခဲ့ကြရာ သောကကင်းဝေးစိတ်အေးချမ်းမြေ့ကုန်ကြကာ ရဟန္တာများဖြစ်သွားကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ငြိမ်းချမ်းရေးမှတ်တိုင်စိုက်ထူခဲ့သည့်နေ့ "ငြိမ်းချမ်းရေးအခါတော်နေ့"ဟုလည်း တင်စားညွှန်းဆိုခဲ့ကြသည်။ ❖

**"ရိုက်ချန်းရယ်တဲ့ စည်ပုစွန်။**
**ငွေဝန်းစန္ဒာနှင့်**
**ကြယ်ဇေဌာ ယှဉ်ကာပြည့်တယ်**
**ထွန်းသည့်ရောင်ဝှန်။**
**နွေနယုန် မေထုန်ရက်မှာလ**
**နဘောဘုံ ရေမှုန်တက်ပါလို့**
**လေဟုန်စက်ထိန့်ထိန့်လွန်**
**ဖြိမ့်ဖြိမ့်သွန်ပါလို့ စွေကာသဲ။**
**ခါပျော်ရန်**
**စာတော်ပြန် သဘင်ခန်းမှာလ**
**ဆင်မြန်းရန်ရဝေမယ်တို့**
**ငွေစံပယ်ငုံမြတ်လေးကိုတဲ့**
**ထုံးမင်မှာ ကုံးဆင်ဖို့ ရွေးကြလိမ့်**
**မွှေးတဲ့လပဲ။ ။"**

**(စာဆိုတော် ဦးပြုံးချို–သဖြန်)**

နယုန်လသည် မြန်မာ့ဆယ်နှစ်လတွင် တတိယမြောက်လဖြစ်ပြီး နွေရာသီ၏ "နွေနှောင်းလ" "နွေစွန်လ"ဖြစ်သည်။ နွေနှောင်းလဆိုသည့်စကားနှင့်အညီ နွေရာသီကုန်ဆုံးခါနီး မိုးဦးလေဦးကျစအခါသမယဖြစ်သည်။ ပူပြင်းနေသော နေပူရှိန်ကြားမှ မိုးသေးမိုးမွှား မိုးဖွဲကလေးများ ရွာသွန်းကြဲဖျန်းပေးလေ့ရှိသည်။ ထို့ကြောင့်မြေပြင်ရှိ ချုံနွယ်များနှင့် မြက်ပင်များ လန်းဆန်းနိုးကြွရှင်သန်လာကြပြီး အညွန့်အတက် အခက်အလက်များ ဝေဆာလာကြသည်။ ဤသည်ကို ရှေးတောင်သူတို့က **"နယုန်မိုးသေး မြက်သားမွေး"**ဟု ဆိုရိုးစကားထားခဲ့ကြသည်။

ဝသန်ဦးမှာ မိုးဦးရွာသွန်းမှုအစ ရာသီဥတုသာယာကြည်နူးလှပနေသောကြောင့် **"နတ်စည်ငယ်ရွှန်းပါလို့၊ ဖြိမ့်မွန်းငယ်သံစုံ၊ ကမြူးငယ်ရန်သည်၊ လ–နယုန်သည်ရိုန်မို့၊ မြူတိမ်လွှာ ဆိုင်းပြန်တော့တယ်လေး"**ဟု **"မဟာအတုလမင်းကြီး"**က**"လွမ်းချင်း"**ဖွဲ့သီခဲ့လေသည်။

**"နယုန်မိုးသေး"**ဟု ဆိုရေးရှိသော်လည်း နယုန်လမိုးက အစိုးမရ။ တစ်ခါတစ်ရံတွင် ဖောက်ပြန်လေ့ရှိသည်။ မြစ်ရေတိုး၊ ကွင်းရေလျှံသည်ထိ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေကြီးရေကျလည်း မြန်ဆန်ပြင်းထန်လေ့ရှိသည်။ နယုန်လ၏ မိုးဦးမိုးရှူးကို မြစ်နားချောင်းနားနေကြသူများ အလွန်ကြောက်လန့်နေခဲ့ကြရသည်။ ထို့ကြောင့် **"ဖွတ်မိချောင်းဖြစ်၊ မြစ်မရျမ်းသာ၊ ဟူစပါသို့၊ ပမာထင်ရှား၊ သူကောင်းသားမူ၊ ယဉ်ပါးအဟုတ်၊ သူယုတ်၏သား၊ ရမ်းကားတတ်စွ၊ မိုက်မာနနှင့်၊ ဒေါသမာန်ဟုန်၊ တဖျင်သုန်ဖြင့်၊ နယုန်ရေရှူး၊ ရေဦးရေလွင်၊ ရေသမင်သို့၊ လျှင်လျှင်ဟုတ်ဟုတ်၊ ထိုသူနုပ်တို့၊ သိမ်းချုပ်မတည်း၊ လိမ္မာနည်း၏"** ဟု **"မဃဒေဝလင်္ကာသစ်၊ အပိုဒ်(၂၂၃)"**မှာ နယုန်လ၏ဖောက်ပြန်တတ်သော မိုးဦးရေရှူးကို သူယုတ်သူမိုက်တို့၏ ရမ်းကားမိုက်ရိုင်းမှုနှင့် ခိုင်းနှိုင်းစပ်ဆိုဆုံးမခဲ့သည်။

**နယုန်လဖွင့်ဆိုချက်**

နယုန်လ၏အဓိပ္ပာယ်မှာ **"နံ၊ န"** =အချိန်အခါ၊ **"ယုန်၊ မျုန်"**=မိုးရွာခြင်း၊ မိုးရွာစအချိန်အခါ လသမယဟူ၏။ **"အာဒိမာသ" "အာဒိ"**=အစအဦး။ **"မာသ"**အချိန်အခါ၊ တောင်သူများ ပျိုးကြဲစိုက်ပျိုးချိန်၊ လယ်တောတစ်ခွင် ထွန်ရေး၊ ထယ်ရေး ပြင်ဆင်ချိန်ဟုလည်း ဆိုမှတ်ခဲ့ကြသည်။

လနယုန်တွင် တောတောင်ရဂုံနှင့် သေလာတို့သည် စိမ်းလန်းစိုပြည်စပြုလေရာ ရှုမကုန်၊ ကြည့်မဝအောင် ကြည်နူးဖွယ်ကောင်းလေစွ။ မြူခိုးတို့ယှက်လိမ်၍ တိမ်သလ္လာတို့ အုံ့ဆိုင်းကာ မိုးလည်း ရွာသွန်းစပြု၍ ရေထုတောင်လိုပုံတော့မယောင် ခံစားကြရကြောင်း၊ ရွှံ့နွံစေးအပြင်ကြီးဖြစ်သော လယ်တောတစ်ခွင်တွင် ထွန်ရေးများစတင်ဆင်ယင်ကြရန် ပြင်ဆင်နေကြကြောင်း **"ရတနာပုံခေတ် (သက္ကရာဇ် ၁၂၄၅ ခုနှစ်)ခန့်တွင် နန်းတွင်းစာရေးတော်ကြီး ဦးမောင်မောင်လေး"**က**"မြူခိုးယှက်လိမ်၊ တိမ်တစ်မြုံ့နှင့်၊ ထိန်မောင်းရဂုံ၊ ရှုမကုန်၊ ဂိမ်နှောင်းနယုန်၊ ရှုအကြုံဝယ်၊ ရတုတစ်ပုံ၊ သာစမြေ့၊ အောင်သံကြွေးရင့်၊ နွံစေးပြင်ဝယ်၊ ထွန်ရေးတော်ဝင်၊ ယင်မည်ဆဲမှာ၊ ပုလဲငွေစုံ၊ ရေထုတောင်လိုလို၊ စွေသွန်းမယ့်ထင်ကို"**ဟု ရေးဖွဲ့ညွှန်းဆိုခဲ့သည်။

နယုန်လသည် မြတ်ဗုဒ္ဓလက်ထက်ကပင် **"လယ်ထွန်မင်္ဂလာ"**ကျင်းပခဲ့ကြောင်း၊ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်ပြီး တစ်လမြောက်သောအခါ ခမည်းတော်က လယ်ထွန်မင်္ဂလာကျင်းပခဲ့ကြောင်း၊ မင်းတုန်းမင်းကြီးလည်း လယ်ထွန်မင်္ဂလာကျင်းပခဲ့ကြောင်း မှတ်တမ်းပြုစုထားခဲ့ကြသည်။

နယုန်လ၏ရင်းမြစ်မှာ "ဗြို့ဟစ်ကျမ်းနှင့်ဇောတိကတတ္တဗေဒင်ကျမ်းကြီးများတွင် **"နရယုဂ"**(ဖိုနှင့်မ အစုံ) ဝေါဟာရမှ သဒ္ဒါပျက်ပြီး နယုန်လဟုခေါ်ကြောင်း၊ ဖိုမအစုံ-ဒွေဒဟ(ဒွေ=နှစ်၊ ဒေဟ=ကိုယ်) ရာသီဖြစ်ကြောင်း၊ မေထုန်ရာသီ၏အမည်များကို ရာဇမတ္တဏ်ကျမ်း၊ ရာသီဘိဓာနအပိုင်း၌ **"ဇီတုမ၊ မိထုန်၊ နရယုဂ"** ဟု သုံးမျိုးပြထားရာ ထိုသုံးမျိုးထဲတွင် **"နရယုဂ"** မှာ မေထုန်ရာသီ၏အမည်တစ်မျိုးဖြစ်ကြောင်း၊ အဓိပ္ပာယ်မှာ မိန်းမယောကျ်ားအစုံ(နရ=လူ+ ယုဂ=အစုံ)ဟု ဆိုလိုကြောင်း၊ ဝေါဟာရလီနတ္ထဒီပနီကျမ်းဆရာ၏အလိုမှာ မေထုန်ရာသီဟောနရယုဂသဒ္ဒါမှ နရယုဂ်ဖြစ်လာပြီး နရယုဂ်မှနယုန်လဖြစ်လာကြောင်း မှတ်တမ်းပြုထားသည်။

ထို့ပြင် **"နံ"**သည် မိုးနှင့်ရေဟု အဓိပ္ပာယ်ရပြီး **"ယုန်"** သည် **"မုန်"**ဝေါဟာရမှ ပျက်ပြားလာသော **"တိုက်နိုက်ခြင်း၊ ပြင်းထန်ခြင်း"**ဖြစ်ကြောင်း၊ မိုးရွာလေမုန်တိုင်းကျသောလဟု ယူဆခဲ့ကြကြောင်း၊ တိဗက်၊ ဂျိန်းဖော့၊ မရုနှင့် တရုတ်စသူတို့၏အနွယ်တူဘာသာစကားများအရ **"နံ"**=အချိန်အခါ၊ **"ယုန်"**= ယိုစီးကျခြင်း၊ မိုးစီးကျခြင်း၊ မိုးရွာခြင်း အစပြုရာအခါသမယဟုလည်း ယူဆခဲ့ကြကြောင်း မှတ်တမ်းတင်ထားကြသည်။

ပုဂံခေတ်၊ အင်းဝခေတ် ကျောက်စာများတွင် **"နံယုန်၊ နယုန်၊ နံမျုန်"**ဟု အမျိုးမျိုးရေးထိုးခဲ့ကြသည်။ ဒုတိယရှင်ပုညကာမိစီရင်သော **"ဘုန်းမီးထက်လျှံရှိ မှန်စီသတ်ပုံ"**တွင် **"တန်ဆူးကဆုန်၊ လနမျုန်၊ ဖုန်ဖုန်လွင့်မြူးလိမ့်"**ဟုလည်းကောင်း၊ သက္ကရာဇ် ၁၀၈၈ ခုနှစ်ပြီးသည့် **"သီရိမင်္ဂလာသတ်ပုံ"**တွင်**"ကဆုန်နမျုန်၊ ကြိုးသုန်သုန်၊ နယုန်နသတ်မြန်း"**ဟုလည်းကောင်း၊ စွယ်စုံကျော်ထင်ကျမ်း ပုဒ်ရေ ၆၉ ၌ သံတူကြောင်းကွဲ **"အုန်"** ကာရန်သတ်ပုံပုဒ်တွင် **"လနယုန်၊ လင်းယုန်၊ တောမှာယုန်၊ ကရွဲ့–ကယုန်၊ ဘယ်သို့ရှိုင်း"**ဟုလည်းကောင်း ခိုင်မာသောအထောက်အထားများကို ပြဆိုခဲ့ကြသည်။

**နယုန်လ၏တော်ဝင်ပန်း**

**"နယုန်တွင်မူ၊ စုံမင်ထပ်ရစ်၊ ပြက်လျှပ်စစ်နှင့်၊ နတ်ပဇ္ဇုန္န၊ အမွှန်နတို့၊ ခုန်ကရေပန်း၊ ကြွလေဖျန်း၏။ ပန်းယုထိကာ၊ သုမနာလည်း၊ သင်းစွာလှိုင်စေ၊ ကြိုင်လွင့်ကြွေလျက်၊ မြိုင်ခြေပျို့ပျို့၊ ညို့ရရို့တည့်"**

**(မင်းလှရာဇကျော်ထင်၏ အဘိရုကပျို့)**

နယုန်လ၏ရာသီပန်းကို ပါဠိစကားလုံးများဖြင့် ခြယ်မှုန်ထားရာ **"ယုထိကာ=ဇွန်ပန်း၊ သုမနာ=မြတ်လေးပန်း"**ဟူသော စံပယ်ပန်းနွယ်ဝင်များဖြစ်ကြသည်။ ပို၍သေချာစေသည်မှာ **"မြတ်လေးပျံ့သေးသွယ်သွယ်၊ ရွှေစံပယ်သင်းတဲ့မာသ"** ဟုလည်းကောင်း၊ **"ကမ္ဘာ့ကျက်သရေ၊ ရဂုံနက်ကျယ်၊ တောမြိုင်လယ်မှာ၊ စံပယ်မြတ်လေး၊ ပျံ့မွှေးမွှေးနှင့်"**ဟုလည်းကောင်း၊ **"ဗိုလ်ဖြံ့တဲ့ ရွှေလယ်မှာ၊ ငွေစံပယ်ဖြူမုလေးက၊ မွှေးလှတယ်လေး"**ဟုလည်းကောင်း စသည့်ဖွဲ့ဆိုချက်များကြောင့်ဖြစ်သည်။

ထိုမြတ်လေး ခေါ် မုလေးပန်းကို ရှေးအခါက ပန်းတကာတို့၏ဘုရင်၊ တော်ဝင်ပန်း၊ အမြတ်ဆုံးပန်းဟု ဂုဏ်ပြုတင်စားခဲ့ကြသည်။ ဆေးဖက်လည်း ဝင်သောကြောင့် ပို၍တန်ဖိုးထားခဲ့ကြသည်။

**မဟာသမယအခါတော်နေ့**

သက္ကရာဇ် ၁၀၇ ခုနှစ်တွင် မြတ်စွာဘုရားရှင် ငါးဝါမြောက်၊ နယုန်လပြည့်နေ့တွင် သက္ကတိုင်း၊ ကပိလဝတ်ပြည်၏ မဟာဝုန်တောကြီး၌ **"မဟာသမယသုတ်"**ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။

ဟောကြားတော်မူရခြင်း၏ အကြောင်းရင်းမှာ ဗုဒ္ဓမြတ်စွာ၏ဆွေတော်မျိုးတော်များ နေထိုင်ကြရာ ကပိလဝတ်ပြည်နှင့် ကောလိယပြည်တို့သည် ယနေ့ အိန္ဒိယမြောက်ပိုင်း ဂင်္ဂါမြစ်နှင့် ရောဟဏီမြစ်နှစ်သွယ်တို့ဆုံရာ ကမ်းတစ်ဖက်စီ မျက်စောင်းထိုး၌ တည်ရှိခဲ့ကြသည်။ အိမ်နီးချင်းနှစ်ပြည်ထောင်စလုံးတွင် မြတ်ဗုဒ္ဓ၏ဆွေတော်မျိုးဆက်၊ ဗုဒ္ဓနွယ်ဝင်သာကီဝင်မင်းမျိုးတို့ချည်းသာလျှင်ဖြစ်ကြသည်။ နှစ်နိုင်ငံကြားရှိ ရောဟဏီမြစ်ရေကို အမှီပြုလျက် (ရေသွင်း၊ ရေရှင်)ရေလွှဲဆည်ဖြင့် ရေသွယ်ယူကြကာ စိုက်ပျိုးလုပ်ကိုင်စားသောက်နေထိုင်ခဲ့ကြသည်။

သက္ကရာဇ် ၁၀၇ ခုနှစ် နယုန်လတွင် မိုးရွာသွန်းမှုနည်းလွန်းသောကြောင့် ရောဟဏီမြစ်ရေလျော့နည်းလာခဲ့ရာ နှစ်ပြည်ထောင် ရေဝေခြမ်းခွဲယူမှုအဆင်မပြေဖြစ်ခဲ့ကြရာက ရန်မီးပွားပြီး စစ်ကြီးဖြစ်ပေါ်လာမည့်ကိန်းသို့ ဆိုက်ရောက်လာခဲ့ကြသည်။ နှစ်ပြည်ထောင်စစ်တပ်ကြီးများက ရောဟဏီမြစ်ကမ်းနှစ်ဖက်သို့ တစ်ဖက်တစ်ချက် ရေသိမ်းတိုက်ပွဲဆင်နွှဲကြရန် နယုန်လပြည့်နေ့ အရုဏ်မတက်မီ စုဝေးရောက်ရှိလာခဲ့ကြသည်။

ထိုရန်မီးပွားကို သိတော်မူသော မြတ်စွာဘုရားသည် အချိန်မီတားဆီးနိုင်ရေးအတွက် အရုဏ်တက်တွင် ဈာန်သမာပတ်ဖြင့် အချင်းဖြစ်ပွားရာသို့ကြွချီတော်မူခဲ့သည်။ နှစ်ဖက်စလုံး၏ ရန်ငြိုးအစွပ်အစွဲမှ ကင်းလွတ်စေရေးအတွက် နှစ်ပြည်ထောင်၏ နယ်မြေဒေသဖြစ်သော ရောဟဏီမြစ်၏အလယ်ဗဟိုတည့်တည့် ကောင်းကင်ယံဝယ် ထက်ဝယ်ဖွဲ့ခွေနေတော်မူ၍ ရောင်ခြည်ခြောက်သွယ်ကို အုံ့ဖွယ်အသွယ်သွယ်ဖြင့် ဖြန့်ကြက်စံတော်မူပြီး နှစ်ပြည်ထောင်ငြိမ်းချမ်းရေးတရားကို ဟောကြားတော်မူခဲ့လေသည်။

အဖိုးမတန်သောရေကိုအကြောင်းပြု၍ အဖိုးမဖြတ်နိုင်မင်းမြတ်တို့ အဘယ်ကြောင့် အပျက်စီးခံကြမည်နည်းဟူသော ငြိမ်းချမ်းရေးတရားသဘောမူခြောက်ချက်ကို ဟောကြားတော်မူခဲ့သည်။

၁။ ဝက်ဝံနှင့် ကြို့ပင်စောင့်နတ်(ရုက္ခစိုး)တို့အသေးအဖွဲရန်စကို ရန်ငြိုးဖွဲ့မှားခဲ့ကြရာမှ နှစ်ဦးနှစ်ဖက်ပျက်စီးကြပုံ**(ဖန္ဒနဇာတ်)**

၂။ မြေပြိုပါပြီဟုထင်ကြေးဖြင့် အော်ဟစ်ထွက်ပြေးသောယုန်တစ်ကောင်၏စကားကို ယုံမှား၍ ဒုက္ခများကြသော သတ္တဝါများကို စူးစမ်းဆင်ခြင်မှုရှိသော ခြင်္သေ့မင်းက ကယ်တင်လိုက်ပုံ **(ပထဝီဥန္ဒြိယဇာတ်) (ဒုဒ္ဒုဘဇာတ်)**

၃။ အားသေးသော ငုံးစုတ်ငှက် (ဘီလုံးငှက်ငယ်မ) က အားကြီးအနိုင်ကျင့်သော ဆင်ပြောင်ကြီးကို အနိုင်ယူ၍ ရန်သူကို အထင်မသေးသင့်ပုံ **(လဋုကိကဇာတ်)**

၄။ လွင်တီးခေါင်ရှိ သစ်ပင်ထီးတည်းကြီးသည် လေမုန်တိုင်းဒဏ်ကို မခံနိုင်သော်လည်း သစ်ပင်များ တစ်စုတစ်ဝေးတည်းတည်ရှိပါက လေမုန်တိုင်းဒဏ်ကိုခံနိုင်ကြပုံ **(ရုက္ခဓမ္မဇာတ်)**

၅။ မစည်းလုံးမညီညွတ်က ပျက်စီးတတ်ကြောင်း၊ စည်းလုံးခြင်းသည် ခွန်အားဖြစ်ကြောင်း ဥပမာ-ငုံးငှက်ငယ်တစ်စုသည် ပိုက်ကွန်၌မိနေကြလေရာ စည်းလုံးညီညွတ်စွာ ပိုက်ကွန်ကြီးကို စုပေါင်းသယ်ဆောင်ပျံသန်းခဲ့ကြသဖြင့် လွတ်မြောက်ကြပြီး ဘေးကင်းကြပုံ **(ဝဋ္ဋက–သမ္မောဒမာနဇာတ်)**

၆။ မိမိကိုယ်ကိုမိမိကသာလျှင် သောကကင်းဝေးစေ၍ သုခကိုရစေနိုင်ကြောင်း ကံသုံးပါးကောင်းမှ သုခကိုရနိုင်ကြပုံ**(အတ္တဒဏ္ဍဇာတ်)**

ဗုဒ္ဓမြတ်စွာ၏ ရန်ပြေမာန်ပြေ ငြိမ်းချမ်းရေးတရားဒေသနာတော် ခြောက်ရပ်ကို နာခံကြရသော အိမ်နီးချင်း နှစ်ပြည်ထောင်သားများအားလုံး ရန်ပြေငြိမ်းသွားကြကာ အချင်းချင်းစည်းလုံးညီညွတ်သွားခဲ့ကြသည်။ ထိုမျှသာမက နှစ်ပြည်ထောင်မှ ၂၅၀ စီမျှသော စစ်သည်တော် ၅၀၀ တို့သည် ရဟန်းဘောင်သို့ဝင်သွားခဲ့ကြရာ သောကကင်းဝေးစိတ်အေးချမ်းမြေ့ကုန်ကြကာ ရဟန္တာများဖြစ်သွားကြသည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်များအတွက် ငြိမ်းချမ်းရေးမှတ်တိုင်စိုက်ထူခဲ့သည့်နေ့ **"ငြိမ်းချမ်းရေးအခါတော်နေ့"**ဟုလည်း တင်စားညွှန်းဆိုခဲ့ကြသည်။

ထိုနယုန်လပြည့်နေ့ညတွင် ကပိလအနီး ဟိမဝန္တာတစ်နေရာ မဟာဝုန်တော၌ မြတ်စွာဘုရားရှင်သည် ရဟန္တာငါးရာနှင့်အတူ စံတော်မူနေစဉ် စကြဝဠာတိုက်တစ်သောင်းမှ နတ်ဗြဟ္မာအပေါင်းတို့က မြတ်စွာဘုရားရှင်နှင့် ရဟန္တာများကိုဖူးမြော်ရန် စုဝေးရောက်ရှိလာခဲ့ကြသည်။ ထိုသို့ အတိုင်းမသိများပြားလှသော နတ်ဗြဟ္မာအပေါင်းတို့ စုံလင်စုဝေးလာကြသောအခါကို **"မဟာသမယ"** ဟု ဆိုကြသည်။ **"မဟာ"** ကြီးကျယ်သော၊ မြင့်မြတ်သော၊ **"သမယ"** အချိန်အခါ၊ ကြီးကျယ်မြင့်မြတ်သော အချိန်အခါသမယဟု အဓိပ္ပာယ်ရသည်။

နတ်ဗြဟ္မာအပေါင်းနှင့် ရဟန္တာငါးရာတို့အား မြတ်စွာဘုရားက ငြိမ်းချမ်းကြည်ဖြူ၊ အတူယှဉ်တွဲ၊ အဓွန့်ရှည်ကြာစွာနေထိုင်ရေးကို ညွှန်ပြဆုံးမသည့် **"မဟာသမယသုတ်တော်"**ကို ဟောကြားတော်မူခဲ့သည်။ မူလမဟာသမယသုတ်တော်မှာ နတ်ဗြဟ္မာအပေါင်းအား မည်သည့်အရပ်မှ မည်မျှသော နတ်တို့ လာရောက်ကြသည်ကိုကြေညာတော်မူသည့်

**စာမျက်နှာ ၅ သို့ ➤**

# လမ်းလျှောက်ခြင်းဖြင့် ဦးနှောက်ကြည်လင်လန်းဆန်းစေနိုင်သည်



လမ်းလျှောက်ခြင်းဟာ မိမိ တို့ရဲ့ ဦးနှောက်တွေအတွက် အကျိုးကျေးဇူးများစွာ ပေးစွမ်းတယ်လို့ သုတေသနတစ်ခုမှာ ဖော်ပြထားပါတယ်။

လမ်းလျှောက်တဲ့ အခါမှာ အန်ဒေါ်ဖင်လို့ခေါ်တဲ့ ဟော်မုန်းတစ်မျိုးထွက်ရှိမှု မြင့်တက်လာပါတယ်။ အဲဒီဟော်မုန်းက နာကျင်မှုဝေဒနာကို သက်သာစေတဲ့ဟော်မုန်းပါ။ အန်ဒေါ်ဖင်ဟော်မုန်းထွက်ရှိလေ မိမိတို့မှာ ရှိတဲ့ စိတ်ဖိစီးမှုတွေ လျော့ကျလေဖြစ်ပါတယ်။

ဒါ့အပြင် အဲဒီဟော်မုန်းက ဦးနှောက်ရဲ့ အလုံးစုံကျန်းမာရေးကို အထောက်အပံ့ဖြစ်စေတဲ့အပြင် ဒီမန်းရှားလို့ခေါ်တဲ့ မှတ်ဉာဏ်ချို့ယွင်းရူးသွပ်ခြင်းရောဂါနဲ့ အယ်ဇိုင်းမားရောဂါတို့ ဖြစ်ပွားနိုင်ခြေကိုတောင်မှ လျော့ချပေးနိုင်ပါတယ်။

# ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

**ဘိုကလေး ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့မေလအတွင်းက ဒေသထွက်စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီတင့်က ပြောပြ၍ သိရသည်။

ဘိုကလေးမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဧပြီလအတွင်းက စိုက်ပျိုးရေးကောက်ရိုးမှိုပိဿာချိန် ၆၅၀၀၀ သာတင်ပို့ရောင်းချနိုင်ခဲ့ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း စိုက်ပျိုးရေးကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးရေးကောက်ရိုးမှို တစ်ပိဿာလျှင် ငွေကျပ် ၁၀၅၀၀ မှ ၁၄၅၀၀ ထိဈေးရှိနေကြောင်း သိရသည်။

"ဘိုကလေးမြို့နယ်ကနေ ဒေသထွက်တဲ့ လယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချတာ များပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ကောက်ရိုးမှို ပိဿာချိန် ၈၄၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ပါတယ်။ လက်ရှိ ရန်ကုန်ဈေးကွက်က ကောက်ရိုးမှိုတွေ မှာယူအားကောင်းနေပါတယ်။ ဘိုကလေးမြို့နယ်မှာက အခြားစိုက်ပျိုးရေးလုပ်ငန်းတွေနဲ့ ယှဉ်တွဲပြီး မှိုစိုက်ပျိုးတဲ့လုပ်ငန်းကို လုပ်ကိုင်ခဲ့ပါတယ်"ဟု ဘိုကလေးမြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ရီတင့်က ပြောပြသည်။



ဘိုကလေးမြို့နယ်မှထွက်ရှိသည့် စိုက်ပျိုးရေးကောက်ရိုးမှိုများအပါအဝင် လယ်ယာထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ အများဆုံး တင်ပို့ရောင်းချလျက်ရှိကြောင်း၊ မှိုများ ဝယ်ယူအားကောင်းလာသည့်အတွက် စိုက်ပျိုးသူများ၊ ရောင်းဝယ်သူများ၊ စိုက်ပျိုးရေးလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## လနယုန်

\- ရာသီမေထုန် လနယုန်ဝယ်
တိမ်စုံဝင်းလက် ကောင်းကင်ထက်မှ
မိုးစက်မိုးဖွား လေနှင်အားကြောင့်
မြေသားထက်တွင် ဖွားသန့်စင်ချိန်
ပျိုးပင်စိမ်းမြ နယုန်လ။

\- နယုန်လဝယ် ပန်းစံပယ်တို့
နန်းထည်ကြူသင်း ဖြူအဆင်းဖြင့်
ယမင်းကေတွင် ဆင်းငွေစင်သို့
ပေါ်လွင်လှပ ဖွေးဖွေးလွှသည့်
ခါလနယုန် စံပယ်ထုံ။

\- နွေကုန်မိုးကူး ဝသန်ဦးမို့
မြဖူးပုရစ် လှထူးသစ်၍
နုမြစ်ညှာတံ ပင်ထက်ယံဝယ်
ထိန်လျှံဖြာလင်း မြရောင်လင်းစေ
ယာခင်းလယ်ပြင် စုတ်ချက်တင်ပြီ
စုံလင်လှပ နယုန်လ။

\- နွေနှောင်းမိုးဆန်း လျှပ်ရောင်လွှမ်းကာ
မိုးဖျန်းမြေလွှာ ရေကြည်သာသော်
မြေယာလယ်ခင်း မိုးနံ့သင်း၍
နေမင်းသူရိန် မိုးငွေ့တိမ်ကြောင့်
ပူရှိန်ပျပျ အေးမြမြ
နွေနှောင်းမိုးစနယုန်လ။ ။

**မောင်လေပြေ(တောင်တွင်း)**

➤ စာမျက်နှာ ၄ မှအဆက်

စကားတော်ကို ခေါ်ဆိုခြင်းဖြစ်သည်။ ထို့ကြောင့် နယုန်လပြည့်နေ့ကို **"မဟာသမယအခါတော်နေ့"** ပုဏ္ဏမီရက်မြတ်အဖြစ် ဗုဒ္ဓစာပေမှတ်တမ်းပြု၍ ဂုဏ်ရည်မပျက်အစဉ်အဆက် သတ်မှတ်ကျင်းပခဲ့ကြသည်။

မြတ်စွာဘုရားရှင်သည် မူလမဟာသမယသုတ်သာမက ဆက်လက်၍ **"မဟာသမယသုတ် ခြောက်သုတ်"** ကို ဟောကြားတော်မူခဲ့ရာ-

၁။ ရာဂ၊ လောဘများကင်းစေရေး **(သမ္မာပရိဗ္ဗာဇနိယသုတ်)**
၂။ ဒေါသမထားကြဘဲ မေတ္တာပွားစေရေး **(ကလဟဝိဝါဒသုတ်)**
၃။ မောဟစရိုက်ကဲသူများကို အမောဟပညာပွား၍ အသိဉာဏ်များပွားစေရေး**(မဟာဗျူဟသုတ်)**
၄။ တယူသန်ဝိတက်စရိုက်ပိုသူတို့ကို တစ်ဦးနှင့်တစ်ဦး ပျော့ပျောင်းညင်သာစေရေး**( စူဠဗျူဟသုတ်)**
၅။ သဒ္ဓါစရိုက်ရှိသူများကို ကြောင်းကျိုးမှန်တရားတို့၌ သက်ဝင်ယုံကြည်ရေး **(တုဝဋ္ဋကသုတ်)**
၆။ ပညာ (ဗုဒ္ဓိ) စရိုက်ရှိသူများကို အမှားအမှန်ဆင်ခြင်ပိုင်းခြားစေနိုင်ရေး **(ပုရာဘေဒသုတ်)** ဟူ၍ဖြစ်သည်။

ထိုသုတ်တော်များ ဟောကြားအပြီးတွင် ရဟန္တာဖြစ်ကြသော နတ်ဗြဟ္မာအပေါင်းတစ်ကုဋေ့စီရှိကြကြောင်း၊ သောတာပန်၊ သကဒါဂါမ်၊ အနာဂါမ်ဖြစ်ကြသော နတ်ဗြဟ္မာတို့မှာ မရေမတွက်နိုင်အောင် များပြားလှကြောင်း၊ ကျမ်းဂန်များမှာဖော်ပြပါရှိခဲ့သည်။

နတ်ဗြဟ္မာတို့၏ အမည်များသာပါသော မူလအစ(ပထမ) မဟာသမယသုတ်တော်ကို ရွတ်ဖတ်ပူဇော်ကြရုံမျှဖြင့် နတ်ဗြဟ္မာတို့၏ ချစ်ခင်စောင့်ရှောက်မှုကို ခံယူရရှိကြသည်ဖြစ်ရာ နိဗ္ဗာန်ရောက်ကြောင်း မဟာသမယသုတ် ခြောက်သုတ်ကိုသာ အမြဲမပြတ်ရွတ်ဖတ်ပူဇော်နေကြပါက ကပ်သုံးပါးဘေးမှ ကင်းဝေးကြကာ ထူးမြတ်သောအကျိုးကို ခံစားကြရမည်မှာ သေချာလှသည်။ ထို့ကြောင့်လည်း နယုန်လပြည့်နေ့ကို **"မဟာသမယသုတ် အခါတော်နေ့"** အဖြစ်သတ်မှတ်ကာ နှစ်စဉ်ရွတ်ဆိုပူဇော်နေကြခြင်းဖြစ်သည်။

**စာတော်ပြန်ပွဲ**

**"ရာသီမေထုန်၊ လနယုန်၊ နမျှန်ခေါ်တစ်ပါး၊**
**ရွှေစာတော်ပြန်၊ ပွဲတော်ဖန်၊ ဘုန်းသန်မင်းမြတ်များ"**
**(စာဆိုတစ်ဦး၏သံပေါက်)**

**"နယုန်မာသ၊ မေထုန်ကျ၊ ဇေဋ္ဌရောင်စုံကျင်း။**
**စံပယ်မြတ်လေး၊ ရနံ့မွှေး၊ စာမေးသဘင်ခင်း။**
**(ကင်းဝန်မင်းကြီးဖွဲ့ သံပေါက်)**

နယုန်လ၏ထူးမြတ်လှသော သင်္ကေတတစ်ရပ်မှာ ရှင်သာမဏေများနှင့် ရဟန်းပျိုများ စာဝါလိုက်ကြသည့် စာအံသံများ၊ စာတော်ပြန်ပွဲများနှင့် ကြည်နူးဖွယ်ကောင်းမွန်လှသည်။ ရှင်သာမဏေများနှင့် ရဟန်းသံဃာများ၏ စာသင်နှစ်မှာ နှစ်စဉ်ဝါဆိုလမှ နယုန်လထိဖြစ်သည်။ စာသင်နှစ်၏နောက်ဆုံးလဖြစ်သော နယုန်လတွင် သင်ကြားခဲ့ကြသော ဗုဒ္ဓစာပေကျမ်းဂန်များကို အာဂုံပြန်နှင့်နှုတ်မေးနှုတ်ဖြေနှစ်မျိုးကို **"စာတော်ပြန်ပွဲ"** ဟု သတ်မှတ်ထားခြင်းဖြစ်သည်။

ရှေးဘုရင်များက **သာသနာ့အာဇာနည်များပေါ်ထွန်းပွားများရေးရည်မှန်းချက်**ဖြင့် စာတော်ပြန်ပွဲများကို ကျင်းပခဲ့ကြရာ ဒုတိယအင်းဝခေတ်၊ သာလွန်မင်းတရားလက်ထက်၊ သက္ကရာဇ် ၁၀၀၀ ပြည့်နှစ်မှ သီပေါမင်းလက်ထက်ထိ ကျင်းပခဲ့ကြကြောင်း၊ သီပေါမင်းပါတော်မူပြီးနောက် သက္ကရာဇ် ၁၂၄၈ ခုနှစ်မှ သက္ကရာဇ် ၁၂၅၆ ခုနှစ်ထိကျင်းပနိုင်ခြင်းမရှိဘဲ ရပ်နားခဲ့ရကြောင်း၊ သက္ကရာဇ် ၁၈၈၉ ခုနှစ်ရောက်မှသာ မူလအတိုင်း စာတော်ပြန်ပွဲများကို ကျင်းပနိုင်ခဲ့ကြောင်း၊ သက္ကရာဇ် ၁၈၉၆ ခုနှစ်တွင် ရဟန်းသံဃာများသာမက လူဝတ်ကြောင်များနှင့် သက္ကရာဇ် ၁၉၀၁ ခုနှစ်တွင် သီလရှင်များကိုလည်း စာမေးပွဲဖြေဆိုခွင့်ပြုခဲ့ကြကြောင်း သမိုင်းမှတ်တမ်းတင်ထားခဲ့ကြသည်။

တစ်ဆယ့်နှစ်လရာသီအလိုက် စည်တော်သံဖွဲ့ဆိုခဲ့သည့်အမည်မသိ ရှေးစာဆိုရှင်တစ်ဦးက နယုန်လစာတော်ပြန်ပွဲနှင့်ပတ်သက်၍ ပါတော်မူသွားသော အရှင်နှစ်ပါးကိုတမ်းတပြီး **"လ-မေထုန်၊ နယုန်ကျလို၊ သာသနာ့ဒါယကာ၊ လွမ်းမိဖြာဖြာ။ ရုနယ်ရ၊ သုမေ္မာရွှေစာပွဲနှင့်လွဲပြီဗျလေး"** ဟု စပ်ဆိုခဲ့သည်။

ယခုအခါတွင် စာတော်ပြန်ပွဲများအစား ပိဋကတ်တော်၊ တရားဓမ္မများကို ရေးဖြေ၊ နှုတ်ဖြေစာမေးပွဲများကျင်းပပြီး ဘွဲ့ထူးဂုဏ်ထူးများဆက်ကပ်ပူဇော်နေကြသည်။ ထို့ပြင် **"စာပုလွေခင်း၊ ပဋ္ဌာန်းတော်စုံ"** စာဆိုနှင့်အညီဝါဆိုကြမည့် ကိုရင်များနှင့် ရဟန်းသံဃာတော်များအတွက် ရှင်ပြုမင်္ဂလာနှင့် ရဟန်းခံမင်္ဂလာပွဲများကို ကျင်းပနေကြသည်။

ဗုဒ္ဓသာသနာအတွက် တန်ဖိုးမဖြတ်နိုင်သော နယုန်လမြတ်၏ ရာသီအမည်က **"မေထုန်"**၊ စန်းပြည့်နက္ခတ်က **"ဇေဋ္ဌ"**၊ ယှဉ်တာရာက **"မြင်းတာရာ"**၊ ရာသီရုပ်က **"လူပျို၊ အပျို"**၊ ရာသီပန်းက **"မြတ်လေးပန်း"**၊ ရာသီပွဲက **"စာတော်ပြန်ပွဲ"**၊ လပြည့်သန်းခေါင်နတ်ပေါင်းခပင်က **"သမန်းကျားပင်၊ ဆေးကျားပင်၊ ရွှေကြာပင်"**၊ ရက်ရာဇာက **"အင်္ဂါ"**၊ ပြဿဒါးက **"တနင်္ဂနွေ၊ တနင်္လာ"** စသည်ဖြင့် နက္ခတ်ဗေဒပညာရှင်များကလည်း ရာသီ၊ နက္ခတ်၊ တာရာ၊ ရာသီရုပ်၊ ရာသီပန်း၊ ရာသီပွဲ၊ ရက်ရာဇာ၊ ပြဿဒါးကအစ အသေးစိတ်ဖော်ထုတ် မှတ်တမ်းတင်ထားခဲ့ကြသည်။

ရှေးပညာရှိကဝိအဆူဆူ၊ စာပေဝိဒူအဆက်ဆက်တို့သည် လမြတ်နယုန်နှင့်စပ်လျဉ်း၍ ညွှန်းဆိုဂုဏ်ပြုရေးသားခဲ့ကြရာ ဖော်ပြ၍ပင်မကုန်နိုင်အောင်စုံလင်များပြားလှသည်။ ထိုအစဉ်အလာကောင်းများကို ဆက်လက်ထိန်းကျောင်းမြှင့်တင်ပေးကြရမည့်တာဝန်မှာ ယနေ့ဗုဒ္ဓဘာသာဝင်မျိုးဆက်များပင်ဖြစ်ပါကြောင်း စေတနာကောင်းဖြင့် မျှဝေစေ့ဆော်ပေးလိုက်ရပါသည်။

**ကိုးကား**

**-ရာသီသဘင်**
**-ဆရာလှသမိန်၏ "ရှေးစာဆိုတော်များ၏ ဆယ့်နှစ်ရာသီပွဲပေါင်းချုပ်"**
**-ဝိသုဇ္ဇက(ပဲခူး)၏ မြန်မာ့ဆယ့်နှစ်လရာသီဖွဲ့**
**-ပြည်ထွန်းရွှေ၏ မြန်မာလများနှင့်စပ်လျဉ်း၍**

**မောင်ငြိမ်းသူ(ကြို့ပင်ကောက်)**

# နိုင်ငံတကာ သတင်းများ

## တောင်အာဖရိကသမ္မတရာထူး ဒုတိယသက်တမ်းအတွက် သမ္မတရာမဖိုဆာ ကျမ်းသစ္စာကျိန်ဆို

**ပရီတိုးရီးယား ဇွန် ၂၀**

တောင်အာဖရိကသမ္မတရာမာဖိုဆာသည် သမ္မတရာထူးဒုတိယသက်တမ်းအတွက် ဇွန် ၁၉ ရက်တွင် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

သို့သော် ရာမာဖိုဆာဦးဆောင်သည့် အာဖရိကန်အမျိုးသားကွန်ဂရက်ပါတီ(အေအင်န်စီ)သည် ပြီးခဲ့သည့်လ ရွေးကောက်ပွဲ၌ နှစ်ပေါင်း ၃၀ အတွင်း ပထမဆုံးအကြိမ်အဖြစ် အမတ်နေရာအများစုဖြင့် ရပ်တည်နိုင်စွမ်းဆုံးရှုံးခဲ့ပြီး အခြားပါတီများနှင့် ပူးပေါင်း၍ ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းခဲ့ရကြောင်း သိရသည်။


အေအင်န်စီ ခေါင်းဆောင် ရာမာဖိုဆာသည် ညွန့်ပေါင်းအုပ်စုတွင် ပါဝင်သော ပါတီများ၏ ထောက်ခံမှုဖြင့် တောင်အာဖရိကသမ္မတရာထူးကို ဒုတိယအကြိမ်ဆက်လက်ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

သမ္မတရာထူးဒုတိယသက်တမ်းအတွက် ကျမ်းသစ္စာကျိန်ဆိုပြီးချိန်တွင် သမ္မတ ရာမာဖိုဆာသည် ညွန့်ပေါင်းအစိုးရ အဖွဲ့သစ်ကို ဖွဲ့စည်းပေးရမည်ဖြစ်သည်။

တောင်အာဖရိက သမ္မတရာမာဖိုဆာ၏သမ္မတရာထူးဒုတိယသက်တမ်းကျမ်းသစ္စာကျိန်ပွဲကို ပရီတိုးရီးယားမြို့ရှိ ပြည်ထောင်စုအဆောက်အအုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။

ယင်းအခမ်းအနားသို့ ဆွာဇီနီဘုရင် အမ်ဆွာတီ-၂၊ နိုင်ဂျီးရီးယားသမ္မတ တီနူဘူ၊ ဇင်ဘာဘွေသမ္မတ အမ်မာဆန်အမ်နန်ဂါဂွါအပါအဝင် အာဖရိက ခေါင်းဆောင်များတက်ရောက်ခဲ့ကြကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**



## ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရုရှားသမ္မတပူတင် ရောက်ရှိ



**ဟနွိုင်း ဇွန် ၂၀**

ရုရှားသမ္မတ ပူတင်သည် မြောက်ကိုရီးယားခရီးစဉ် ပြီးဆုံးပြီးနောက် ယနေ့တွင် ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့သို့ ရောက်ရှိခဲ့ရာ ဗီယက်နမ်အစိုးရက အမြောက်၂၁ ချက်ပစ်ဖောက်၍ ကြိုဆိုခဲ့ကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ရုရှားသမ္မတပူတင်ကို ပြီးခဲ့သည့်နှစ်အတွင်း ဗီယက်နမ်သို့လာရောက်ခဲ့ကြသော အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် တရုတ်သမ္မတ ရှီကျင့်ဖျင်တို့ကို ဂုဏ်ပြုကြိုဆိုခဲ့သကဲ့သို့ တစ်ခမ်းတစ်နားကြိုဆိုခဲ့ခြင်းဖြစ်သည်။

ရုရှားသမ္မတ ပူတင်သည် ဟနွိုင်းမြို့သို့ရောက်ရှိခဲ့ပြီးနောက် ဗီယက်နမ်သမ္မတ တိုလမ်းနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် ဗီယက်နမ်သမ္မတ တိုလမ်းက ရုရှားသမ္မတအဖြစ် ထပ်မံရွေးချယ်ခံခဲ့ရမှုအတွက် ရုရှားသမ္မတပူတင်ကို ဂုဏ်ပြုခဲ့ပြီး ပြည်တွင်းတည်ငြိမ်မှုအပါအဝင် ရုရှားနိုင်ငံရရှိထားသည့် အောင်မြင်မှုများကို ချီးကျူးခဲ့သည်။

သမ္မတပူတင်၏ ဗီယက်နမ်ခရီးစဉ်အတွင်း ရုရှားနှင့် ဗီယက်နမ်နိုင်ငံတို့သည် ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍ၊ နျူကလီးယားသိပ္ပံကဏ္ဍနှင့် ပညာရေးကဏ္ဍပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်များအပါအဝင် နှစ်နိုင်ငံသဘောတူညီချက် ၁၁ခုထိ လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ရုရှားနှင့် ဗီယက်နမ်တို့ အနေဖြင့်အင်ဒို-ပစိဖိတ်ဒေသ၌ အားကိုးအားထားပြုနိုင်သည့် ဒေသတွင်းလုံခြုံရေးအခင်းအကျင်းကို တည်ဆောက်ဖန်တီးရန် ဆန္ဒရှိသည်ဟု ရုရှားသမ္မတက ဗီယက်နမ်ခရီးစဉ်အတွင်း ပြောကြားထားကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

## စစ်ရေးအရအပြန်အလှန်ကူညီရေးသဘောတူညီချက် သမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် လက်မှတ်ရေးထိုး

**ပြုံယမ်း ဇွန် ၂၀**

စစ်ဖြစ်နေချိန်တွင် တစ်နိုင်ငံနှင့်တစ်နိုင်ငံ စစ်ရေးအရ အပြန်အလှန်ကူညီရေး ကတိကဝတ်ပါရှိသည့် သဘောတူညီချက်တစ်ရပ်ကို ရုရှားသမ္မတပူတင်နှင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်တို့က ဇွန် ၁၉ ရက်တွင် လက်မှတ်ရေးထိုးခဲ့ကြောင်း သိရသည်။

အဆိုပါ သဘောတူညီချက်၌ မြောက်ကိုရီးယားပင်ဖြစ်စေ၊ ရုရှားနိုင်ငံပင်ဖြစ်စေ စစ်ပွဲနှင့်ရင်ဆိုင်နေရပါက တစ်ဖက်နှင့်တစ်ဖက်စစ်ရေးအကူအညီများ ပေးအပ်ရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားသည်။

ရုရှားနှင့်မြောက်ကိုရီးယားတို့သည် နှစ်နိုင်ငံကြား စစ်ရေးအရ အပြန်အလှန်ကူညီရေးပြဋ္ဌာန်းချက်ကို ရုရှား-မြောက်ကိုရီးယားနှစ်နိုင်ငံ မဟာဗျူဟာမြောက်ဘက်စုံမိတ်ဖက်သဘောတူညီချက်အမည်ရှိ နှစ်နိုင်ငံ သဘောတူညီချက်တွင် ထည့်သွင်းထားခြင်းဖြစ်သည်။

ရုရှားနှင့် မြောက်ကိုရီးယားနှစ်နိုင်ငံမဟာဗျူဟာမြောက်ဘက်စုံမိတ်ဖက် သဘောတူညီချက်တွင် နှစ်နိုင်ငံကြား စစ်ရေးနည်းပညာပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်လည်း ရုရှားနှင့်မြောက်ကိုရီးယားတို့က ကတိပြုထားသည်။

နှစ်နိုင်ငံ စစ်ရေးအရ အပြန်အလှန်ကူညီရေးသဘောတူညီချက်သည် ရုရှားသမ္မတပူတင်၏ ဆိုဗီယက်ခေတ်လွန်ကာလ မြောက်ကိုရီးယားမူဝါဒ အကြီးအကျယ်ပြောင်းလဲခဲ့မှုကို ပြသလျက်ရှိသည်။

ရုရှားသမ္မတ ပူတင်သည် ၂၄ နှစ်တာကာလအတွင်း ပထမဆုံးအကြိမ်အဖြစ် ဇွန် ၁၈ ရက်တွင် မြောက်ကိုရီးယားနိုင်ငံသို့ သွားရောက်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## လာမည့်နှစ်တွင် ဘရစ်အုပ်စု၌ ပါဝင်ခွင့်ရရန် ထိုင်းနိုင်ငံမျှော်လင့်

**ဗန်ကောက် ဇွန် ၂၀**

စီးပွားရေးအင်အားကြီး နိုင်ငံသစ်များ ပါဝင်ဖွဲ့စည်းထားသော ဘရစ်အုပ်စု(ဘီအာရ်အိုင်စီအက်စ်)၌ လာမည့်နှစ်တွင် အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအဖြစ် ပါဝင်ခွင့်ရရန် ထိုင်းနိုင်ငံကမျှော်လင့်ထားကြောင်း ယနေ့သတင်းများတွင် ရေးသားဖော်ပြထားသည်။

လာမည့်နှစ် အောက်တိုဘာလတွင် ရုရှားနိုင်ငံ၌ ကျင်းပမည့် ဘရစ်အုပ်စုထိပ်သီးညီလာခံတွင် အဖွဲ့ဝင်နိုင်ငံသစ်အနေဖြင့် ပါဝင်နိုင်ရန် ထိုင်းနိုင်ငံက မျှော်လင့်ထားကြောင်း ထိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ယနေ့တွင် ထုတ်ဖော်ပြောကြားထားကြောင်း သိရသည်။

ရုရှား၌ကျင်းပမည့် ဘရစ်အုပ်စုထိပ်သီးညီလာခံတွင် အဖွဲ့ဝင်သစ်အဖြစ် ထိုင်းနိုင်ငံပါဝင်ရေးအတွက် အပြုသဘောဆောင်သည့်တုံ့ပြန်မှု လက်ခံရရှိလိမ့်မည်ဟု ထိုင်းအစိုးရတာဝန်ရှိသူများက ယုံကြည်ထားသည်။

ဘရစ်အုပ်စုသည် မူလက ဘရာဇီး၊ ရုရှား၊ အိန္ဒိယ၊ တရုတ်၊ တောင်အာဖရိက နိုင်ငံတို့ဖြင့် ဖွဲ့စည်းထားသည့်အုပ်စုဖြစ်သည်။

သို့သော် ဘရစ်အုပ်စုသည် ပြီးခဲ့သည့်နှစ်အတွင်း အဖွဲ့ဝင်နိုင်ငံအင်အားထပ်တိုးခဲ့ရာ ဆော်ဒီအာရေဗျ၊ အီရန်၊ အီသီယိုးပီးယား၊ အီဂျစ်၊ အာရပ်စော်ဘွားများပြည်ထောင်စု(ယူအေအီး)တို့ အဖွဲ့ဝင်သစ်များအဖြစ် ထပ်မံပါဝင်လာခဲ့သည်။

ထို့ပြင် အခြားကမ္ဘာ့နိုင်ငံပေါင်း ၄၀ ကျော်တို့ကလည်း ဘရစ်အုပ်စုတွင် အဖွဲ့ဝင်များအဖြစ် ပါဝင်ရေးအတွက် စိတ်ဝင်စားနေကြောင်း သိရသည်။

**Ref : RT**
**Trs : KKO**

## အိန္ဒိယ၌ တရားမဝင်ချက်အရက်များသောက်သုံးပြီးနောက် အနည်းဆုံး လူပေါင်း ၃၄ ဦး သေဆုံးခဲ့

**ဒေလီ ဇွန် ၂၀**

အိန္ဒိယနိုင်ငံတောင်ပိုင်း တမီလ်နာဒူးပြည်နယ်၌ တရားမဝင် ချက်အရက်များ သောက်သုံးပြီးနောက် အနည်းဆုံး လူပေါင်း ၃၄ ဦးသေဆုံးခဲ့ရကြောင်း အိန္ဒိယတာဝန်ရှိသူများက ပြောကြားခဲ့သည်။



မက်သနောများထည့်သွင်းထားသည့် ချက်အရက်များသောက်သုံးပြီးနောက် ကယ်လာကူရီချီအမည်ရှိ ခရိုင်တစ်ခု၌ ဇွန် ၁၉ရက်မှစ၍ လူပေါင်း ၁၀၀ကျော်မှာ ပျို့အန်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းစသည့် ပြဿနာများ ခံစားခဲ့ရကြောင်း အိန္ဒိယမီဒီယာများက သတင်းထုတ်ပြန်ထားသည်။

၄င်းလူပေါင်း ၁၀၀ ကျော်အနက် ၃၄ ဦးသေဆုံးခဲ့ရပြီး ဦးရေ ၆၀ ကျော်တို့မှာ ဆေးရုံများ၌ ဆေးဝါးကုသမှုများခံယူနေကြရဆဲဖြစ်ကြောင်း သိရသည်။

ဆေးဝါးကုသမှု ခံယူနေရသူများထဲတွင် အခြေအနေစိုးရိမ်ရသူများရှိနေမှုကြောင့် သေဆုံးသူအရေအတွက် ထပ်တိုးလာနိုင်ကြောင်း တမီလ်နာဒူးပြည်နယ် တာဝန်ရှိသူများက ပြောကြားခဲ့သည်။


အစိုးရ ခွင့်ပြုချက်ရဆိုင်များမှ လိုင်စင်ရ အမှတ်တံဆိပ်အရက်များကို ဆင်းရဲသားများဝယ်ယူရန် မတတ်နိုင်သည့် အိန္ဒိယနိုင်ငံ၌ တရားမဝင် ချက်အရက်များကြောင့် လူသေဆုံးမှုများမကြာခဏ ဖြစ်ပွားတတ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ်တွင် အိန္ဒိယ မြောက်ပိုင်း ဂူဂျာရတ်ပြည်နယ်၌ တရားမဝင် ချက်အရက်များ သောက်သုံးပြီးနောက် အနည်းဆုံး ဦးရေ ၁၂၀ သေဆုံးခဲ့ရကြောင်း သိရသည်။

**Ref : Xinhua**
**Trs : KKO**

# SCIENCE AND TECHNOLOGY

## အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ အသံလှိုင်းများ၏အမြန်နှုန်းမှာ အမြဲမပြတ်ပြောင်းလဲနေ



**ဝါရှင်တန် ဇွန် ၂၀**

အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ အသံလှိုင်းများ၏ အမြန်နှုန်းမှာ အမြဲမပြတ် ပြောင်းလဲနေကြောင်း သိပ္ပံပညာရှင်များက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

အမေရိကန်နှင့် ပြင်သစ် သိပ္ပံပညာရှင်များသည် အင်္ဂါဂြိုဟ်၏ အချိန်ကာလအမျိုးမျိုးနှင့် နေရာအမျိုးမျိုးရှိ အသံလှိုင်းများ၏သဘာဝကို စူးစမ်းလေ့လာခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ အင်္ဂါဂြိုဟ်ပေါ်၌ အသံလှိုင်းများ၏အမြန်နှုန်းသည် အချိန်နှင့်နေရာကိုလိုက်၍ အမြဲမပြတ်ပြောင်းလဲနေပြီး အမြန်နှုန်းကုန်ဆုံးချိန်မှာလည်း တူညီမှုမရှိကြောင်း သိပ္ပံပညာရှင်များက ဖော်ထုတ်တွေ့ရှိခဲ့သည်။

ဥပမာအားဖြင့် အင်္ဂါဂြိုဟ်ပေါ်၌ ဟက်ဇ် ၂၄၀ အောက်ရှိသည့် အသံများသည် တစ်စက္ကန့်လျှင် ၁၀ မီတာထိသာအမြန်နှုန်းရှိရာ ဟက်ဇ် ၂၄၀ အထက် အသံများထက် ပို၍ နှေးကွေးကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကြိမ်နှုန်းနိမ့်သည့်အသံများ၏ စွမ်းအင်တချို့ကို အင်္ဂါဂြိုဟ်လေထုလွှာအတွင်းရှိ ကာဗွန်ဒိုင်အောက်ဆိုက် မော်လီကျူးများက စုပ်ယူထားခြင်းကြောင့် အသံလှိုင်းများ၏ အမြန်နှုန်း ပြောင်းလဲနေရခြင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

အင်္ဂါဂြိုဟ်လေထုလွှာ၏ ၉၅ ရာခိုင်နှုန်းကို ကာဗွန်ဒိုင်အောက်ဆိုက်မော်လီကျူးများဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**

## နဂါးငွေ့တန်းကြယ်စု၏ ဗဟိုချက်၌ အမျိုးအမည်မသိ ထူးဆန်းသောအရာတစ်ခုကို သိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဇွန် ၂၀**

နဂါးငွေ့တန်းကြယ်စု၏ ဗဟိုချက်၌ အမျိုးအမည်မသိ ထူးဆန်းသောအရာတစ်ခုကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိထားကြောင်း ဇွန် ၁၉ ရက် သတင်းများအရ သိရသည်။


Go-02467-0.0727 ဟူ၍ အမည်ပေးထားသည့် အဆိုပါအရာဝတ္ထုကို အမေရိကန်သိပ္ပံပညာရှင်များက ချီလီနိုင်ငံအခြေစိုက် အယ်လ်မာ ရေဒီယိုတယ်လီစကုပ်၏ အကူအညီဖြင့် ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါအရာဝတ္ထုသည် ဖုန်မှုန့်များ၊ ရွေ့လျားမှုမြန်ဆန်သည့်ဓာတ်ငွေ့မော်လီကျူးများဖြင့် ဖွဲ့စည်းထားပြီး မိုက်ခရိုဝေ့ဗ်လှိုင်းများကို ထုတ်လွှင့်နေကြောင်း အမေရိကန်သိပ္ပံပညာရှင်များက ပြောကြားသည်။

လက်ရှိအချိန်တွင် အဆိုပါအရာဝတ္ထုမှာ မည်သည့်အရာမျိုးဖြစ်သည်ကို အမေရိကန်သိပ္ပံပညာရှင်များက စူးစမ်းနေကြဆဲဖြစ်ကြောင်း သိရသည်။

Go-02467-0.0727 အရာဝတ္ထုသည် အာကာသဟင်းလင်းပြင်အတွင်း ပုံမှန်တွေ့ရှိနေကျ အရာဝတ္ထုများနှင့်တူညီမှုမရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ အာကာသအရာဝတ္ထု၌ ပါဝင်ဖွဲ့စည်းထားသောဓာတ်ငွေ့မော်လီကျူးများသည် တစ်နာရီလျှင် မိုင်ပေါင်း ၁၁၂၀၀၀ မိုင်နှုန်းဖြင့် ရွေ့လျားနေကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။





**Ref : Xinhua News**
**Trs : KKO**

## တိုက်တန်ဂြိုဟ်ရံလမျက်နှာပြင်ပေါ်ရှိ မီသိန်းရေကန်များနှင့် ပင်လယ်များ၏ကမ်းရိုးတန်းများကို ရေလှိုင်းကြီးများ ရိုက်ခတ်နေနိုင်ဖွယ်ရှိ

**ဝါရှင်တန် ဇွန် ၂၀**

စနေဂြိုဟ်၏ တိုက်တန်ဂြိုဟ်ရံလမျက်နှာပြင်ပေါ်ရှိ မီသိန်းရေကန်များနှင့် ပင်လယ်များ၏ ကမ်းရိုးတန်းများကို ရေလှိုင်းကြီးများရိုက်ခတ်နေနိုင်ဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။



အမေရိကန်နိုင်ငံ မက်ဆာချူးဆက်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ တိုက်တန်ဂြိုဟ်ရံလ ရေအိုင်များနှင့် ပင်လယ်များ၏ ကမ်းရိုးတန်းများကို ရေလှိုင်းများက ရိုက်ခတ်နေဖွယ်ရှိကြောင်း သိရသည်။

ထို့ပြင် လှိုင်းများကြောင့်လည်း တိုက်တန်ဂြိုဟ်ရံလ ရေအိုင်များနှင့် ပင်လယ်များ၏ကမ်းခြေများကို တိုက်စား ပုံဖော်နေဖွယ်ရှိသည်။

တိုက်တန်ဂြိုဟ်ရံလ မီသိန်းရေအိုင်များနှင့်ပင်လယ်များအတွင်း လှိုင်းလုံးများထနေမှုကို အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ကတ်ဆီနီအာကာသယာဉ်က ၂၀၀၇ ခုနှစ်တွင် အတည်ပြုပေးခဲ့သည်။

အရွယ်အစားအားဖြင့် အချင်းမိုင် ၃၂၀၀ ရှိသော တိုက်တန်ဂြိုဟ်ရံလသည် စနေဂြိုဟ်၏ ဒုတိယအကြီးဆုံးဂြိုဟ်ရံလဖြစ်သကဲ့သို့ နေအဖွဲ့အစည်း၏ ဒုတိယအကြီးဆုံးဂြိုဟ်ရံလလည်းဖြစ်ကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

# HEALTH

## သွေးစစ်နည်းတစ်မျိုးက ပါကင်ဆန်ရောဂါကို ရောဂါလက္ခဏာများမပေါ်မီ ခုနစ်နှစ်ခန့်အလိုတွင် စစ်ဆေးဖော်ထုတ်နိုင်

**လန်ဒန် ဇွန် ၂၀**

သွေးစစ်နည်းပုံစံတစ်မျိုးသည် ပါကင်ဆန်ရောဂါကို ရောဂါလက္ခဏာများမပေါ်မီ ခုနစ်နှစ်ခန့်အလိုမှာပင် စစ်ဆေးဖော်ထုတ်ပေးနိုင်ဖွယ်ရှိကြောင်း ဇွန် ၁၉ ရက် သတင်းများအရ သိရသည်။

စမ်းသပ်မှုမှ ပေါ်ထွက်လာသည့်ရလဒ်များအရ အဆိုပါသွေးစစ်နည်းသည် နောက်ပိုင်းတွင် ပါကင်ဆန်ရောဂါ ဖြစ်ပွားခဲ့သည့် လူနာ ၁၆ ဦးတို့၌ ပါကင်ဆန်ရောဂါဖြစ်ပွားနိုင်ခြေ မြင့်မားနေမှုကို မှန်ကန်စွာ ခန့်မှန်းပေးနိုင်ခဲ့ကြောင်း ဗြိတိန်နိုင်ငံ လန်ဒန်ကောလိပ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

အဆိုပါသွေးစစ်နည်း၏ ထိရောက်မှုကို အတည်ပြုနိုင်ခဲ့ပါက ၎င်းသွေးစစ်နည်းသည် ပါကင်ဆန်ရောဂါဖြစ်ပွားမှုကို ကာကွယ်ရေးအတွက် အထောက်အကူပြုနိုင်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

ပါကင်ဆန်ရောဂါသည် ကိုယ်ခန္ဓာလှုပ်ရှားမှုကို ထိန်းချုပ်ပေးသည့် ဦးနှောက်အာရုံနှဉ်ဆဲလ်များ သေဆုံးချိန်တွင် ဖြစ်ပွားတတ်သည့် အာရုံနှဉ်ဆဲလ်ရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

ဗြိတိန်သုတေသနပညာရှင်များ၏ သွေးစစ်နည်းသည် သွေးအတွင်းရှိ ဇီဝလက္ခဏာခြောက်မျိုးကို ရှာဖွေစစ်ဆေး၍ ပါကင်ဆန်ရောဂါဖြစ်နိုင်ခြေမြင့်မားမှု ရှိ၊ မရှိကို ဖော်ထုတ်ပေးကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဗြိတိန်သုတေသန ပညာရှင်များသည် အထက်ပါသွေးစစ်နည်းကို လက်တွေ့စမ်းသပ်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆက်လက်ပြုလုပ်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**

## စိတ်ကျဝေဒနာကို အမျိုးအစားခြောက်မျိုးထိ ခွဲခြားနိုင်

**နယူးယောက် ဇွန် ၂၀**

ဦးနှောက်ဓာတ်မှန် လေ့လာချက်ရလဒ်များအရ စိတ်ကျဝေဒနာကို အမျိုးအစား ခြောက်မျိုးထိ ခွဲခြားနိုင်ကြောင်း သုတေသနပညာရှင်များက ဇွန် ၁၉ ရက်တွင် ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာလူနာများ၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာခဲ့ကြရာ စိတ်ကျဝေဒနာကို ဇီဝဗေဒသဘောအရ ခြောက်မျိုးထိ ခွဲခြားနိုင်ကြောင်း သိရသည်။

အထက်ပါ တွေ့ရှိချက်ကြောင့် စိတ်ကျဝေဒနာလူနာများအတွက် အသုံးပြုနေသည့် ကုထုံးများ၏ အာနိသင်ကို မြှင့်တင်ပေးလာနိုင်ကြောင်း အမေရိကန်သုတေသနပညာရှင်များက သုံးသပ်ထားသည်။

တစ်ချိန်တည်းမှာပင် အမေရိကန် သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာအမျိုးအစား ခြောက်မျိုးအနက် သုံးမျိုးအတွက် အကောင်းဆုံး ကုထုံးဖြစ်လာနိုင်သော ကုထုံးများကို ရွေးထုတ်ထားနိုင်ကြောင်း သိရသည်။

စိတ်ကျဝေဒနာ လူနာများအနက် ၃၀ ရာခိုင်နှုန်းမှာ ဆေးဝါးကုထုံးများနှင့် စကားပြောဆွေးနွေးမှုကုထုံးများကို တုံ့ပြန်မှုမရှိတတ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် စိတ်ကျဝေဒနာ ၈၀၁ ဦးတို့၏ ဦးနှောက်ဓာတ်မှန်များကို လေ့လာပြီးနောက် ၎င်းတို့၏တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



## နိုင်ငံတကာ အားကစားသတင်းများ

# ချယ်လ်ဆီးကစားသမား မာအက်ဆန်ကိုခေါ်ယူရန် အေဗီလာအသင်း သဘောတူညီမှုရရှိ

**လန်ဒန် ဇွန် ၂၀**

အေဗီလာအသင်းသည် ချယ်လ်ဆီးအသင်းခံစစ်ကစားသမား မာအက်ဆန်ကို ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၇ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

အသက် ၂၂ နှစ်ရှိ ခံစစ်ကစားသမား မာအက်ဆန်သည်ပြီးခဲ့သည့် ဘောလုံးရာသီက ဒေါ့မွန်အသင်း၌ အငှားကစားခဲ့ရာ အသင်းနှင့်အတူ ဘွန်ဒက်စ်လီဂါ ၁၆ ပွဲပါဝင်ခွင့်ရခဲ့သည့်အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲများတွင်လည်း အသင်းအတွက် အဓိကကစားသမားအဖြစ်ပါဝင်ခဲ့ပြီး ဒေါ့မွန်အသင်းကို ဗိုလ်လုပွဲစဉ်ထိရောက်ရှိအောင်ကူညီပေးနိုင်ခဲ့သည်။

ဒေါ့မွန်အသင်းသည် မာအက်ဆန်၏ခြေစွမ်းပိုင်းကို နှစ်သက်မှုကြောင့် ဇွန် ၆ ရက်က အပြီးသတ်ခေါ်ယူရန် ချယ်လ်ဆီးအသင်းနှင့် ဆွေးနွေးခဲ့ရာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၅ သန်းထိပေးချေရမည်ကိုအခက်တွေ့ခဲ့ပြီး အဆိုပါပြောင်းရွှေ့ကြေးမှာ မြင့်မားနေသည်ဟု ယုံကြည်ခဲ့သောကြောင့် အပြောင်းအရွှေ့မဖြစ်မြောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အေဗီလာအသင်းက မာအက်ဆန်ကိုခေါ်ယူရန် အမြန်ဆုံးချဉ်းကပ်ခဲ့ပြီး ချယ်လ်ဆီးအသင်းက သတ်မှတ်ထားသည့် ပြောင်းရွှေ့ကြေးထက် အနည်းငယ်တိုးမြှင့်ကာ ပြောင်းရွှေ့ကြေး စတာလင်ပေါင် ၃၇ ဒသမ ၅ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရယူနိုင်ခဲ့ပြီး အေဗီလာအသင်းက ခြောက်နှစ်သက်တမ်းရှိသည့် ကာလရှည်စာချုပ်ချုပ်ဆိုရန်ပြင်ဆင်နေသကဲ့သို့ လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**



## အားကစားသတင်းအတိုအထွာများ

- ပဲလေ့စ်အသင်းက ချယ်လ်ဆီးအသင်းနှင့် ပရီးမီးယားလိဂ်ထိပ်သီးကလပ်များက စိတ်ဝင်စားနေသည့် တောင်ပံကစားသမား အိုလီဆီကို လုပ်ခလစာတိုးမြှင့်၍ သက်တမ်းတိုးရန် ကြိုးပမ်းနေပြီး စာချုပ်ဖျက်သိမ်းကြေးကိုလည်း ထပ်မံတိုးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။
- ယူရိုပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် ပွဲထွက်ခွင့်ရရှိခဲ့သည့် ဂိုးသမား ပစ်ဖို့ဒ်သည် အဓိကပြိုင်ပွဲများတွင် ပွဲထွက်ခွင့်အများဆုံးရသည့် ဂိုးသမားအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း သိရသည်။
- ပြင်သစ်အသင်းနည်းပြ ဒက်ချမ့်က နယ်သာလန်အသင်းနှင့် ပွဲစဉ်တွင် တိုက်စစ်မှူး အမ်ဘာပီကို မျက်နှာဖုံးဝတ်ဆင်၍ ပါဝင်ကစားရန်မျှော်လင့်ထားကြောင်း ပြောကြားခဲ့သည်။
- လက်စတာအသင်းက နည်းပြမာရက်စ်ကာနေရာတွင် နည်းပြစတိဗ်ကူးပါးနှင့်အစားထိုးခဲ့ကြောင်း တရားဝင်ထုတ်ပြန်ခဲ့သည်။

**ML**

# ဟန်ဂေရီကိုအနိုင်ယူ၍ အိမ်ရှင်ဂျာမနီအသင်း အုပ်စုအဆင့်မှတက်ရောက်



**ဘာလင် ဇွန် ၂၀**

ယူရိုပြိုင်ပွဲ အုပ်စု(A) ဒုတိယပွဲစဉ်တွင် အိမ်ရှင်ဂျာမနီအသင်းက ဟန်ဂေရီအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သောကြောင့် နှစ်ပွဲကစားပြီး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုအဆင့်မှ အစောဆုံးတက်ရောက်နိုင်ခဲ့ကြောင်း သိရသည်။

ဂျာမနီအသင်းသည် အုပ်စုအဖွင့်ပွဲစဉ်တွင် စကော့တလန်အသင်းကို ငါးဂိုး တစ်ဂိုးဖြင့်အနိုင်ရခဲ့သည့်အပြင် ယခုပွဲစဉ်တွင်လည်း ဟန်ဂေရီအသင်းကို နှစ်ဂိုးပြတ်ဖြင့်အနိုင်ရခဲ့ပြီး နှစ်ပွဲကစားရမှတ် ခြောက်မှတ်ဖြင့် အုပ်စုအဆင့်မှ ကျော်ဖြတ်နိုင်ခဲ့သည်။

အဆိုပါပွဲစဉ်တွင် ဂျာမနီအသင်းသည် အဖွင့်ပွဲစဉ်က ပွဲထွက်ကစားသမားစာရင်းကို အပြောင်းအလဲမလုပ်ဘဲ ပွဲထွက်လာခဲ့ရာ ပွဲစကတည်းက ဟန်ဂေရီအသင်းကို ဘောလုံးပိုင်ဆိုင်မှု အသာဖြင့်ထိန်းချုပ်ကစားနိုင်ခဲ့သောကြောင့် ပွဲချိန် ၂၂ မိနစ်တွင် တောင်ပံကစားသမား မူစီအာလာက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

ဒုတိယပိုင်းတွင် ဂျာမနီအသင်းက ပြိုင်ပွဲကိုဆက်လက်ထိန်းချုပ်နိုင်ခဲ့ပြီး ပွဲချိန် ၅၈ မိနစ်တွင် လူစားလဲမှုပြုလုပ်ခဲ့ရာ ကစားအားဖြင့်တက်လာသောကြောင့် ဟန်ဂေရီအသင်း ချေပဂိုးရရှိရေးအခက်တွေ့ခဲ့ပြီး ပွဲချိန် ၆၇ မိနစ်တွင် ဂန်ဒိုဂန်က ဂျာမနီအသင်းအတွက် ဒုတိယဦးဆောင်ဂိုးသွင်းနိုင်ခဲ့ဖြင့် နှစ်ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိခဲ့သည်။

အုပ်စု(A)တွင် နှစ်ပွဲကစားအပြီး ဂျာမနီအသင်းက နှစ်ပွဲနိုင်ရမှတ်ခြောက်မှတ်ဖြင့် အဆင့်(၁)၊ ဆွစ်ဇာလန်အသင်းက တစ်ပွဲနိုင်၊ တစ်ပွဲသရေဖြင့် အဆင့်(၂)၊ စကော့တလန်အသင်းက တစ်ပွဲသရေ၊ တစ်ပွဲရှုံးဖြင့် အဆင့်(၃)၊ ဟန်ဂေရီအသင်းက နှစ်ပွဲရှုံးရမှတ်မရှိသေးဘဲ အဆင့်(၄)တွင် ရောက်ရှိခဲ့ကြောင်း သိရသည်။

**Ref : Sputnik**
**Trs : ML**

# ဗလင်စီယာအသင်းက နည်းပြဘာရာဂျာကို ၂၀၂၆ ခုနှစ်ထိ သက်တမ်းတိုးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြောင်း ကြေညာ

**မက်ဒရစ် ဇွန် ၂၀**

ဗလင်စီယာ အသင်းသည် လာလီဂါအပြောင်းအရွှေ့ဖွင့်လှစ်ရန် ၁၂ ရက်ကျန်ရှိနေသော်လည်း ကြိုတင်ပြင်ဆင်မှုများပြုလုပ်နိုင်ရန်အတွက် ပြီးခဲ့သည့်ရက်သတ္တပတ်က သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့သည့် နည်းပြ ဘာရာဂျာနှင့် ယနေ့တွင် အတည်ပြုလက်မှတ်ရေးထိုးခဲ့ကြောင်း ကြေညာခဲ့သည်။

ဗလင်စီယာအသင်းသည် နည်းပြဘာရာဂျာနှင့် ၂၀၂၅ ခုနှစ်မှစာချုပ်ကုန်ဆုံးမည်ဖြစ်သော်လည်း အသင်းတာဝန်ရှိသူများက ဘာရာဂျာနှင့်ကျန်ရှိနေသည့်အနာဂတ်စီမံကိန်းများဆက်လက်ပြုလုပ်နိုင်ရန် အတွက် ၂၀၂၆ ခုနှစ်ထိ တစ်နှစ်သက်တမ်းတိုးခဲ့ပြီး စာချုပ်ချုပ်ဆိုခဲ့ခြင်းဖြစ်သည်။

နည်းပြဘာရာဂျာသည် ဗလင်စီယာအသင်းနှင့် လက်တွဲခဲ့သည့် ၁၅ လအတွင်း ပြိုင်ပွဲစုံ ၅၉ ပွဲတွင် ၂၂ ပွဲနိုင်၊ ၁၄ ပွဲသရေ၊ ၂၃ ပွဲ ရှုံးရလဒ်ရရှိအောင်စွမ်းဆောင်နိုင်ခဲ့ပြီး အမှတ်ပေးပြိုင်ပွဲတွင်လည်းအသင်းကို ရမှတ် ၄၉ မှတ်ဖြင့် အဆင့်(၉)နေရာတွင် ရပ်တည်ခွင့်ရရှိအောင် အကောင်းဆုံး ကြိုးကြပ်နိုင်ခဲ့သောကြောင့်အသင်းဘုတ်အဖွဲ့၏ယုံကြည်မှုကို ဆက်လက်ရရှိခဲ့သည်။

နည်းပြဘာရာဂျာနှင့် နည်းပြအဖွဲ့သည် ဗလင်စီယာအသင်းကို ပြိုင်ပွဲဝင်စိတ်ဓာတ်များ ကောင်းမွန်လာအောင်တည်ဆောက်နိုင်ခဲ့သည့်အပြင် ကစားသမားများအပေါ် လွှမ်းမိုးနိုင်မှုတို့ကြောင့် စွမ်းဆောင်ရည်ပိုင်းတိုးတက်လာအောင်ပြုလုပ်နိုင်ခဲ့သည်။

ဘာရာဂျာသည် ဗလင်စီယာအသင်းကစားသမားဟောင်းတစ်ဦးဖြစ်ပြီး အသင်းတွင်ကစားခဲ့စဉ်က လာလီဂါဆုဖလား နှစ်ကြိမ်၊ ယူအီးအက်ဖ်အေဖလားတစ်ကြိမ်၊ ဥရောပစူပါဖလားတစ်ကြိမ်၊ ကိုပါဒယ်ရေးဖလားတစ်ကြိမ် ဆွတ်ခူးနိုင်ခဲ့ပြီး ကစားသမားဘဝအောင်မြင်မှုရရှိခဲ့သူဖြစ်သကဲ့သို့ နည်းပြဘဝတွင်လည်း အသင်းကို အကောင်းဆုံးဦးဆောင်၍ ခြေစွမ်းပိုင်းတိုးတက်လာအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ref : RT**
**Trs : ML**

# ခံစစ်ကစားသမား တီယာနေး တံကောက်ကြောဒဏ်ရာကြောင့် လာမည့်ပွဲစဉ်ကိုလွဲချော်မည်ဟု စကော့တလန်အသင်း ထုတ်ပြန်

**အီဒင်ဘာ့ဂ် ဇွန် ၂၀**

စကော့တလန်အသင်းနှင့် ဆွစ်ဇာလန်အသင်းတို့ ကစားခဲ့သည့် ယူရိုပြိုင်ပွဲအုပ်စုပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း စကော့တလန်ခံစစ်ကစားသမား တီယာနေးအနေဖြင့် တံကောက်ကြော ဒဏ်ရာရရှိခဲ့ပြီး ဟန်ဂေရီအသင်းနှင့် ကစားရမည့် နောက်ဆုံးပွဲစဉ်ကိုလွဲချော်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် စကော့တလန်အသင်းသည် အုပ်စုမှကျော်ဖြတ်နိုင်ရေးအတွက် အကောင်းဆုံးပြင်ဆင်ခဲ့ရာ ပွဲချိန် ၁၃ မိနစ်တွင် တွန်မီနေး၏ သွင်းဂိုးဖြင့် ပြိုင်ပွဲကိုဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန် ၂၆ မိနစ်တွင် ရှကွီရီက ဆွစ်ဇာလန်အသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သောကြောင့် သရေရလဒ်ဖြင့် ပထမပိုင်းပြီးဆုံးခဲ့ပြီး ဒုတိယပိုင်းတွင် နှစ်သင်းစလုံးနိုင်ပွဲရရှိရေးကြိုးပမ်းခဲ့သော်လည်း ပွဲချိန် ၆၁ မိနစ်တွင် ခံစစ်ကစားသမား တီယာနေး ဒဏ်ရာရရှိခဲ့သောကြောင့် မက်ကန်နာနှင့်လူစားလဲခဲ့ရပြီးနောက် စကော့တလန်အသင်း တိုက်စစ်ကစားအားကျဆင်းသွားခဲ့သဖြင့် လက်ကျန်ပွဲချိန်များတွင် ဆွစ်ဇာလန်အသင်း၏ ဖိအားပေးမှုကိုခံခဲ့ရသော်လည်း ပထမပိုင်းရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့သည်။



လက်ရှိတွင် စကော့တလန်အသင်းက တီယာနေး၏တံကောက်ကြောဒဏ်ရာကို လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်နေသော်လည်း ဒဏ်ရာအခြေအနေမှာ ဇွန် ၂၄ ရက်တွင် ဟန်ဂေရီအသင်းနှင့် ကစားရမည့် အုပ်စုနောက်ဆုံးပွဲစဉ်ကို လွဲချော်မည်ဟု အတည်ပြုထုတ်ပြန်ခဲ့သည်။

ဆွစ်ဇာလန်နှင့် ပွဲစဉ်တွင် စကော့တလန်အသင်းသည် ရမှတ်တစ်မှတ် ရယူနိုင်ခဲ့သောကြောင့် အုပ်စုမှကျော်ဖြတ်နိုင်ရန် အခွင့်အရေးများရှိနေဆဲဖြစ်ပြီးနောက်ဆုံးပွဲစဉ်တွင် ဟန်ဂေရီကို ဂိုးပြတ်အနိုင်ရခဲ့ပါက ရှုံးထွက်အဆင့်သို့ တက်ရောက်ရန် သေချာလျက်ရှိကြောင်း သိရသည်။

**Ref : Xinhua**
**Trs : ML**

# ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားများထုတ်ပြန်

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပမည့် ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်ဇယားများကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ပြီး ဇူလိုင် ၆ ရက်မှစတင်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကို ရန်ကုန်မြို့တွင်သာ ကျင်းပခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲကို ရန်ကုန်မြို့အပြင် တောင်ကြီးမြို့၊ ပုသိမ်မြို့တို့တွင်လည်း ကျင်းပသွားမည်ဖြစ်သည်။




၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်းများအဖြစ် လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်း၊ ရန်ကုန်ယူနိုက်တက်အသင်း၊ ရခိုင်ယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်း၊ သစ္စာအားမာန်အသင်း၊ ရွှေဝတီ ယူနိုက်တက်အသင်း၊ ရတနာပုံအက်ဖ်စီအသင်း၊ မြဝတီအက်ဖ်စီအသင်း၊ ဟံသာဝတီယူနိုက်တက်အသင်း၊ ဒဂုံပေါ့အသင်း၊ ISPEအသင်းနှင့် မဟာယူနိုက်တက်အသင်းစသည့် ၁၂ သင်းဖြင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ကျော့ကစားသည့်စနစ်ဖြင့် ကျင်းပသွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲကို ဇူလိုင် ၆ ရက်မှစတင်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၆ ရက်ထိ ကျင်းပသွားမည်ဖြစ်ပြီး လက်ရွေးစင်အသင်း၏ နိုင်ငံတကာပွဲစဉ်များရှိပါက ပွဲစဉ်အချို့ကို ရွှေ့ဆိုင်းကျင်းပမည်ဖြစ်ပြီး ပွဲစဉ်ရွှေ့ဆိုင်းမည့်အစီအစဉ်ကို မြန်မာနေရှင်နယ်လိဂ်ကော်မတီက သက်ဆိုင်ရာကလပ်အသင်းများနှင့် ညှိနှိုင်းပေးသွားမည်ဖြစ်သည်။

၂၀၂၄-၂၀၂၅ ဘောလုံးရာသီ မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁)အဖြစ် ဇူလိုင် ၆ ရက်တွင် ရန်ကုန်ယူနိုက်တက်အသင်းနှင့်ရခိုင်ယူနိုက်တက်အသင်း၊ ဒဂုံစတားအသင်းနှင့် သစ္စာအားမာန်အသင်း၊ ဇူလိုင် ၇ ရက်တွင် ရွှေဝတီယူနိုက်တက်အသင်းနှင့် ရတနာပုံအက်ဖ်စီအသင်း၊ရှမ်းယူနိုက်တက်အသင်းနှင့် မြဝတီအက်ဖ်စီအသင်း၊ ဟံသာဝတီယူနိုက်တက်အသင်းနှင့် ဒဂုံပေါ့အသင်း၊ ဇူလိုင် ၈ ရက်တွင် ISPE အသင်းနှင့် မဟာယူနိုက်တက်အသင်းတို့ ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ဖိတ်ခေါ်ပွဲစဉ်တွင် အက်ရှ်လိုက်ဘာတီ ပါဝင်ကစားမည်

**လန်ဒန် ဇွန် ၂၀**

တင်းနစ်လောကမှ အနားယူထားသည့် ကမ္ဘာ့အဆင့်(၁) တင်းနစ်မယ်ဟောင်း သြစတြေးလျ တင်းနစ်မယ် အက်ရှ်လိုက်ဘာတီသည် အင်္ဂလန်နိုင်ငံ၌ကျင်းပမည့် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ၏ ဖိတ်ခေါ်ပွဲစဉ်တွင် ပါဝင်ကစားမည်ဟု ယနေ့တွင် ထုတ်ပြန်ကြေညာခဲ့ကြောင်း သိရသည်။

အက်ရှ်လိုက်ဘာတီသည် ၂၀၂၂ ခုနှစ်တွင် သြစတြေးလျအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ပြီးနောက် တင်းနစ်လောကမှ ရုတ်တရက်အနားယူခဲ့သူဖြစ်ပြီး ဂေါက်သီးရိုက်လောကသို့ ကူးပြောင်းရန် စီစဉ်ခဲ့သည်။

အက်ရှ်လိုက်ဘာတီသည် သြစတြေးလျတင်းနစ်ပြိုင်ပွဲ၌ ၄၄ နှစ်တာကာလအတွင်းချန်ပီယံဆုကိုဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသြစတြေးလျကစားသမားအဖြစ် မှတ်တမ်းဝင်ခဲ့သူဖြစ်ပြီး ၂၀၂၁ ခုနှစ်၌ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် တင်းနစ်မယ်တစ်ဦးလည်းဖြစ်ကာ ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲအနေဖြင့် ဖိတ်ခေါ်ပြိုင်ပွဲနှစ်ယောက်တွဲပွဲစဉ်တွင် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲ ကျင်းပရေးကော်မတီက ထုတ်ပြန်ခဲ့သည်။

တင်းနစ်လောကမှ အနားယူခဲ့ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ်တင်းနစ်ပြန်ကစားမည့်အခြေအနေနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားနေကြောင်း အက်ရှ်လိုက်ဘာတီက ပြောကြားခဲ့သည်။

၎င်းသည် ဝင်ဘယ်ဒန်တင်းနစ်ပြိုင်ပွဲကျင်းပရေးကော်မတီ၏ ဖိတ်ကြားမှုကို လက်ခံပေးခဲ့သည့်အတွက် ဂုဏ်ယူကြောင်းကိုထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အက်ရှ်လိုက်ဘာတီသည် နှစ်ယောက်တွဲ ဖိတ်ကြားပွဲစဉ်တွင် သြစတြေးလျတင်းနစ်ကစားသမားတစ်ဦးဖြစ်သည့် နစ်ကိုင်ဂျီအို့စ်နှင့် တွဲဖက်ကာ ယှဉ်ပြိုင်ကစားမည်ဖြစ်ကြောင်း သိရသည်။

**Ref : RT**
**Trs : AZL**



# MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုအဖွင့်ပွဲစဉ်များကို ဇွန် ၂၂ ရက်တွင် ကျင်းပမည်

**ရန်ကုန် ဇွန် ၂၀**

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့်သဲသောင်ပြင်ကော်မတီက ကြီးမှူးကျင်းပမည့် MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားနှင့် အုပ်စုအဖွင့်ပွဲစဉ်များကို ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် MFF Futsal Stadium ၌ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇွန် ၂၂ ရက် နံနက် ၈ နာရီခွဲတွင်ကျင်းပသွားမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားအပြီးတွင် အုပ်စု(က)မှ အုပ်စုပွဲစဉ်အဖြစ် Combine Team အသင်းနှင့် Bushido Team အသင်းတို့ပွဲစဉ်ကိုဆက်လက်ကျင်းပမည်ဖြစ်သည်။

ဆက်လက်ပြီး MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲ အုပ်စု(က)နှင့် (ခ) အုပ်စုပွဲစဉ်များအဖြစ် နံနက် ၁၁ နာရီခွဲတွင် Fithouse FCအသင်းနှင့် IJ FCအသင်း၊ မွန်းလွဲ ၁ နာရီတွင် 42 Youth Clubအသင်းနှင့် Futsal 94 FCအသင်း၊ မွန်းလွဲ ၂ နာရီတွင် Junior FCအသင်းနှင့် Shadows FCအသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ပြီး ဇွန် ၂၃ ရက်မှစတင်ကာ အုပ်စုပွဲစဉ်များကို တစ်ရက်လျှင်ခြောက်ပွဲနှုန်းဖြင့် ကျင်းပသွားမည်ဖြစ်သည်။

MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲကို အပျော်တမ်းကလပ် အသင်းပေါင်း ၅၀ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီး အုပ်စုတစ်ခုချင်းစီ၏ အုပ်စုပထမနှင့်ဒုတိယရရှိသောအသင်းများအနေဖြင့်ရှုံးထွက်ပွဲစဉ်များကို ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

MFF Max Energy Futsal Amateur Cup 2024 ပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည့်အသင်းများအနေဖြင့် MFF Futsal Championship 2024 ပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပြိုင်ပွဲတွင် ပထမဆု ကျပ်သိန်း ၅၀၊ ဒုတိယဆု ကျပ်သိန်း ၃၀၊တတိယဆု ၁၅ သိန်းကျပ် ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **STA**

# ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး တိုက်ကွမ်ဒိုပြိုင်ပွဲများ ဆက်လက်ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံတိုက်ကွမ်ဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး တိုက်ကွမ်ဒိုပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီခွဲမှစတင်ပြီး နေပြည်တော် ဝဏ္ဏသိဒ္ဓိ အားကစားရုံ(A)၌ ကျင်းပခဲ့ကြောင်း သိရသည်။

ပြည်နယ်နှင့် တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး တိုက်ကွမ်ဒိုပြိုင်ပွဲ အမျိုးသားအတိုက်(၅၄-၅၈)ကီလိုတန်း၊ (၆၃-၆၈)ကီလိုတန်း၊ (၇၄-၈၀)ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များ၊ အမျိုးသမီးအတိုက်(၄၆-၄၉)ကီလိုတန်း၊(၆၂-၆၇)ကီလိုတန်း၊ (၆၇-၇၃)ကီလိုတန်း ဆီမီးဖိုင်နယ်ပွဲစဉ်များကစားခဲ့ကြသည်။

ဆက်လက်ပြီး အမျိုးသားအတိုက်(၆၃-၆၈)ကီလိုတန်း၌ လွင်မျိုးခန့်(တနင်္သာရီ)က ပထမ၊ အောင်ကိုကိုပြည့်(ရန်ကုန်)က ဒုတိယ၊ သူရစိုး(မန္တလေး)နှင့် ဟိန်းယံထွန်း(ရှမ်း)တို့ကတတိယ၊ (၇၄-၈၀)ကီလိုတန်းတွင် အောင်ဖြိုးကျော်(စစ်ကိုင်း)က ပထမ၊ ကြယ်စင်လင်း(နေပြည်တော်)က ဒုတိယ၊ သူရလင်းသစ်(ပဲခူး)နှင့် ထက်အာကာ(ရန်ကုန်)တို့က တတိယ၊ အမျိုးသမီးအတိုက်ပြိုင်ပွဲ (၄၆-၄၉)ကီလိုတန်းတွင် ဆောင်းဂျွန်ဖြိုး(ရန်ကုန်)က ပထမ၊ ဆုလေပြေထွန်း(ရှမ်း)က ဒုတိယ၊ ဆောင်းကြာဖြူ(ကယား)နှင့်ဆောင်းနှင်းထက်(စစ်ကိုင်း)တို့က တတိယ၊ (၆၂-၆၇)ကီလိုတန်းတွင် ရေဇက္ကာနှင်း(ရန်ကုန်)က ပထမ၊ သဉ္ဇာဝတ်ရည်(ရွှေဝတီ)က ဒုတိယ၊ အေးအေးခိုင်(မန္တလေး)နှင့် နန်းခင်ကြာဖြူခိုင်(ရှမ်း)တို့က တတိယ၊ (၆၇-၇၃) ကီလိုတန်းတွင် ဆုသစ္စာအောင်(ရန်ကုန်)က ပထမ၊ငုဝါခိုင်(ရွှေဝတီ)က ဒုတိယ၊ ချယ်ရီကိုကို(မန္တလေး)နှင့် ဇင်ပြည့်စုံ(နေပြည်တော်)တို့က တတိယအသီးသီးရရှိခဲ့ကြကြောင်း သိရသည်။ **STA**



# WBC စူပါဘင်တန်ဝိတ်တန်းကမ္ဘာ့ချန်ပီယံ ကာကွယ်ပွဲအဖြစ် မာကာဒိုနှင့် ရမ်လာအလီထိုးသတ်မည်

**အရီဇိုးနား ဇွန် ၂၀**

WBC အမျိုးသမီးစူပါဘင်တန်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံ မက္ကဆီကိုလက်ဝှေ့မယ် မာကာဒိုသည် လက်ရှိချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် စိန်ခေါ်သူ ဗြိတိန်လက်ဝှေ့မယ် ရမ်လာအလီနှင့် အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်၌ ဇွန် ၂၉ ရက်တွင် ထိုးသတ်သွားမည်ဟု ယနေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

မာကာဒိုသည် လက်ရှိချန်ပီယံဆုကို ခုနစ်ကြိမ်မြောက် ကာကွယ်သွားမည်ဖြစ်ပြီး လက်ရှိချန်ပီယံအဖြစ် ၂၀၁၉ ခုနှစ် နိုဝင်ဘာလကတည်းက ရပ်တည်နိုင်ခဲ့သူဖြစ်ကာ စိန်ခေါ်ပွဲ ၂၆ ပွဲထိုးသတ်ထားပြီး ရှုံးပွဲ လေးပွဲသာရှိသေးသည့် ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်သည်။

ရမ်လာအလီသည် လက်ဝှေ့လောကသို့ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်းစိန်ခေါ်ပွဲ ၁၀ ပွဲထိုးသတ်ထားပြီး ရှုံးပွဲတစ်ပွဲရရှိထားသောလက်ဝှေ့မယ်တစ်ဦးဖြစ်ကာ ကမ္ဘာ့ချန်ပီယံစိန်ခေါ်ပွဲကို ပထမဆုံးအကြိမ်ထိုးသတ်သွားမည်ဖြစ်သည်။

အတွေ့အကြုံပိုင်းအရ လက်ရှိချန်ပီယံမာကာဒိုက သာလွန်နေပြီး လက်ရှိချန်ပီယံဆုကို ကာကွယ်နိုင်ရန်လည်းရေပန်းစားလျက်ရှိနေကာ ၎င်းထိုးသတ်ခဲ့သောစိန်ခေါ်ပွဲများသည် မက္ကဆီကိုနိုင်ငံတွင်သာထိုးသတ်လေ့ရှိပြီး အမေရိကန်နိုင်ငံ၌ ထိုးသတ်ထားသည့်ပွဲစဉ် တစ်ပွဲသာရှိခဲ့သည်။

အမေရိကန်နိုင်ငံတွင် ဒုတိယအကြိမ် ထိုးသတ်ခွင့်ရမည့်အရေးနှင့်ပတ်သက်ပြီး စိတ်လှုပ်ရှားမိသည်ဟု မာကာဒိုကပြောကြားခဲ့ကြောင်း သိရသည်။

**Ref : Xinhua**
**Trs : AZL**

# ပညာဘဏ်တိုက်တံခါးများ ဖွင့်ထားကြပါစို့

ကိုယဉ်ချစ်(မန္တလေး)

**စာဖတ်ခြင်းသည် အိမ်တံခါးများကို ဖွင့်သည်မည်၏။**

**စာမဖတ်ဘဲနေခြင်းသည် အိမ်တံခါးများကို ပိတ်ထားသည်နှင့်တူ၏။**

**အနားမှာ စာအုပ်မထားခဲ့သော် ဘဝတံခါးကြီး ပိတ်နေပေလိမ့်မည်။**

**(စာပေပညာရှင်ကြီး ဦးဗဂျီဒို)**

အထက်ပါစာပိုဒ်လေးကို နှစ်ခြိုက်မိပါတယ်။ စာဖတ်ခြင်းကနေ ပညာတွေရနိုင်ပါတယ်။ လောကလူသားတိုင်း အသက်ရှင်ရပ်တည်နေထိုင်ရေးအတွက် ရုန်းကန်ကြတဲ့အခါ ပညာဆိုတဲ့ အရင်းအနှီးဟာ တန်ဖိုးကြီးပါတယ်။ ပညာဆိုတာ ခွဲခြမ်းသိမြင်နိုင်သောအသိဉာဏ်လို့ မြန်မာအဘိဓာန်မှာ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။ ပညာဆိုတဲ့ဝေါဟာရကို အတတ်ပညာ၊ အသိပညာဆိုပြီး ထပ်မံခွဲခြားနိုင်ပါတယ်။ အတတ်ပညာဆိုတာ နှုတ်မှု၊ လက်မှုပညာတွေဖြစ်ပြီး အသိပညာဆိုတာကတော့ ကြားရာ၊ မြင်ရာမှဖြစ်စေ၊ ဖတ်ရှုလေ့လာရာမှဖြစ်စေ ရတဲ့ပညာလို့ မှတ်သားဖူးပါတယ်။

ပညာဆိုတာ အဆိုးအကောင်း၊ အကျိုးအကြောင်း၊ အကျိုး၊ အပြစ်၊ တရားမှု၊ မတရားမှု၊ မှန်တာ၊ မှားတာ၊ အကျိုးရှိတာ၊ အကျိုးမဲ့တာတွေကို မှန်မှန်ကန်ကန် ပိုင်းခြားအသုံးချနိုင်တာဖြစ်ပါတယ်။ ပညာတတ်ရင် စဉ်းစားနိုင်တဲ့ဆင်ခြင်တုံတရားရှိတယ်။ အကောင်းအဆိုးခွဲခြားသိမြင်နိုင်တယ်။ ဖြစ်ပျက်နေတဲ့ အကြောင်းတရားတွေအပေါ်မှာ ကိုယ်ပိုင်အသိဉာဏ်နဲ့ ဆုံးဖြတ်နိုင်တယ်။ ပြဿနာတစ်ရပ်ဖြစ်လာရင် အကြောင်းရင်းအမှန်ကို သိမြင်နိုင်တယ်။ ပညာမဲ့ရင်တော့ အမှန်အမှားကို စဉ်းစားချင့်ချိန်နိုင်စွမ်းအားနည်းတယ်။ သူတစ်ပါးတွေရဲ့ အတွေးအခေါ်၊ အပြောအဆို၊ အလုပ်တွေက ဖုံးလွှမ်းသွားပြီး တစ်ပါးကျွန်ဖြစ်မှန်းမသိ ဖြစ်တတ်ပါတယ်။

ပညာဆည်းပူးဖို့၊ ပညာပြည့်ဝဖို့ဟာ အခြေခံအကျဆုံးနဲ့ အရေးကြီးဆုံးဖြစ်ပါတယ်။ ပညာသင်ကြားတဲ့အတွက် ပညာတွေတတ်မြောက်မယ်။ အရည်အသွေးမြင့်မားမယ်။ လုပ်ငန်းကျွမ်းကျင်မှုရှိမယ်။ မသိသေးတာတွေ သိလာမယ်။ မတတ်သေးတာတွေ တတ်လာမယ်။ မြင်သင့်တာကိုမြင်၊ သင်သင့်တာကို သင်ရင်း ဘဝကို တိုးတက်အောင်တည်ဆောက်ကြပါတယ်။

ပညာကို လက်ဦးဆရာဖြစ်တဲ့ မိဘတွေဆီက ရတယ်။ သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာတွေဆီက ရတယ်။ ပတ်ဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံရင်း ရတယ်။ လုပ်ငန်းခွင်အတွင်း လုပ်ရင်းကိုင်ရင်းနဲ့ရတယ်။ စာပေတွေ ဖတ်ရှုလေ့လာရင်းရတယ်။ ဆွေးနွေးပွဲ၊ ဟောပြောပွဲ၊ သင်တန်း၊ စာတမ်းဖတ်ပွဲတွေက ရတယ်။ ရလာတဲ့ ပညာတွေဟာ ခံယူကျင့်သုံးသူရဲ့ အရည်အချင်း၊ အရည်အသွေး၊ ခံယူတုံ့ပြန်နိုင်မှုစွမ်းအားအပေါ် မူတည်ပြီး လူတွေရဲ့အရည်အသွေး၊ အရည်အချင်းတွေ ကွဲပြားခြားနားသွားပါတယ်။

ပညာတွေကို သင်ယူတဲ့အခါ စာပေဖတ်ရှုလေ့လာတာဟာ အလွယ်ဆုံးနဲ့ အထိရောက်ဆုံးပညာရှာဖွေခြင်းဖြစ်ပါတယ်။ ဘယ်အလုပ်ကိုပဲလုပ်လုပ် လုပ်တဲ့အလုပ်ရဲ့အကျိုးကို မလွဲမသွေခံစားရပါတယ်။ အကျိုးဆိုရာမှာ ကောင်းကျိုးနဲ့ ဆိုးကျိုးဆိုတာရှိတာမို့ စာပေဖတ်ရှုခြင်းရဲ့အကျိုးကတော့ ကောင်းကျိုးတွေအများဆုံး ရနိုင်ပါတယ်။

စာဖတ်တဲ့သူဟာ ကိုယ်ပိုင်စဉ်းစားနိုင်တဲ့ ဆင်ခြင်တုံတရားရှိတယ်။ အကောင်းအဆိုး၊ အကျိုးအပြစ်တွေကို ခွဲခြားသိမြင်နိုင်တယ်။ အခက်အခဲတွေ၊ ပြဿနာတွေနဲ့ ကြုံတွေ့လာတဲ့အခါ ဖြေရှင်းရမဲ့နည်းလမ်းတွေကို အလွယ်တကူသိနိုင်တယ်။ အမှန်တရားကို မှန်ကန်တဲ့ဆုံးဖြတ်ချက်နဲ့ ပြေလည်အောင် ဖြေရှင်းနိုင်တယ်။ ပတ်ဝန်းကျင်အပေါ် ကိုယ်ချင်းစာနာစိတ်ထားနိုင်တယ်။ မကောင်းတဲ့အလုပ်ကို ရှောင်ရှားနိုင်ပြီး မိမိအတွက်ကော သူတစ်ပါးကောင်းကျိုးအတွက်ပါ လုပ်ဆောင်နိုင်တယ်။ အလုပ်တွေကို မှန်ကန်တဲ့ ဆုံးဖြတ်ချက်ချမှတ်လုပ်ဆောင်နိုင်တယ်။ မသိသေးတာတွေကို သိအောင်လုပ်ချင်တဲ့စိတ်နဲ့ ရှာဖွေတတ်ပြီး သိပြီးတဲ့အသိတရားတွေကိုလဲ ပိုပြီးတိုးတက်အောင် လုပ်ဆောင်နိုင်ပါတယ်။

ဒါကြောင့် စာတတ်သူတိုင်း စာဖတ်ကြဖို့လိုတယ်လို့ ပညာရှင်ကြီးတွေက ပြောဆိုကြပါတယ်။ လူကြီး၊ လူရွယ်၊ လူငယ်အရွယ်စုံအားလုံးဟာ အခြေအနေပေးသလို စာဖတ်သင့်ပါတယ်။ စာအုပ်စာစောင်တွေကို ဖတ်ရှုတဲ့အခါ အပျော်သဘောပဲ ဖတ်ဖတ်၊ အပျင်းဖြေအဖော်သဘောပဲ ဖတ်ဖတ်၊ အသိပညာဗဟုသုတတွေ တိုးပွားဖို့ပဲ ဖတ်ဖတ် ကြိုက်သလိုရည်ရွယ်ချက်နဲ့ဖတ်ပါ။ စာဖတ်တိုင်း ကောင်းသလားဆိုတဲ့မေးခွန်းကို ဖြေရရင်တော့ အဆိပ်သင့်စေမဲ့၊ ဘေးဖြစ်စေမဲ့စာပေမျိုးတွေကိုတော့ ရှောင်ရှားသင့်ပါတယ်။ စာဖတ်သူရဲ့ ခံယူနိုင်မှုစွမ်းအားအပေါ်မှာ မူတည်ပါတယ်။ အဲဒီ ခံယူနိုင်မှုစွမ်းအားကို ဘယ်မှာရှာတွေ့မလဲဆိုရင် စာတွေများများဖတ်လေ အကောင်းအဆိုးတွေ ခွဲခြားသိနိုင်လေ ဖြစ်တာမို့ စာဖတ်တဲ့အရှိန်အဟုန်ကောင်းလာရင် ဖတ်သင့်တဲ့စာ၊ မဖတ်သင့်တဲ့စာ၊ ခွန်အားဖြစ်တဲ့စာ၊ အဆိပ်သင့်တဲ့စာဆိုတာတွေကို ကိုယ်တိုင်ရွေးချယ်ဖတ်ရှုလာနိုင်မှာပါ။

> ❖ မြန်မာနိုင်ငံမှာ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ ကျေးလက်နေပြည်သူတွေရဲ့ စီးပွားရေးနဲ့ လူနေမှုအဆင့်အတန်း မြင့်မားဖွံ့ဖြိုးတိုးတက်လာဖို့ အခြေခံကျတဲ့အသိပညာဗဟုသုတတွေ တိုးပွားလာအောင်လုပ်ဆောင်ကြရပါမယ်။ ဒီလိုလုပ်ဆောင်ဖို့ ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်တွေ ရှင်သန်ရေးနဲ့ စာကြည့်တိုက်အသစ်တွေ တိုးချဲ့ဖွင့်လှစ်နိုင်အောင် ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တစ်ဦးချင်းစီ စာဖတ်ကြဖို့နဲ့ စာဖတ်အားကောင်းလာအောင် ဆောင်ရွက်နိုင်ကြမယ်ဆိုရင် အသိပညာ၊ အတတ်ပညာတွေ ပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေ ပေါ်ထွန်းလာပြီး အသိပညာကြွယ်ဝတဲ့ လူ့ပတ်ဝန်းကျင်ကောင်းတွေနဲ့ တိုးတက်မှုတွေ ရရှိနိုင်မှာဖြစ်ပါတယ်။ ❖

စာဖတ်သူတွေတိုးပွားလာဖို့အတွက် စာကြည့်တိုက်တွေထူထောင်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွေဟာ အရေးပါလာပါတယ်။ စာကြည့်တိုက်တစ်ခု ထူထောင်နိုင်ဖို့အတွက် B ငါးလုံးလို့ဆိုတဲ့ စံငါးရပ်နဲ့ ပြည့်စုံအောင် အရင်ဆုံးဆောင်ရွက်ကြရပါမယ်။ အဲဒီစံငါးရပ်ကတော့ -

(၁) **Budget** (ရန်ပုံငွေ)

(၂) **Building** (အဆောက်အအုံ)

(၃) **Books** (စာအုပ်စာစောင်များ)

(၄) **Brain** (အသိဉာဏ်)

(၅) **Borrower** (စာအုပ်ငှားဖတ်သူ)တွေ ဖြစ်ပါတယ်။ စံငါးရပ်နဲ့ကိုက်ညီပြည့်စုံလာတဲ့ စာကြည့်တိုက်တွေဟာ အောင်မြင်မှုရလာကြပါတယ်။

စာကြည့်တိုက်တစ်ခု ဖွင့်လှစ်ထူထောင်ဖို့ လုပ်ဆောင်ရတဲ့လုပ်ငန်းစဉ်တွေဟာ များပြားသိမ်မွေ့ပြီး အခက်အခဲတွေနဲ့ ရင်ဆိုင်ရတတ်တာမို့ အလွယ်တကူ မဖြစ်နိုင်သလို ဖွင့်လှစ်ပြီး စာကြည့်တိုက်တွေကို ရေရှည်တည်တံ့ခိုင်မြဲအောင် လုပ်ဆောင်ရတာက ပိုပြီး ခက်ခဲပါတယ်။ အချိန်ကာလတာရှည်ဆောင်ရွက်ရတဲ့လုပ်ငန်းဖြစ်လို့ ပါဝင်ပူးပေါင်းဆောင်ရွက်သူတွေရဲ့ စည်းလုံးညီညွတ်မှု၊ စိတ်အားထက်သန်မှု၊ တက်ကြွမှုတွေကလဲ အရေးကြီးပါတယ်။ စာကြည့်တိုက်လုပ်ငန်းဟာ လူထုကို ဝန်ဆောင်မှုပေးရတဲ့ လုပ်ငန်းဖြစ်တာကြောင့် ရန်ပုံငွေ၊ ပစ္စည်း ပြည့်စုံအောင် လုပ်ဆောင်ရမဲ့အပြင် စိတ်အားထက်ထက်သန်သန်နဲ့ ကြိုးပမ်းဆောင်ရွက်မှုကလဲ အရေးကြီးပါတယ်။

နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ပြည်သူ့စာကြည့်တိုက်တွေရဲ့ အရေးပါမှုကလဲ တစ်ထောင့်တစ်နေရာက ပါဝင်နေပါတယ်။ ပြည်သူ့စာကြည့်တိုက်တွေရဲ့ အခြေခံအဓိကရည်ရွယ်ချက်တွေကတော့ လူတစ်ဦးချင်းအတွက်ဖြစ်စေ၊ အစုအဖွဲ့အတွက်ဖြစ်စေ အားလပ်ချိန်နဲ့ အပန်းဖြေမှုအပါအဝင် ပုဂ္ဂိုလ်ရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုအတွက် ပညာရေး၊ သတင်းအချက်အလက်ဆိုင်ရာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးဖို့နဲ့ မီဒီယာမျိုးစုံက အင်အားတွေ၊ ဝန်ဆောင်မှုတွေ ပံ့ပိုးပေးဖို့ဖြစ်ပါတယ်။ တစ်ဦးချင်းစီရဲ့ ဗဟုသုတ၊ အတွေးအခေါ်၊ သဘောထားအမြင်များ ကျယ်ကျယ်ပြန့်ပြန့်ပေးနိုင်ဖို့ ဖြစ်ပါတယ်။

ပြည်သူ့စာကြည့်တိုက်ဆိုသည်မှာ လူ့အဖွဲ့အစည်းအတွင်းရှိ လူတန်းစားအားလုံးကို လူမျိုးနွယ်၊ နိုင်ငံသား၊ အမျိုးသား၊ အမျိုးသမီး၊ ကိုးကွယ်သည့်ဘာသာ၊ ပြောဆိုသည့်စကား၊ မသန်စွမ်းမှု၊ စီးပွားရေးဖွံ့ဖြိုးမှု၊ ပညာရေးဆိုင်ရာအောင်မြင်ပေါက်မြောက်မှုစသည့်များမှတစ်ဆင့် အသိဉာဏ်ဗဟုသုတ၊ သတင်းအချက်အလက်နှင့် စိတ်ကူးစိတ်သန်းဆိုင်ရာအလုပ်များကို ရှာဖွေရယူနိုင်ရေးအတွက် အညီအမျှကူညီပံ့ပိုးပေးသော စာကြည့်တိုက်များဖြစ်သည်လို့ ( **IFLA-UNESCO** ပြည်သူ့စာကြည့်တိုက်မူဝါဒကြေညာစာတမ်း ၁၉၉၄) မှာ ဖော်ပြထားတာ လေ့လာမှတ်သားမိပါတယ်။

အချို့နိုင်ငံတွေမှာ ပညာရေးဆိုင်ရာ တိုးတက်ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြည်သူ့စာကြည့်တိုက်တွေဟာ ပဓာနကျတယ်လို့ မြင်ကြပြီး ပြည်သူ့စာကြည့်တိုက်တွေရဲ့ အလေးထားမှုဟာ သမားရိုးကျပညာရေးကို အထောက်အကူပြုဖို့ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး နိုင်ငံတချို့က ပြည်သူ့စာကြည့်တိုက်တွေရဲ့ ဝန်ဆောင်မှုတွေကို ကောက်နုတ်တင်ပြလိုပါတယ်။

စင်ကာပူနိုင်ငံမှာ ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုရည်မှန်းချက်တာဝန်မှာ သူ့နိုင်ငံရဲ့ခေတ်မီတိုးတက်မှုကို အထောက်အကူပြုဖို့ လေ့လာသင်ယူမှုအခွင့်အလမ်းတွေနဲ့ ဝန်ဆောင်မှုတွေ ပံ့ပိုးပေးနေတဲ့သတင်းအချက်အလက်အရင်းအမြစ်စင်တာတွေနဲ့ စာကြည့်တိုက်တွေရဲ့ အမျိုးသားကွန်ရက်တစ်ခုကတစ်ဆင့် သင်ယူလေ့လာဖို့နဲ့ နိုင်ငံရဲ့စွမ်းရည်ကို တိုးချဲ့ဖို့ဖြစ်ပါတယ်။

အင်္ဂလန်နိုင်ငံ ထရက်ဖို့မှာ အသေးစားစာကြည့်တိုက်သုံးခုကို ပြည်သူ့စာကြည့်တိုက်အဖြစ် ပေါင်းစည်းယူလိုက်ပါတယ်။ စာကြည့်တိုက်ခွဲတစ်ခုကို ကျောင်းစာကြည့်တိုက်တစ်ခုနဲ့ ပူးပေါင်းလိုက်ပြီး ကျန်နှစ်ခုကို အေးအေးဆေးဆေးအပန်းဖြေစာဖတ်နိုင်တဲ့ နေရာတွေအဖြစ် ထားရှိခဲ့ပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းခန့်ရှိတဲ့ ကျေးလက်နေပြည်သူတွေရဲ့ စီးပွားရေးနဲ့ လူနေမှုအဆင့်အတန်း မြင့်မားဖွံ့ဖြိုးတိုးတက်လာဖို့ အခြေခံကျတဲ့အသိပညာဗဟုသုတတွေ တိုးပွားလာအောင် လုပ်ဆောင်ကြရပါမယ်။ ဒီလိုလုပ်ဆောင်ဖို့ ဖွင့်လှစ်ပြီးကျေးရွာစာကြည့်တိုက်တွေ ရှင်သန်ရေးနဲ့ စာကြည့်တိုက်အသစ်တွေ တိုးချဲ့ဖွင့်လှစ်နိုင်အောင်ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။ တစ်ဦးချင်းစီ စာဖတ်ကြဖို့နဲ့ စာဖတ်အားကောင်းလာအောင် ဆောင်ရွက်နိုင်ကြမယ်ဆိုရင် အသိပညာ၊ အတတ်ပညာတွေ ပြည့်ဝတဲ့ လူ့စွမ်းအားအရင်းအမြစ်ကောင်းတွေပေါ်ထွန်းလာပြီး အသိပညာကြွယ်ဝတဲ့ လူ့ပတ်ဝန်းကျင်ကောင်းတွေနဲ့ တိုးတက်မှုတွေ ရရှိနိုင်မှာဖြစ်ပါတယ်။

မျက်မှောက်ကာလမှာ မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်းက တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာ စာကြည့်တိုက်ဖောင်ဒေးရှင်းတွေကို စနစ်တကျဖွဲ့စည်းဆောင်ရွက်နေသလို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံစာရေးဆရာအသင်းတို့ ပူးပေါင်းပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေ၊ ဟောပြောပွဲတွေ၊ ကျပန်းစကားပြောပြိုင်ပွဲတွေ၊ စကားရည်လုပွဲ၊ စာဖတ်ဝိုင်း၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲတွေကို ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်အနေနဲ့လဲ နေပြည်တော်မှအစပြုပြီး တစ်နိုင်ငံလုံးအတိုင်းအတာထိ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနဲ့ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုတွေကို ဆောင်ရွက်နေပါတယ်။ စာကြည့်တိုက်တွေ ရှင်သန်တိုးတက်ရေးအတွက် လိုအပ်တဲ့စာအုပ်စာစောင်တွေ၊ အဆောက်အအုံတွေဖြည့်ဆည်းပေးနိုင်ဖို့ နိုင်ငံတော်အစိုးရက ဦးဆောင်ပြီး နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေ၊ ဌာနဆိုင်ရာတွေ၊ အလှူရှင်တွေနဲ့ ပြည်သူတွေ ပူးပေါင်းဆောင်ရွက်နေကြပြီဖြစ်ပါတယ်။ စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေကို အောင်မြင်အောင် ဆောင်ရွက်နိုင်ဖို့အတွက် မြန်မာနိုင်ငံစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီကိုလဲ ၂၀၂၄ ခုနှစ် မေ ၂၂ ရက်မှာ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါတယ်။ နိုင်ငံတော်အနေနဲ့ရော၊ ပြည်သူတွေ၊ ဌာနဆိုင်ရာတွေ၊ အဖွဲ့အစည်းတွေ စည်းလုံးညီညွတ်စွာနဲ့ ပူးပေါင်းဆောင်ရွက်ကြတာဖြစ်လို့ အောင်မြင်မှုတွေကို ရရှိခံစားနိုင်လိမ့်မယ်လို့လဲ ယုံကြည်ပါတယ်။

နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လူတစ်ဦးချင်းစီက စာဖတ်အားကောင်းလာရင်၊ စာဖတ်သူတွေများပြားလာရင် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုတွေ ရှိပါမယ်။ ပညာဘဏ်တိုက်စာကြည့်တိုက်တံခါးတွေ ဖွင့်လှစ်ထားပြီး စာကြည့်တိုက်တွေ ရှင်သန်တိုးတက်လာဖို့ လုပ်ငန်းတွေကို ပြည်သူတစ်ရပ်လုံးက ပါဝင်ပူးပေါင်းဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။

**ကိုးကား**

- **နေ့စဉ်ထုတ်သတင်းစာများ။**
- **ပြည်သူ့စာကြည့်တိုက်ဝန်ဆောင်မှုလုပ်ငန်းများ(ပြန်/ဆက်ဦးစီးဌာန)**

# ရင်ထဲကဒဏ္ဍာရီ ဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်




**ရန်ကုန် ဇွန် ၂၀**

ရင်ထဲကဒဏ္ဍာရီ ဇာတ်လမ်းတွဲကို Channel K Myanmar YouTube Channel မှ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းတွဲတွင် ပါဝင်ထားသည့် သရုပ်ဆောင် အဆိုတော် လွှမ်းပိုင်က ပြောပြ၍ သိရသည်။

ရင်ထဲကဒဏ္ဍာရီ ဇာတ်လမ်းတွဲသည် Channel K ရုပ်သံလိုင်း၏ မူပိုင်ရုပ်သံဇာတ်လမ်းတွဲဖြစ်ပြီး အဆိုပါဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို လွှမ်းပိုင်က ရေးသားထားခြင်းဖြစ်ပြီး ဒါရိုက်တာဝင်းလွင်ထက်က တာဝန်ယူရိုက်ကူးထားကြောင်း သိရသည်။

"အချစ်ဆိုတာ အသွင်မတူတဲ့ အသိုင်းအဝိုင်းကြားမှာ ပေါက်ဖွားလာနိုင်ပေမဲ့ ဂုဏ်ရည်မတူတဲ့ ဘဝနှစ်ခုအတွက် တစ်သက်တာပေါင်းဖက်ဖို့ဆိုတာကတော့ ဝေးကွာလွန်းပါတယ်။ ရယူခွင့်၊ ပိုင်ဆိုင်ခွင့်ဆိုတာထက် ချစ်နေခွင့်၊ ပေးဆပ်ခွင့်တွေနဲ့သာကျေနပ်နေတဲ့ အညတရကောင်ကလေးနဲ့ အရာအားလုံးကို စွန့်လွှတ်ပြီး ချစ်ရသူကိုသာရွေးချယ်ထားတဲ့ ဆရာဝန်မလေးတို့ရဲ့အချစ်ဇာတ်လမ်းလေးကို Channel K Myanmar YouTube Channel ကနေ ထုတ်လွှင့်ပေးမှာဖြစ်ပါတယ်" ဟု အဆိုတော် သရုပ်ဆောင် လွှမ်းပိုင်က ပြောပြသည်။

ရင်ထဲကဒဏ္ဍာရီ ဇာတ်လမ်းတွဲတွင် သရုပ်ဆောင် လွှမ်းပိုင်၊ နော်ဖောအယ်ထား၊ မြမျက်ခြယ်၊ ရွှေပုဏ္ဏမီကျော်၊ ဥသြသံသာချို၊ ယမုံ၊ ငြိမ်းဆုသာ၊ နန်းခမ်းဝါ၊ ထူးသာ၊ ညီဂျော်၊ အရိုင်းနှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း၊ အဆိုပါဇာတ်လမ်းတွဲကို ဇွန်လတတိယပတ်မှစတင်ကာ Channel K Myanmar YouTube Channel မှ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ ASH

# RIP မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားသစ်၌ မင်းသား မက်ဒါမွန်နှင့် ဘင်အက်ဖလက်တို့ ပါဝင်မည်

**နယူးယောက် ဇွန် ၂၀**

RIP အမည်ရှိ မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကားသစ်တွင် မင်းသား မက်ဒါမွန်နှင့် ဘင်အက်ဖလက်တို့ ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၉ ရက် သတင်းများအရ သိရသည်။

မင်းသား မက်ဒါမွန်နှင့် ဘင်အက်ဖလက်တို့သည် Good Will Hunting၊ Dogma၊ The Last Duel နှင့် Air ဇာတ်ကားတို့တွင် အတူ လက်တွဲခဲ့ဖူးသူများဖြစ်ကြကြောင်း သိရသည်။

လက်ရှိတွင် Artists Equity ကုမ္ပဏီက ထုတ်လွှင့်သည့် RIP မှုခင်းလျှို့ဝှက်သည်းဖိုဇာတ်ကား၌ မက်ဒါမွန်နှင့် ဘင်အက်ဖလက်တို့ အနေဖြင့် မည်သည့်ဇာတ်ကောင်နေရာများတွင် ပါဝင်သရုပ်ဆောင်မည်ကို မသိရသေးကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားသစ်ကို ဒါရိုက်တာ ဂျိုးကာနာဟန်က ကိုယ်တိုင် ဝတ္ထုဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

RIP ဇာတ်ကားကို ယခုနှစ်ဆောင်းရာသီတွင် စတင်ရိုက်ကူးရန် Artists Equity ကုမ္ပဏီက စီစဉ်ထားပြီး အဆိုပါဇာတ်ကားရုံတင်ပြသမည့်ရက်ကို Artists Equity ကုမ္ပဏီက ထုတ်ပြန်ကြေညာခြင်း မရှိတော့ကြောင်း သိရသည်။

**Ref : Sputnik News**

**Trs : KKO**



# ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကား Pre Show ပွဲကို ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်

**ရန်ကုန် ဇွန် ၂၀**

ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကား Pre Show ပွဲကို ဇွန် ၁၉ ရက် ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်း အဆိုပါရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ သရုပ်ဆောင် ချြူလေးက ပြောပြ၍ သိရသည်။

ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို သက်ဦးမောင်က ရေးသားထားပြီး မင်းကိုစိုး(နတ်သံကွင်း)က ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ကိုဇော်(အရုဏ်ဦး)က The Ray Film ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူ ပုံဖော်ရိုက်ကူးသည့် အချစ်ဟာသဇာတ်မြူး ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။



"ဒီဇာတ်ကားလေးကတော့ ရပ်ကွက်ထဲက သာမန်လူတွေရဲ့သဘာဝဟာသကို သဘာဝကျကျ ရိုက်ပြထားသလို သဘာဝကျကျ သရုပ်ဆောင်ရတာမို့ အားလုံးပေါ့ပေါ့ပါးပါး လုပ်ခဲ့ကြပါတယ်။ ထူးထူးခြားခြားကြီးမဟုတ်ဘဲ ကိုယ့်ရပ်ကွက်ထဲက ကိုယ့်ဝန်းကျင်က အဖြစ်အပျက်တွေကို ပြန်မြင်ယောင်ရမဲ့ဇာတ်ကားမို့ ပရိသတ်တွေ သဘောကျမယ်လို့လဲမျှော်လင့်ပါတယ်"ဟု သရုပ်ဆောင် ချြူလေးက ပြောပြသည်။

ရှယ်အော်လံ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင် နေဝင်း၊ တိုင်ရွှန်၊ ရန်ပြေ၊ သွက်လက်၊ ချြူလေး၊ စုရှိုင်း၊ နော်ဖောအယ်ထား၊ စိုးမြတ်သူဇာ၊ မိုးဒီ၊ ခင်လှိုင်၊ ငှက်ပျောကြော်၊ ခင်လှိုင်နှင့် အခြားအနုပညာရှင်များ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။ ASH

# ဆိုနီကုမ္ပဏီ၏ Resistor ဇာတ်ကား၌ မင်းသား ဝီစမစ် ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဇွန် ၂၀**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Resistor အမည်ရှိ သိပ္ပံလျှို့ဝှက်သည်းဖို ဇာတ်ကား၌ မင်းသား ဝီစမစ် ပါဝင်သရုပ်ဆောင်မည်ဖြစ်ကြောင်း ဇွန် ၁၉ ရက် သတင်းများအရ သိရသည်။

လက်ရှိတွင် မင်းသား ဝီစမစ်သည် Resistor ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရေးအတွက် ဆိုနီရုပ်ရှင်ကုမ္ပဏီနှင့် သဘောတူညီချက် လက်မှတ်ရေးထိုးထားပြီးဖြစ်သည်။

Resistor ဇာတ်ကားသည် စာရေးဆရာ ဒန်နီယယ်ဆွာရက်၏ Influx အမည်ရှိ ဝတ္ထုကိုအခြေခံရိုက်ကူးမည်ဖြစ်သည်။

အဆိုပါဇာတ်ကားတွင် နည်းပညာတိုးတက်မှုကို အစိုးရကဖိနှိပ်ပိတ်ပင်လာမှုနှင့်ရင်ဆိုင်နေရသည့် သိပ္ပံပညာရှင်တစ်ဦး လျှို့ဝှက်အကြံအစည်ကြီးတစ်ရပ်အား ရှာဖွေတွေ့ရှိခဲ့ပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည်ဖြစ်သည်။

လက်ရှိတွင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Resistor ဇာတ်ကားအတွက် ဒါရိုက်တာတစ်ဦး ရှာဖွေနေသည်။

Resistor ဇာတ်ကား စတင်ရိုက်ကူးမည့်ရက်နှင့် ရုံတင်ပြသမည့်ရက်ကို ဆိုနီရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**Ref : Xinhua News**

**Trs : KKO**



# တေးသံရှင် မီကို၏ နှင့်အတွက်မဟုတ်တဲ့ငါ သီချင်း Music Video ထွက်ရှိမည်

**ရန်ကုန် ဇွန် ၂၀**

တေးသံရှင် မီကို၏ နှင့်အတွက်မဟုတ်တဲ့ငါ သီချင်း Music Video(MV) ဇွန်လနောက်ဆုံးပတ်တွင် ထွက်ရှိမည်ဖြစ်ကြောင်း ၎င်းက ပြောပြ၍ သိရသည်။



နှင့်အတွက်မဟုတ်တဲ့ငါ သီချင်း Music Video(MV) ကို တေးရေး မျိုးကျော်ကျော်က ရေးသားထားကာ တေးသံရှင် မီကိုက သီဆိုထားကြောင်း၊ သရုပ်ဆောင် ဇေယျ၊ မေသူထွန်းနှင့် ချိုပီတီတို့က တေးသရုပ်ဖော် သရုပ်ဆောင်ထားကာ ဒါရိုက်တာ ဇော်ဇော်က တာဝန်ယူ ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"နှင့်အတွက်မဟုတ်တဲ့ငါ Music Video(MV) သီချင်းကလေးက တေးရေး မျိုးကျော်ကျော်က ရေးပေးထားတာပါ။ ဒါရိုက်တာ ဇော်ဇော်က ပုံဖော်ရိုက်ကူးပေးထားပြီးတော့ သရုပ်ဆောင် ဇေယျနဲ့ မေသူထွန်း၊ ချိုပီတီတို့က သရုပ်ဆောင်ပေးထားပါတယ်။ တေးသွားကလေးက ကျေးလက်နောက်ခံသုံးပွင့်ဆိုင် အချစ်ဇာတ်လမ်းလေးဖြစ်တာကြောင့် မန္တလေးနဲ့မနီးမဝေးက ရွာလေးတစ်ရွာမှာ သွားပြီးတော့ ရိုက်ကူးထားပါတယ်။ ဇွန်လနောက်ဆုံးပတ်မှာ ထွက်ရှိလာမှာပါ။ နောက်ထပ်လဲ Music Video (MV) သီချင်း နှစ်ပုဒ်ထပ်ပြီးတော့ ရိုက်ကူးထုတ်လုပ်ဖို့ စီစဉ်နေပါတယ်"ဟု တေးသံရှင် မီကိုက ပြောပြသည်။

နှင့်အတွက်မဟုတ်တဲ့ ငါ Music Video(MV) သီချင်းသည် တေးသံရှင် မီကို၏ ၁၆ ပုဒ်မြောက် Music Video(MV) သီချင်းဖြစ်ပြီး ဒါရိုက်တာ ဇော်ဇော်နှင့် Music Video(MV) သီချင်းများ ဆက်လက်ရိုက်ကူးထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

ASH

# Local travellers visit CBT site of Hsinkyun Village



A beautiful scenery of Hsinkyun Village.

**Mandalay June 20**

According to U Maung Maung Lay, leader of Irrwaddy dolphin protection team, flocks of local travellers visit Hsinkyun Village of Madaya Township where community-based tourism site is being implemented.

The village is engaged in operating weaving industries, pottery industries, bamboo hat industries, cheroot industries and slipper industries attracting travellers.

"Travellers leading to Hsinkyun Village also purpose to watch habitat of Irrawaddy dolphins in Ayeyawady River in Madaya Township," said the leader.

Some 160 travellers visited the village daily in the first week of June, compared with more than 320 travellers on a daily basis starting from the second week of June.

Community-based tourism sites are being implemented in Madaya and Singu Townships of Mandalay and Wetlet Township in Sagaing Region. These CBT villages in Madaya Township are Hsinkyun, Ayekyun, Myaysun and Seinpangon villages where Myitkangyi and Hsethel villages are included in Singu Township in addition to Ywathit, Tagaung and Sheinmaka villages from Wetlet Township. 184

# More than 2,000 acres of farmlands placed under monsoon paddy in Khamti Township

**Khamti June 20**

According to the Khamti Township Agriculture Department, a total of 1,504 acres of farmlands have been placed under monsoon paddy in Khamti Township of Sagaing Region this monsoon.

In 2024-25 monsoon, the township earmarked 8,350 acres of monsoon paddy but local farmers have so far planted 2,504 acres of monsoon paddy.

Daw Su Su Khaing, Head of Khamti Township Agriculture Department, said: "We earmarked cultivation of more than 8,000 acres of monsoon paddy but local farmers have completed cultivation of more than 2,000 acres. Our department helps local farmer grow paddy meeting the target with agricultural techniques."

In 2023-24 FY, the township set a plan to grow 8,300 acres of monsoon paddy but local farmers planted 8,279 acres of monsoon from May to September, exceeding the target.



A vast stretch of paddy fields.

Local farmers use Hsin Ekari-3, Ayeyamin, Hmawby-2, and domestic paddy strains, with the water from damming creeks and drains in monsoon. Township departmental officials help local farmers prevent pests, minimize loss of crops and keep crops under shelter in time.

Township Agriculture Department provides assistance for local farmers with pests and fertilizers. 206

# Thayetkone fisheries station hatches three fish species

**Mandalay June 20**

Thayetkone fisheries station is hatching three types of fish to add more fish in Mandalay Region, said U Tun Naung Win, Assistant Director of Thayetkone fisheries station in Mandalay Region.

In order to increase the abundance of these fish species and prevent them from becoming extinct, the Thayetkone fisheries station takes care of the fish hatchlings, hatches them every year, and carries out reproductive activities. The fish species that are currently being hatched are rohu fish, silver barb and silver carp for breeding purposes.

"Thayetkone fisheries station conducts research and breeding of fish species. The purposes are to continuously catch and eat fish in Myanmar's rivers, streams, lakes, and dams, to ensure fish food supply and abundant fish resources, to provide employment opportunities for local fishermen and to increase the consumption of fish in Myanmar. We are doing this with the aim of producing fish fry that are marketable in our own country without depending on international markets at a low cost," he explained.

185

# 2 presumed dead in small plane crash in U.S. Alaska

**San Francisco June 20**

Two men were presumed dead after a small plane crashed Tuesday afternoon into Crescent Lake on the Kenai Peninsula, U.S. state of Alaska, state troopers said Wednesday.

Two hikers witnessed the crash and reported it to troopers Tuesday afternoon. The rescue team took a helicopter and a float plane to the area, and located debris in the lake, with no signs of survivors in the water or on the shore, troopers said.

Efforts to recover their bodies were ongoing Wednesday.

A Piper PA-18 Super Cub plane with two men aboard had been reported overdue in the area. The plane had departed from Moose Pass and was expected to return to the same area, according to troopers' spokesman Austin McDaniel.

The National Transportation Safety Board is investigating the crash.

Xinhua

# UNDP, World Bank call on Botswana to allow private sector to lead economy

**Gaborone June 20**

The United Nations Development Program (UNDP) and the World Bank have called on Botswana to allow the private sector to play a major role in the country's economic activities for rapid growth and development.

Speaking at the 2nd Annual Botswana ESG (Environment, Sustainability and Governance) and Sustainable Finance Forum, held in the national capital of Gaborone Wednesday, the two development partners said Botswana needs to engage more with the private sector to address the country's sustainability challenges.

UNDP Botswana Resident Representative Balazs Horvath said government authorities need to ensure that there is a balance between social and corporate objectives, citing that regulations and policies should be crafted to ensure that the private sector pursues profit models without trampling on social needs.

"Having a very large portfolio of state-owned enterprises is very costly and keeps the companies afloat," said Horvath, calling for the private sector to be allowed to play a leading role in economic activities.

Echoing the same sentiments, World Bank Country Representative Liang Wang said the country needs to shift from a public to a private sector-led economy, with ESG at the center of the transition.

"There is a need for the government not to create more state-owned enterprises but allow the private sector to take the lead," said Wang, suggesting that the private sector needs to create value while the government guards against uncompetitive practices.

Xinhua




The United Nations Development Program (UNDP) Botswana Resident Representative Balazs Horvath addresses the 2nd Annual Botswana ESG (Environment, Sustainability and Governance) and Sustainable Finance Forum in Gaborone, Botswana, on June 19, 2024.

# Myanmar earns over $90 million from rice exports in April-May 2024


Bags of rice being loaded onto a cargo ship.

**Nay Pyi Taw June 20**

According to the news from the Myanmar Rice Federation, during the two-month period of April and May in the 2024-2025 fiscal year, over 180,000 tons of rice and broken rice were exported, generating over US$90 million in foreign income.

Myanmar exports rice and broken rice to international markets every month. In April and May of the 2024-2025 fiscal year, 183,141.5 tons of rice and broken rice were exported, generating $91.26 million in foreign income. Specifically, in April, 111,862 tons of rice and broken rice worth 55 million US dollars were exported, and in May, 71,729.5 tons of rice and broken rice worth $36 million were exported.

Rice and broken rice are key export commodities for Myanmar. Currently, Myanmar rice prices in international markets are around $450 per ton. However, the Myanmar Rice Federation ensures that only rice not heavily consumed domestically is exported.

To increase rice and broken rice exports, Myanmar plans to establish Export Zones in three regions: Bago Region, Mandalay Region, and Ayeyarwady Region. These zones will focus on producing rice varieties requested by international markets, including six specific rice varieties, such as Sinthukha and 90-day rice, as agreed upon in government-private sector discussions.

The Myanmar Rice Federation is also selling rice domestically at 3,000 kyats per bag through 58 retail shops in Yangon Region, as well as to industrial zones, factory workers, laborer families, and departmental staff families.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ ammunition is tantamount to protecting the lives and property of innocent people.

# Kyaukmyaung Sub-Township finishes cultivation of more than 1,500 acres of sugarcane

**Kyaukmyaung June 20**

According to the statistics of the Kyaukmyaung Sub-Township Agriculture Department, a total of 1,522 acres of monsoon sugarcane has been planted in the sub-township of Shwebo Township in Sagaing Region.

In 2024-25 monsoon, the sub-township earmarked 1,522 acres of sugarcane, and local farmers have completed all targeted acreage of sugarcane.

"This year, we planned to grow 1,522 acres of sugarcane in monsoon. At present, farmers have completed all sown acreage with sugarcane. They prefer to grow sugarcane in monsoon," said Daw Khin Win, Head of Sub-Township Agriculture Department.

In 2023-24 monsoon, the sub-township earmarked 1,644 acres of monsoon sugarcane but local farmers grew 1,522 acres against the target.

Sugarcane is planted in Shwebo, Kanbalu and Katha districts in Sagaing Region. Of them, Katha and Kanbalu districts place the largest sown acreage of sugarcane.

Farmers need to cost K600,000 to K700,000 per acre of sugarcane, yielding 30 tons of sugarcane per acre.

Local farmers use K-95/84, Nawade-4, Pharmoza and Hsinshweli sugarcane strains. 206


A sugarcane plantation.

# Katha District successfully harvests 22,339 acres of summer paddy with high yield

**Katha June 20**

According to records from the Agricultural Department of Katha District, Sagaing Region, the harvesting of 22,339 acres of summer paddy, planted during this year's summer crop season, has been completed.

During the 2023-2024 summer crop season, the harvesting of summer paddy fields in Katha District began in May and, as of today, 22,339 acres have been harvested with an average yield of 86.34 baskets per acre.

"The Katha District managed to plant 22,339 acres of summer paddy this year. Currently, the harvesting of the monsoon paddy fields is 100% complete. The yield rate is also satisfactory. We are providing farmers with agricultural techniques, pest control knowledge, measures to prevent crop loss, and advice on timely post-harvest storage to protect the harvested paddy," said U Myint Soe, the head of the Katha District Agriculture Department.

By township, the harvested areas of summer paddy in Katha District are as follows: 11,079 acres in Katha Township, 740 acres in Indaw Township, 10,262 acres in Htigyaik Township, and 258 acres in Banmauk Township, totaling 22,339 acres.

During the 2023-2024 summer crop season, it was planned to cultivate 23,300 acres of summer paddy in Katha District. From February to April of this year, 22,339 acres were successfully planted. The Agriculture Department provided farmers with knowledge on planting high-quality seeds, using natural fertilizers, timely planting of monsoon crops, and techniques for cultivating economically viable crops.

Furthermore, to ensure successful cultivation and good yields of the summer paddy fields in Katha District, the township agricultural departments and staff provided on-field training and support. This included selecting and planting high-quality seeds, protecting against pests, timely planting, thinning, and proper use of fertilizers. 206

# Foreign demand drives surge in red pigeon peas sales at Mandalay market

**Mandalay June 20**

Foreign demand is driving the surge in red pigeon peas sales in the Mandalay market, said U Sett Maung Swe, secretary of the Mandalay, Brokers, Traders and Millers Maha Kahtaintaw (Mandalay Commodity Exchange) Association.

It is reported that China is currently repurchasing red pigeon peas produced from Myanmar. Previously, the trading status of red pigeon peas was normal in the Mandalay market. At present, domestic red pigeon peas have entered the Mandalay market and the business is recovering.

In Mandalay market, there were a lot of domestic and foreign purchases of red pigeon peas. According to the market price on June 18, the price of red pigeon peas was up to 440,000 kyats per three-basket bag.

"At the moment, the trade of red pigeon peas has started to improve again. The China has also started to buy it more recently. Previously, the trade was stopped because there was no purchase from China. Now the sales of red pigeon peas are good in the Mandalay market," he continued. 184

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## ရုရှားနိုင်ငံက အဆင့်မြင့် S-500 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကရိုင်းမီးယားသို့ ရွှေ့ပြောင်းတပ်ဖြန့်လာ



ရုရှားတပ်မတော်သည် နိုင်ငံ၏နောက်ဆုံးထုတ် အဆင့်မြင့် S-500လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ကရိုင်းမီးယားသို့ ရွှေ့ပြောင်းတပ်ဖြန့်ချထားခဲ့ကြောင်း ယူကရိန်း ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Kyrylo Budanov က ပြောကြားခဲ့သည်ဟု The Defense Post သတင်းဌာနက ဇွန် ၁၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

S-500သည် ယခင်မျိုးဆက်များထက်သာလွန်ကောင်းမွန်သောစွမ်းရည်များပါရှိသည့် ရုရှားနိုင်ငံထုတ် လေကြောင်းရန်ကာကွယ်ရေး လက်နက်စနစ်များထဲတွင် နောက်ဆုံးပေါ်စနစ်ဖြစ်သည်။

"ရုရှားနိုင်ငံဟာ ကရိုင်းမီးယားအပါအဝင် နိုင်ငံရဲ့လေကြောင်းရန်ကာကွယ်ရေးစနစ်တွေကို ထပ်မံအင်အားဖြည့်တင်းလုပ်ဆောင်နေပါတယ်။ S-500 စနစ်လိုနောက်ဆုံးထုတ်စနစ် အစိတ်အပိုင်းတွေကိုပါ တွေ့မြင်နေရပါပြီ။ သဘောတရားကတော့ လက်တွေ့စစ်မြေပြင်မှာ စမ်းသပ်အသုံးပြုမဲ့ပုံစံပါပဲ။ ကရိုင်းမီးယားမှာတော့ တပ်ဖြန့်လာခဲ့ပါပြီ"ဟု ယူကရိန်းနိုင်ငံပိုင်ရုပ်မြင်သံကြားဌာန သတင်းထုတ်လွှင့်ချက်တွင် ထုတ်ဖော်ပြောကြားသွားခဲ့သည်။

ယခုသီတင်းပတ်အတွင်း ရုရှားပိုင်ကရိုင်းမီးယားကျွန်းဆွယ်တွင် ယူကရိန်းတို့ဘက်က အရှိန်မြှင့်တိုက်ခိုက်မှုများလုပ်ဆောင်နေချိန် ယခုကဲ့သို့ သတင်းထွက်ပေါ်လာခြင်းလည်းဖြစ်သည်။ ဇွန် ၁၀ ရက်က Dzhankoi မြို့အနီးတွင် ရုရှားနိုင်ငံထုတ် S-400 လေကြောင်းရန်ကာကွယ်ရေးစနစ်မှယာဉ်တစ်စီး၊ Chornomorske နှင့် Yev-patoria ကျေးရွာများအနီးတွင် S-300 လက်နက်စနစ်မှ ယာဉ်နှစ်စီးတို့ကို တိုက်ခိုက်ဖျက်ဆီးနိုင်ခဲ့ကြောင်း ယူကရိန်းစစ်ဘက်က ထုတ်ပြန်ထားသော်လည်း ရုရှားနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက အတည်ပြုခြင်းနှင့် တစ်စုံတစ်ရာ မှတ်ချက်ပေးထားခြင်းမရှိပေ။ ထိုဖြစ်စဉ်အပြီး နှစ်ရက်အကြာတွင် အဆိုပါလေကြောင်းရန်ကာကွယ်ရေးစနစ်များ၏ ရေဒါယာဉ်နှစ်စီးကို တိုက်ခိုက်ခဲ့ကြောင်း ယူကရိန်းက ထပ်မံထုတ်ပြန်ခဲ့သည်။

ကီလိုမီတာ ၃၀၀ အကွာရှိ ပစ်မှတ်များကို တိုက်ခိုက်ဖျက်ဆီးနိုင်သည့် ATACMS တာဝေးပစ်ဒုံးကျည်များကို အမေရိကန်နိုင်ငံက ၂၀၂၃ ခုနှစ် အောက်တိုဘာလတွင် ပေးပို့ခဲ့ပြီးနောက်ပိုင်း ယူကရိန်းဘက်က ပိုမိုတိုက်ခိုက်လာခဲ့ခြင်းဖြစ်သည်။

S-500 Prometheus ဟု အမည်ပေးထားသည့် အဆိုပါအဆင့်မြင့်လက်နက်စနစ်ကို ယခုနှစ်တွင် စတင်တပ်တော်ဝင်အသုံးပြုနိုင်တော့မည်ဖြစ်ကြောင်း ရုရှားကာကွယ်ရေးဝန်ကြီးဟောင်း Sergei Shoigu က ဧပြီလတွင် ပြောကြားခဲ့သည်။ ထိုစဉ်က ၎င်းစနစ်တွင် ဒုံးခွင်းဒုံးနှင့် လေယာဉ်ပစ် ဒုံးကျည်ဇားရှင်း နှစ်မျိုးတပ်ဆင်အသုံးပြုသွားမည်ဟုပြောကြားခဲ့ဖူးသည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာန၏ အဆိုအရ S-500 လက်နက်စနစ်သည် တာတိုမှ တာလတ်ပစ် ခြိမ်းခြောက်မှုများကို ကြားဖြတ်ပစ်ချနိုင်ရန် ဒီဇိုင်းထုတ်ထားပြီး ကိုယ်ပျောက်တိုက်လေယာဉ်များ၊ ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်နှင့် အသံထက်မြန်သော ဟိုက်ပါဆောနစ်ဒုံးကျည်များထိ တုံ့ပြန်ဖျက်ဆီးနိုင်စွမ်းရှိသည်ဟု သိရသည်။

ရုရှားအစိုးရပိုင် ကာကွယ်ရေးကုမ္ပဏီ Almaz-Antey Concern က ထုတ်လုပ်ထားသည့် အဆိုပါလက်နက်စနစ်၏ ကြားဖြတ် အကွာအဝေးသည် ကီလိုမီတာ ၆၀၀ နှင့် အမြင့်ပေ ကီလိုမီတာ ၂၀၀ ထိ စွမ်းဆောင်ရည်များရှိသည်။ ၎င်းသည် ပစ်မှတ် ၁၀ ခုကို တစ်ပြိုင်နက်တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး S-400 လက်နက်စနစ်ထက် ပိုမို၍ အချိန်တိုအတွင်း တုံ့ပြန်နိုင်စွမ်းရှိကာ သုံးစက္ကန့်မှ လေးစက္ကန့်အတွင်း တုံ့ပြန်တိုက်ပွဲဝင်နိုင်မည်ဖြစ်သည်။ အခြားသော ထင်ရှားကျော်ကြားသည့် ဝိသေသလက္ခဏာ၊ အင်္ဂါရပ်များတွင် အကွာအဝေး ကီလိုမီတာ ၂၀၀၀ ထိ အာကာသအနီး ပစ်မှတ်များကိုပင် ထောက်လှမ်းနိုင်စွမ်းရှိသည့် အဆင့်မြင့်ရေဒါစနစ်တစ်ခု ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**Russians Move S-500 Air Defense System to Crimea: Ukraine Spy Chie ကို ဘာသာပြန်ဆိုထားပါသည်။**

## နယ်သာလန်နိုင်ငံက Patriot လေကြောင်းရန်ကာကွယ်ရေးစနစ်၏ ရေဒါနှင့်ဒုံးပစ်စင်များ ယူကရိန်းသို့ ပံ့ပိုးမည်

နယ်သာလန်နိုင်ငံသည် Patriot AN/ MPQ-53/65 ရေဒါတစ်စီးနှင့် ဒုံးပစ်စင် သုံးခုတို့ဖြင့် ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို ကောင်းမွန်စေရန် ထပ်မံပံ့ပိုးပေးမည်ဖြစ်ကြောင်း နယ်သာလန်ဝန်ကြီးချုပ် Mark Rutte က ၎င်းတို့၏ X အကောင့် (ယခင်အခေါ် တွစ်တာလူမှုကွန်ရက်)မှတစ်ဆင့် ဇွန် ၁၁ ရက်တွင် ကြေညာခဲ့သည် ဟု Army Recognition သတင်းဌာနက ဇွန် ၁၂ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသည်မှာ ယူကရိန်းထံ Patriot တပ်ခွဲများထပ်မံပေးပို့ရန် ကြိုးပမ်းဆောင်ရွက်ချက်များ၏ တစ်စိတ်တစ်ပိုင်းလည်းဖြစ်သည်။ သို့သော်လည်း နယ်သာလန်သည် လက်နက်စနစ်ကို ဖွဲ့စည်းပုံအပြည့် တပ်ဖြန့်အသုံးပြုနိုင်စေရန်အတွက် တိုက်ပွဲဝင်စီမံခန့်ခွဲမှုယာဉ် (Engagement Control Station)၊ အင်တင်နာယာဉ် (Antenna Mast Group)နှင့် ခါတ်အားပေးစက်ယာဉ် (Electrical Power Plant) တို့အပါအဝင် နောက်ထပ်အရေးကြီးသော အစိတ်အပိုင်းများကိုပံ့ပိုးပေးရန် နိုင်ငံတကာ မိတ်ဖက်နိုင်ငံများကို တောင်းဆိုထားကြောင်း သိရသည်။

ဒေသတွင်းတင်းမာမှုများ ဆက်လက်ဖြစ်ပေါ်နေချိန်တွင် ယူကရိန်း၏ ကာကွယ်ရေးကို အားကောင်းစေမည့် နယ်သာလန်၏ ပံ့ပိုးကူညီမှု ထွက်ပေါ်လာခြင်းဖြစ်သည်။ ၂၀၂၃ ခုနှစ် ဧပြီလတွင် နယ်သာလန်သည် Patriot Surface-to-Air Missile (SAM) မြေပြင်မှဝေဟင်ပစ် ဒုံးပစ်လောင်ချာနှင့်ဒုံးကျည် နှစ်စုံစာ ယူကရိန်းသို့ ပေးပို့ခဲ့ပြီးဖြစ်သည်။ ၎င်းမတိုင်မီ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကလည်း နယ်သာလန်သည် NASAMS II လေကြောင်းရန်ကာကွယ်ရေးစနစ်အတွက် AIM-120 AMRAAM ဒုံးကျည် ၁၂ စင်းကို ပံ့ပိုးပေးခဲ့ဖူးသည်။

နယ်သာလန်အစိုးရ၏ ဆက်လက်ပံ့ပိုးကူညီမှုသည် ယူကရိန်း၏ ကာကွယ်ရေးစွမ်းရည်ကိုမြှင့်တင်ရန် NATO အဖွဲ့၏ စုပေါင်းကြိုးပမ်းမှုတွင် အရေးကြီးသော အစိတ်အပိုင်းလည်းဖြစ်သည်။ ရေဒါနှင့် လောင်ချာများပေးပို့ခြင်းသည် ဝင်လာသော ဒုံးကျည်များနှင့် လေယာဉ်များကို ထောက်လှမ်း၊ ကြားဖြတ်ပစ်ချနိုင်စွမ်းသိသိသာသာ တိုးတက်လာမည်ဟု မျှော်လင့်ထားကြသည်။

အရှေ့ဥရောပတွင် အခြေအနေများ မငြိမ်မသက်ဖြစ်နေဆဲ ဖြစ်သောကြောင့် NATO အဖွဲ့ဝင်များနှင့် မဟာမိတ်များ၏ ပံ့ပိုးကူညီမှုသည် ဒေသတွင်းတည်ငြိမ်ရေးနှင့် လုံခြုံရေးကိုထိန်းသိမ်းရန်အတွက် အရေးကြီးသည်ဟု ၎င်းတို့က ယူဆထားသော်လည်း NATO အဖွဲ့များအတွင်း၌ပင် စည်းလုံးမှုပြိုကွဲနေပြီဖြစ်သည်။ ယူကရိန်းကို ပံ့ပိုးနေရမှုသည် နိုင်ငံအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်နေသည်ဟု ထုတ်ဖော်ပြောကြားထားသည့် နိုင်ငံများလည်းရှိနေကြောင်း သိရသည်။



AN/MPQ-53/65 ရေဒါသည်တိကျမှုမြင့်မားပြီး ပစ်မှတ်အများအပြားကို တစ်ပြိုင်နက် ခြေရာခံနိုင်စွမ်းကြောင့် လူသိများသော Patriot ဒုံးကျည်စနစ်၏ အဓိကအစိတ်အပိုင်းတစ်ခုဖြစ်သည်။ လောင်ချာများနှင့် အခြားလိုအပ်သောအစိတ်အပိုင်းများဖြင့် ပေါင်းစပ်ကာ ပဲ့ထိန်းဒုံးကျည်များ၊ ခရုဇ်ဒုံးကျည်များနှင့် အဆင့်မြင့်တိုက်လေယာဉ်များကိုပင် ကြားဖြတ်ပစ်ချနိုင်ရန်၊ ပြီးပြည့်စုံသောလေကြောင်းရန်ကာကွယ်ရေးစနစ်တစ်ခုဖြစ်ရန် မရှိမဖြစ်အရေးပါသည်။

နယ်သာလန်နိုင်ငံသည် ယူကရိန်းကို စစ်ရေးအရပံ့ပိုးကူညီမှုသည် ကြီးထွားလာနေသည့် လေကြောင်းခြိမ်းခြောက်မှုများကိုတုံ့ပြန်ရန်အတွက် ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးကို အားကောင်းစေရန် အနောက်နိုင်ငံများက ကြိုးပမ်းလျက်ရှိသည့် ပိုမိုကျယ်ပြန့်သော မဟာဗျူဟာတစ်စိတ်တစ်ပိုင်းဖြစ်သည်။ Patriot စနစ်သည် ၎င်း၏အဆင့်မြင့်သောစွမ်းရည်များနှင့်အတူ ယူကရိန်း၏ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်သို့ သိသာထင်ရှားသော အဆင့်မြှင့်တင်မှုတစ်ခုဖြစ်ပြီး လေကြောင်းခြိမ်းခြောက်မှု အမျိုးမျိုးကို ကာကွယ်နိုင်စေမည်ဖြစ်သည်။

**Netherlands to Supply Additional Patriot Air Defense Radar and Missile Launcher Units to Ukraine ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မေလအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**မအူပင် ဇွန် ၂၀**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မေလအတွင်းက ငါးရံ့ခြောက်ပိဿာချိန် ၈၅၀၀၀ ထိတင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြ၍ သိရသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက် ပြီးခဲ့သည့် ဧပြီလက ငါးရံ့ခြောက်ပိဿာချိန် ၅၅၀၀၀ ထိသာတင်ပို့ရောင်းချနိုင်ပြီး မေ ၁ ရက်မှ ၃၁ ရက်ထိ ငါးရံ့ခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့က ဝယ်ယူမှုအားကောင်းနေခြင်းကြောင့် တင်ပို့ရောင်းအားကောင်းလာခြင်းဖြစ်ကြောင်း သိရသည်။

"မအူပင်မြို့နယ်ကနေ ငါးခြောက်အစုံကို ရန်ကုန်နဲ့အခြားဒေသတွေကိုတင်ပို့ရောင်းချနေပါတယ်။ မေလအတွင်း ငါးရံ့ခြောက်ပိဿာချိန် ၈၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရတယ်။ လက်ရှိ ဒေသထွက် ငါးရံ့ခြောက်တွေကို ရန်ကုန်ဈေးကွက်က ဝယ်လိုအားကောင်းနေပါတယ်။ ဈေးကတော့ ငါးခြောက်အကြီးအသေးအပေါ် မူတည်ပါတယ်။ အခုလို အရောင်းအဝယ်ကောင်းလာတာကြောင့် ကုန်သည်တွေနဲ့ ငါးခြောက် သိုလှောင်ထားသူတွေ အဆင်ပြေပါတယ်"ဟု မအူပင်မြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်တင်တင်ညိုက ပြောပြသည်။

မအူပင်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ငါးရံ့ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၇၅၀၀ မှ ၁၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါဒေသထွက် ငါးရံ့ခြောက်များကို ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ထိုင်းနိုင်ငံတို့သို့ တင်ပို့ ရောင်းချလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဘားအံမြို့နယ် ပိန္နဲကုန်း(ကမ်းနား-၁)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဘားအံ ဇွန် ၂၀**

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့်မိသားစုဝင်ငွေတိုးပွားလာပြီး ဆင်းရဲမှုလျော့ကျစေရန်ရည်ရွယ်၍ နှစ်ခြားကျေးရွာအုပ်စု ပိန္နဲကုန်း(ကမ်းနား-၁) ကျေးရွာတွင် စတုတ္ထအကြိမ်မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ ဘာသာရေးကျောင်း၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသူရလွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်၊ အကျိုးကျေးဇူးများ၊အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းသတ်မှတ်ချက်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဥပဒေပါကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်နှင့် ရပိုင်ခွင့်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ပိန္နဲကုန်း (ကမ်းနား-၁) ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်းကို လွှဲပြောင်းပေးအပ်သည်။



ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပိန္နဲကုန်း(ကမ်းနား-၁) ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၅၄ ဦးကို စတုတ္ထအကြိမ်အဖြစ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၃၄ ဒသမ ၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ဆက်လူ**

# ပွင့်ဖြူမြို့နယ် လက်ပံချည်ပေါ်ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နေမှု စစ်ဆေး

**ပွင့်ဖြူ ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် လက်ပံချည်ပေါ် ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်၊ ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးလှဌေးမောင်၊ ခရိုင်မှ အင်ဂျင်နီယာများ၊ မင်းဘူးမြို့နယ်၊ စလင်းမြို့နယ်နှင့် ပွင့်ဖြူမြို့နယ်တို့မှ အင်ဂျင်နီယာများနှင့် လက်ပံချည်ပေါ် ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်းတွင် အောက်ခံမြေ (Sub Grade) CBR တိုင်းတာခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်က သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အရည်အသွေးပြည့်မီစေရေး အလေးထားဆောင်ရွက်သွားရန် မှာကြားသည်။

ပွင့်ဖြူမြို့နယ် လက်ပံချည်ပေါ် ကျေးရွာ၌ ကျေးရွာကုန်ထုတ်လမ်း အရှည် ၇ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁ ပေ ၉ လက်မရှိ မြေနီကျောက်စရစ်ခင်းခြင်းလုပ်ငန်းနှင့် Pipe Culvert တစ်စင်း တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေ ၅၂ ဒသမ ၉၅ သန်းဖြင့် ပွင့်ဖြူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကြီးကြပ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါလုပ်ငန်းများ ၃၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ လုပ်ငန်းများ ပြီးစီးပါက လက်ပံချည်ပေါ်ကျေးရွာနှင့် အနီးရှိ ညောင်ပင်သာ၊ ကျေးရွာများမှ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးကေ ၁၅၀ မှ ထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ကုန်ကျစရိတ်သက်သာစွာဖြင့် ဈေးကွက်အတွင်းသို့ အချိန်မီရောက်ရှိနိုင်မည်ဖြစ်ကြောင်း မင်းဘူးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်မောင်ကျော်ထံမှ သိရသည်။

**ဇင်မာ**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၂၀-၆-၂၀၂၄**

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၆၀၀၀၀/၁၆၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၅၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၁၅၀၀၀/၁၂၀၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| နွေဇီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၉၅၀၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၈၃၀၀၀/၈၅၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၈၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၇၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၃၆၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၅၉၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၇၂၅ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

# ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများတွင် ဆက်လက်ကြည့်ရှုလေ့လာခဲ့ပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိ



**ရန်ကုန် ဇွန် ၂၀**

(၅)ကြိမ်မြောက် လန်ချန်း-မဲခေါင် ရုပ်သံသီတင်းပတ်(5thLancang-Mekong Audiovisual Week)ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်ခဲ့သော ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်ခဲ့ကြသည့် လန်ချန်း- မဲခေါင် အဖွဲ့ဝင် နိုင်ငံများနှင့် တောင်အာရှနိုင်ငံများမှ ကိုယ်စားလှယ်များနှင့်အတူ ဇွန် ၁၉ ရက်တွင် ယူနန်ပြည်နယ် ကူမင်းမြို့နှင့် ယွိရှီမြို့တို့မှ အထင်ကရနေရာများတွင် ဆက်လက်၍ ကြည့်ရှုလေ့လာခဲ့ကြပြီး ယနေ့မွန်းလွဲပိုင်းတွင်ကူမင်းမြို့မှလေကြောင်းခရီးဖြင့်ထွက်ခွာရာ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဇွန် ၁၉ ရက် နံနက်ပိုင်းတွင် ယူနန်ပြည်နယ် ယွိရှီမြို့ရှိ မန်ကျည်းပင်ပြတိုက်သို့ ရောက်ရှိကြပြီး ကုန်ကြမ်းမှ ကုန်ချောအထိ ထုတ်လုပ်မှုလုပ်ငန်းစဉ်နှင့် အရည်၊ အခဲ၊ သံဘူး၊ အိတ်စသည့် ခေတ်မီထုပ်ပိုးမှုပုံစံ ခုနစ်မျိုးဖြင့် စားသောက်ကုန်အမျိုးအစား ၁၀၀ ကျော် ထုတ်လုပ်ဖြန့်ချိရောင်းချနေမှု လုပ်ငန်းစဉ်တို့ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါ ပြတိုက်ကို Yunnan Maoduoli Food Group Co., Ltd က ၁၉၉၁ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုအခါဝန်ထမ်းဦးရေ ၄၀၀ ကျော်ဖြင့် လုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိရာ ကုမ္ပဏီသည် ယူနန်ပြည်နယ်ရှိ သဘာဝစားသောက်ကုန်လုပ်ငန်းများ၏ ထိပ်တန်း ၂၀ စာရင်းတွင် သုံးနှစ်ဆက်တိုက် ဝင်ရောက်ခဲ့ပြီး အသိအမှတ်ပြုလက်ခံမှု ရရှိထားကြောင်း သိရသည်။

ဆက်လက်၍ ယူနန်၊ ကုန်းယွင်ရှန်း လက်ဖက်ခြောက်လုပ်ငန်း (Yunnan Gongrunxiang Tea Industry Company)၌ ထုတ်လုပ်မှုလုပ်ငန်းစဉ် အဆင့်ဆင့်ကို ကြည့်ရှုလေ့လာကြသည်။

အဆိုပါလုပ်ငန်းကို ၂၀၀၇ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လက်ဖက်ပင်စိုက်ပျိုးရေးစီမံခန့်ခွဲခြင်း၊ သိပ္ပံနည်းကျ တီထွင်ဆန်းသစ်ခြင်း၊ ကုန်အမှတ်တံဆိပ် လုပ်ဆောင်ခြင်း၊ ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးအတွက်ထုတ်လုပ်မှုနှင့် ရောင်းချမှုများဖြင့် ပေါင်းစည်းခြင်းများ ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် အမျိုးသားနည်းပညာ အဆင့်မြင့်လုပ်ငန်းအဖြစ် လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် တီထွင်ဆန်းသစ်မှုနှင့် သုတေသနဆုအဖြစ်လည်းကောင်း ရရှိခဲ့ကာ လက်ဖက်ခြောက်လုပ်ငန်းတွင် ရှေ့ဆောင်အဖြစ် ထွက်ပေါ်ရပ်တည်လျက် ရှိကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ဟုန်တခရိုင်ရှိ ရိုးရာမပျက်ထိန်းသိမ်းထားသည့် တရင်လူနေရပ်ကွက်သို့ သွားရောက်ပြီး လှည့်လည်ကြည့်ရှုလေ့လာကြသည်။

အဆိုပါနေရာသည် ဧရိယာ ၂၆ စတုရန်းကီလိုမီတာ ကျယ်ဝန်းပြီး အိမ်ခြေစုစုပေါင်း ၅၇၄၂ အိမ်ပါဝင်ကာ ပျော်ရွှင်ဖွယ်ကျေးလက်အသိုက်အဝန်း အမျိုးသားပြယုဂ်ဆု၊ လှပအေးဆေးသော ကျေးလက်ခရီးသွားလုပ်ငန်း၏ အဓိကကျေးရွာဆုများ ရရှိထားကာ ချီးကျူးဂုဏ်ပြုမှု အသိအမှတ်ပြုမှုများရရှိထားကြောင်း သိရသည်။

ထို့နောက် Yuxi Walvax Biological Technology Co.,Ltd သို့ ရောက်ရှိကြပြီး ကာကွယ်ဆေးထုတ်လုပ်မှု လုပ်ငန်းစဉ်ကို ကြည့်ရှုလေ့လာကြရာ ယူနန် Walvax ဇီဝနည်းပညာကုမ္ပဏီ၏ ကုမ္ပဏီခွဲတစ်ခုအဖြစ် ၂၀၀၅ ခုနှစ်တွင် ယွိရှီ Walvax ဇီဝနည်းပညာကုမ္ပဏီကို တည်ထောင်ခဲ့ပြီး ဥရောပစံနှုန်းများနှင့်အညီ တရုတ်နိုင်ငံတွင် အဆင့်အမြင့်ဆုံး ဇီဝနည်းပညာကုမ္ပဏီ တစ်ခုအဖြစ် ရပ်တည်ဆောင်ရွက်နေကြောင်း၊ နှစ်စဉ်ကာကွယ်ဆေး ဒါဇင်ပေါင်း ၃၉၀၀၀ ထုတ်လုပ်နိုင်မှုဖြင့် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေခြင်းဖြစ်ကြောင်း သိရသည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့ အခြေစိုက် Yunnan M Time Culture and Communication Co.,Ltd မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ M Time Myanmar Micro Video Production and Release Center နှင့် MRTV တို့ ပူးပေါင်းပြီး Online Media ဖြင့် အပြန်အလှန် ပူးပေါင်းထုတ်လွှင့်ရေးနှင့် ပူးတွဲရိုက်ကူးထုတ်လုပ်ရေးဆိုင်ရာများ ဆွေးနွေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် အဖွဲ့သည် တရုတ်နိုင်ငံ ယူနန်ပြည်နယ် ကူမင်းမြို့မှ လေကြောင်းခရီးဖြင့်ထွက်ခွာပြီး ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြရာ တရုတ်သံရုံးမှ သံမှူးကြီး Dr. Zheng Zhihong နှင့် ပြန်ကြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ကြိုဆိုကြသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသော အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# တောင်ငူမြို့ ကေတုမတီမြို့ဟောင်းမြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များ ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ကြည့်ရှုစစ်ဆေး





**တောင်ငူ ဇွန် ၂၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံ၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးမျိုးအောင်၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တောင်ငူမြို့ ကေတုမတီမြို့ဟောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောင်ငူကေတုမတီမြို့ဟောင်း အနောက်ဘက်မြို့ရိုး စင်တံခါးအနီးရှိ ကေတုမတီမြို့ဟောင်း မြို့ရိုးပြန်လည်တူးဖော်ထိန်းသိမ်းထားရှိမှု အခြေအနေကို သွားရောက်စစ်ဆေးရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုမြင့်ထွန်းက ကေတုမတီတောင်ငူမြို့၏သမိုင်းကြောင်း၊ မြို့ရိုး၊ ကျုံးများနှင့် မြို့ဝင်တံခါးပေါက်များ၏ လက်ရှိအခြေအနေ၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့၏ရန်ပုံငွေဖြင့် ကျုံးနှင့်မြို့ရိုး ဖော်ထုတ်ထိန်းသိမ်းထားမှု အခြေအနေ၊ ကျုံးနယ်နိမိတ် သတ်မှတ်စိုက်ထူထားသည့် တိုင်များ ဆောင်ရွက်ထားရှိမှုကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် တောင်ငူကေတုမတီမြို့ဟောင်း မြို့ရိုးနှင့်ကျုံးတို့၏ လက်ရှိအခြေအနေကို လည်းကောင်း၊ တောင်ငူကေတုမတီ မြို့ဟောင်းမြို့ရိုးနှင့် ပန်းချီတံခါးပေါက်အနီးရှိ ယိုးဒယားပေါက်ကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေဖြင့် ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုကို လည်းကောင်း၊ တောင်ငူကေတုမတီမြို့ရိုး ပန်းချီတံခါးပေါက်မှတစ်ဆင့် ကေတုမတီမြို့ရိုး၊ ကျုံးနှင့် မြို့ဝင်တံခါးပေါက်များ၏ လက်ရှိအခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက မြို့ရိုးနှင့်ကျုံးများသည် မိမိတို့၏ ဇာတိသွေး၊ ဇာတိမာန်ကို ဖော်ပြနိုင်သည့် သာမက အတိတ်က တောင်ငူဘုရင်များ၏ ဘုန်းတန်ခိုး၊ လက်ရုံးရည်၊ နှလုံးရည်တို့ကို ပြသနေသောကြောင့် တောင်ငူကေတုမတီ မြို့ဟောင်း ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြို့ရိုး၊ ကျုံးနှင့် မြို့ဝင်တံခါးပေါက်များကို ပြန်လည်ဖော်ထုတ်ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရန် အနာဂတ်မျိုးဆက်သစ်များကို လက်ဆင့်ကမ်းပေးရမည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးမှူးရုံး စုပေါင်းခန်းမ၌ ကျင်းပသည့် တောင်ငူကေတုမတီမြို့ရိုးနှင့်ကျုံးကို ထိန်းသိမ်းမှုဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တောင်ငူမြို့ ကေတုမတီမြို့ဟောင်း မြို့တည်၊ နန်းတည်နှစ် ၅၀၀ ပြည့် အထိမ်းအမှတ်ပွဲတော်ကို ၂၀၁၀ ပြည့်နှစ်မှစ၍ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့မှ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ဒေသခံမိဘပြည်သူများက နှစ်စဉ်နှစ်တိုင်း ခမ်းခမ်းနားနား စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြောင်း၊ လွန်ခဲ့သောနှစ်ပေါင်း ၅၀၀ ကျော်က မင်းကြီးညိုတည်ထောင်ခဲ့သော ကျုံးနှင့်မြို့ရိုးများ၊ အဆောက်အအုံများကို လက်ရှိအနေအထားထက် ပျက်ယွင်းမှုမရှိအောင် ပြန်လည်ဖော်ထုတ်ကာကွယ်ထိန်းသိမ်းသွားရမည်ဖြစ်ကြောင်းနှင့် မင်းကြီးမဟာသီရိဇေယျသူရ မင်းကြီးညို(အေဒီ ၁၄၈၆-၁၅၃၁) တည်ထောင်ခဲ့သည့် တောင်ငူကေတုမတီမြို့ဟောင်း မြို့ရိုးနှင့် ကျုံးနေရာများ၊ ရှေးဟောင်းအဆောက်အအုံများကို ယဉ်ကျေးမှုအမွေအနှစ်များအဖြစ် ထိန်းသိမ်းသွားနိုင်ရေးအတွက် တာဝန်ရှိသူများအားလုံး ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးဒေါ်နုမြဇံက ရှေးဟောင်းအမွေအနှစ်ဖြစ်သော တောင်ငူမြို့ ကေတုမတီမြို့ဟောင်း၊ မြို့ရိုး၊ ကျုံး၊ မြို့ဝင်ပေါက်များကို ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းသွားရန်လိုအပ်သည့် အချက်များကိုလည်းကောင်း၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးညိုမြင့်ထွန်းက တောင်ငူမြို့ ကေတုမတီမြို့ဟောင်း၊ မြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များနှင့် သမိုင်းကြောင်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက တောင်ငူမြို့ ကေတုမတီမြို့ဟောင်းမြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များ တူးဖော်ထိန်းသိမ်းမှု အခြေအနေများကိုလည်းကောင်း၊ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မြင့်က သမိုင်းဆိုင်ရာ သုတေသနပြုရန် လိုအပ်ချက်များကိုလည်းကောင်း၊ သမိုင်းသုတေသီ ဒေါက်တာမြသောင်းက တောင်ငူမြို့ ကေတုမတီမြို့ဟောင်းဆိုင်ရာ သုတေသနဆောင်ရွက်ခဲ့မှုအခြေအနေများကိုလည်းကောင်း၊ အမြဲတမ်းအတွင်းဝန် ဦးမြင့်ဦးက ခေတ်အဆက်ဆက်တောင်ငူမြို့ ကေတုမတီမြို့ဟောင်းကျုံးနှင့် မြို့ရိုးပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့မှု အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးမှာကြားပြီး တောင်ငူမြို့ ကေတုမတီမြို့ဟောင်းမြို့ရိုး၊ ကျုံး၊ မြို့ဝင်တံခါးပေါက်များ ထိန်းသိမ်းခြင်းလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းသည် နိုင်ငံတော်အတွက် မဖြစ်မနေ အောင်မြင်အောင် ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ အားလုံးက တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဇွန် ၂၀**

၂၀၂၄ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်းဆိုင်ရာတွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲက တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်ကြိုင်၊ တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စု သန်းခေါင်စာရင်း ကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တနင်္သာရီ တိုင်းဒေသကြီးအနေဖြင့် ကောက်ကွက် ပေါင်း ၂၆၀၀ ကျော်ဖြင့်ဖွဲ့စည်း၍ စာရင်းစစ်၊ စာရင်းကောက် ၁၀၀၀ ကျော်ဖြင့် ကောက်ယူ ရန်လျာထားကြောင်း၊ ယင်းသို့ဆောင်ရွက် ရာတွင် လုံခြုံရေးအခြေအနေနှင့် လမ်းပန်း ဆက်သွယ်မှု အခက်အခဲများကြောင့် သတ်မှတ်ရက်အတွင်း ကောက်ယူရန်ကျန်ရှိ နေပါက ရက်ထပ်မံတိုးမြှင့်ကောက်ယူနိုင် ရေး ကြိုတင်စီစဉ်ဆောင်ရွက်ထားကြရန် လိုကြောင်း၊ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကို အိမ်ထောင်စုမေးခွန်းပုံစံအတွက် မေးခွန်း ၆၈ ခု၊ အဖွဲ့အစည်းမေးခွန်းပုံစံအတွက် မေးခွန်း ၁၈ ခုဖြင့် တစ်အိမ်တက်ဆင်း ကောက်ယူမည်ဖြစ်သည့်အတွက် ပြည်သူ များအနေဖြင့် မေးခွန်းများကို မှန်မှန် ကန်ကန်ဖြေကြားခြင်းဖြင့် ပူးပေါင်းကူညီနိုင် ရေးအတွက် ပြည်သူလူထုအသိပညာပေး လုပ်ငန်းများကို ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်သွားကြရ မည်ဖြစ်ကြောင်း၊ နိုင်ငံတော်အတွက် မဖြစ်မနေအောင်မြင်အောင် ဆောင်ရွက် ရမည့် လုပ်ငန်းစဉ်ဖြစ်သည်နှင့်အညီ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူ ကာ အားလုံးက တက်ညီလက်ညီဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလို ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က တနင်္သာရီတိုင်းဒေသကြီးအတွင်း ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင် စာရင်း အောင်မြင်စွာကောက်ယူရေးအတွက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီ အစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်သူ့အင်အားဦးစီး ဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်စိုးက သန်းခေါင်စာရင်းကောက်ယူ ခြင်းမှရရှိသည့် အချက်အလက်များအပေါ် အခြေခံ၍ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လုံခြုံရေးဆိုင်ရာလုပ်ငန်းများတွင် ထိထိ ရောက်ရောက် အသုံးပြုဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးပြီး သန်းခေါင်စာရင်း ကောက်ယူခြင်းနှင့် ပတ်သက်၍ ရုပ်မြင်သံကြား Channel များတွင် ထုတ်လွှင့်ပြသမည့် ပြည်သူလူထု အသိပညာပေး TV Spot များကိုပြသသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း ကောက်ယူခြင်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများကို လွှဲပြောင်း ပေးအပ်ရာ တနင်္သာရီတိုင်းဒေသကြီး သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ချိုက လက်ခံရယူပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲအပြီးတွင် ပြည်ထောင်စု ဝန်ကြီး၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့သည် ခင်းကျင်းပြသထားသည့် ပြည်လုံးကျွတ် သန်းခေါင်စာရင်းတွင် အသုံးပြုမည့်ပစ္စည်းများကို ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး နှင့်အဖွဲ့သည် မြိတ်မြို့ ဘုရားငါးဆူစာသင် တိုက် ဓမ္မာရုံ၌ မြိတ်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက ဒေသခံပြည်သူများကို ပန်းခင်းစီမံချက်အဆင့်(၃)ဖြင့် နိုင်ငံတော်က ဖွဲ့စည်းထားသည့် ငါးဦးကော်မတီ၏ စိစစ် ချက်အရ အိမ်ထောင်စုလူဦးရေစာရင်း ထုတ်ပေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် စိစစ်ထုတ်ပေးခြင်း စသည့်လုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ နိုင်ငံသား ကတ်ရရှိပြီးသူများကို ရုံးချုပ် e-ID Server ရှိ အချက်အလက်များကို Online စနစ်ဖြင့် တိုက်ဆိုင်စိစစ်၍ e-ID စနစ်ဖြင့် ကိုယ်ရေး အချက်အလက် (Biographic)နှင့် ဇီဝ ဆိုင်ရာအချက်အလက် (Biometric) ကောက်ယူကာဂဏန်း ၁၀ လုံးပါ Unique ID နံပါတ်ထုတ်ပေးနေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားညွှန်ကြား ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# တရားမဝင် ဒစ်ဂျစ်တယ်ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်း၊ နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများကို အရေးယူဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၂၀**

ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေး လုပ်ငန်းအဖွဲ့၏အစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက မြန်မာနိုင်ငံတော်ဗဟိုဘဏ် ၌ ကျင်းပသည်။

အစည်းအဝေးသို့ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ လုပ်ငန်းအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင် ဦးကျော်ဝင်းသိန်း၊ လုပ်ငန်းအဖွဲ့အတွင်းရေးမှူး ငွေကြေး ဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့ အဖွဲ့ ခေါင်းဆောင် ယာယီရဲမှူးချုပ်သန့်လွင်မောင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အရာရှိကြီး များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ လုပ်ငန်းအဖွဲ့ဝင်များဖြစ်သည့် ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီး ဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေး ဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်း အခွန်များဦးစီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ ကျောက်မျက်ရတနာ ရောင်းဝယ်ရေး လုပ်ငန်း၊ သစ်တောဦးစီးဌာန၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်း ရေးရဲတပ်ဖွဲ့နှင့် ငွေကြေးဆိုင်ရာစုံစမ်း ထောက်လှမ်းရေးအဖွဲ့တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။



အစည်းအဝေးတွင် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက (၁၁)ကြိမ်မြောက် မြန်မာနိုင်ငံ၏ ငွေကြေးခဝါချမှုနှင့်အကြမ်း ဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေး ဆိုင်ရာ တိုးတက်မှုအစီရင်ခံစာအပေါ် အာရှပစိဖိတ်ဒေသ ပူးပေါင်းအဖွဲ့နှင့် ပြုလုပ်ခဲ့သည့် မျက်နှာချင်းဆိုင်အစည်း အဝေးတွင် ဆွေးနွေးဆုံးဖြတ်ချက်များအရ APJG မှ အကဲဖြတ်သူများအနေဖြင့် မြန်မာနိုင်ငံ၏ အကောင်အထည်ဖော် ဆောင်ရွက်မှုများသည် တိုးတက်မှုရှိ ကြောင်းနှင့် ကြိုးပမ်းဆောင်ရွက်မှုများပေါ် အသိအမှတ်ပြုခဲ့ကြောင်း၊ ရလဒ်ကောင်း များအနေဖြင့် ၂၀၂၁ ခုနှစ်မှ ၂၀၂၄ ခုနှစ် ထိ အကောင်အထည်ဖော်ဆောင်ရွက်ရ မည့် အစီအမံ ငါးခုသည် ကြီးမားစွာလိုက် နာဆောင်ရွက်ရေးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ ကြောင်း၊ အသိအမှတ်ပြုတိုးတက်မှုများရရှိ ခဲ့သော်လည်း ပြည်သူလူထု၏ အကျိုးစီးပွား ကိုထိခိုက်စေရန် Media များဖြင့် တိုက်ခိုက် မှုများရှိနေကြောင်း၊ ယင်းအပေါ် AML/ CFT ဆိုင်ရာ အကောင်အထည်ဖော်တိုးတက် ဆောင်ရွက်မှုများကို အများပြည်သူသိရှိစေ ရန် သတင်းထုတ်ပြန်ချက်များနှင့်ရှင်းလင်း ခဲ့ကြောင်း၊ စင်ကာပူနိုင်ငံတွင် မကြာမီ ကျင်းပမည့် ငွေကြေးဆိုင်ရာအရေးယူ ဆောင်ရွက်ရေးအဖွဲ့ (FATF)၏ မျက်နှာ စုံညီအစည်းအဝေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု လေ့လာသုံးသပ်ရေး အဖွဲ့(ICRG)လုပ်ငန်းအဖွဲ့ အစည်းအဝေး များသို့ မြန်မာကိုယ်စားလှယ်များတက်ရောက် ရာတွင် အဓိကဆွေးနွေးသင့်သည့်အချက် များကို သိရှိထားရန်လိုအပ်ကြောင်း။

APJG သို့ လေးလတစ်ကြိမ် တင်ပြရ သည့် တိုးတက်မှုအစီရင်ခံစာနှင့်စပ်လျဉ်း ၍ ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျန်ရှိသည့်အစီအမံများကို အဆင့်သတ်မှတ်ချက်ပိုမိုရရှိရေး ကြိုးပမ်း ဆောင်ရွက်ရန်နှင့် တရားမဝင်ဒစ်ဂျစ်တယ် ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်း၊ နိုင်ငံခြားငွေကြေး ကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်း ဆောင်ရွက်နေသူများကို တရားဝင်လိုင်စင်မရှိဘဲ ဆောင်ရွက်နေသည့် အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေး ဥပဒေနှင့် ငွေရေးကြေးရေးအဖွဲ့အစည်း များဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြင့် ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ နှင့် အတွင်းရေးမှူးတို့က FATF နှင့် ICRG အစည်းအဝေးများတွင် တင်ပြရန် အချက်များနှင့် APJG သို့ လေးလတစ်ကြိမ် တင်ပြရသည့် တိုးတက်မှုအစီရင်ခံစာနှင့် စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရမည့် အချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြ ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)

မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၄)

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ - ၂၇ ရက် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန -၂


## ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်အောင်သင်ယူရေး

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းနေအရွယ်ကလေးအားလုံး အခြေခံပညာအလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင် သင်ကြားနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများအနေဖြင့် အခြေခံပညာအထက်တန်းအဆင့်၊ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့်ပညာရေးလမ်းသွယ်(၄)မျိုးကို ဆက်လက်သင်ကြားနိုင်မည်ဖြစ်ပါသည်။ စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားပေးမည့် အခြေခံပညာအထက်တန်းကျောင်းများကို ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ၅၁ ကျောင်းဖွင့်လှစ်ခဲ့ပြီး ၂၀၂၄ - ၂၀၂၅ ပညာသင်နှစ်တွင် ၃၄ ကျောင်း ထပ်မံဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းနေအရွယ်ကလေးအားလုံး အလယ်တန်းအဆင့် (Grade 9) ပြီးမြောက်အောင်သင်ယူနိုင်ရေး တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။

## ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ရှေးဟောင်းရေကန်များအတွက် ပါဝင်လှူဒါန်းနိုင်

**နေပြည်တော် ဇွန် ၂၀**

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် ပြည်တွင်း၊ ပြည်ပကျွမ်းကျင်ပညာရှင်များ၏ အကြံပြုချက်များနှင့် ကမ္ဘာ့အမွေအနှစ်စံနှုန်းများနှင့်အညီ ပြန်လည်တူးဖော်ပြုပြင်ထိန်းသိမ်းလျက်ရှိသော ပထမအဆင့် ရှေးဟောင်းရေကန် ၄၆ ကန်နှင့် ဒုတိယအဆင့် ရှေးဟောင်းရေကန် ၄၅ ကန်တို့အတွက် ပါဝင်လှူဒါန်းလိုပါက **ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(စီမံ/ဘဏ္ဍာဌာနခွဲ) နေပြည်တော် ဖုန်း ၀၉-၄၄၄၀၄၇၁၂၃၊ ၀၆၇-၃၄၀၈၄၁၈၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ရန်ကုန်ဌာနခွဲ ဖုန်း ၀၉-၅၀၆၁၈၃၂၊ ၀၁-၇၅၁၃၈၉၇၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မန္တလေးဌာနခွဲ ဖုန်း ၀၉-၂၀၀၂၁၉၅၊ ၀၂-၄၀၆၀၀၆၁၊ ညွှန်ကြားရေးမှူး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ပုဂံဌာနခွဲ ဖုန်း ၀၉-၂၀၀၁၉၀၆၊ ၀၆၁-၂၄၆၀၂၆၉တို့ သို့လည်းကောင်း၊ KBZ Bank NYAUNG OO BRANCH Account No-06713906701442701** သို့လည်းကောင်း ပေးပို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။ **(သတင်းစဉ်)**

## နိုင်ငံရေးပါတီ တည်ထောင်ခွင့်များ လာရောက်လျှောက်ထားလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ရန်အတွက် နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၃ အရ နိုင်ငံရေးပါတီတည်ထောင်လိုသော **လူမှုစီးပွားမြှင့်တင်ရေးပါတီ**သည် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ နိုင်ငံရေးပါတီတည်ထောင်ခွင့်ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယနေ့တွင် လာရောက်လျှောက်ထားခဲ့သည်။

ယနေ့ထိ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၃ အရ လျှောက်ထားသော ပါတီ ၁၇ ပါတီရှိပြီး နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၂၅ အရ နိုင်ငံရေးပါတီအဖြစ် ဆက်လက်တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်လျှောက်ထားသည့်ပါတီ ၅၀ စုစုပေါင်း ၆၇ ပါတီရှိပြီဖြစ်သည်။ ယခုလျှောက်ထားသည့်အဖွဲ့ကို ပါတီတည်ထောင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့ရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှ စာတိုပေးပို့ရန်(SMS) ၀၉- ၂၅၅၀၀၂၅၀၁

(ခ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉- ၂၅၅၀၀၂၅၀၂

(ဂ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁- ၂၀၃၂၀၉၁၊ ၀၇၁- ၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၇

(ဃ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉- ၂၀၂၄၀၃၇၊ ၀၅၉- ၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၈

(င) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂- ၂၂၀၁၉၃၉၊ ၀၅၂- ၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၀၉

(စ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃- ၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၀

(ဆ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂- ၄၀၂၁၂၄၅၊ ၀၂- ၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၁

(ဇ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇ - ၂၀၂၇၉၃၅၊ ၀၅၇- ၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၂

(ဈ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)**
- (၁) ၀၉- ၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၃

(ည) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁- ၈၃၀၀၀၁၆၊ ၀၁- ၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၂၅၅၀၀၂၅၁၄

(ဋ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁- ၂၁၂၄၅၄၀၊ ၀၈၁- ၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၅

(ဌ) **ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂- ၂၀၂၅၉၉၃၊ ၀၄၂- ၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS)၀၉-၂၅၅၀၀၂၅၁၆

၂။ စုံစမ်းမေးမြန်းခြင်း၊ သတင်းပို့ခြင်းမဟုတ်ဘဲ အနှောင့်အယှက်ပေးဆက်သွယ်လာသည့် တယ်လီဖုန်းနံပါတ်များကို မှတ်တမ်းတင်ကာ ယင်းဖုန်းဆင်းကတ်များကို ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ရသူများ

**ကင်းလွတ်ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

- (က) သာသနာ့ဝန်ထမ်းများ။
- (ခ) အိမ်ထောင်သည် အမျိုးသမီးများ (အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
- (ဂ) ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
- (ဃ) တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
- (င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်ခွင့်ပြုသူများ

- (က) ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
- (ခ) ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း (သို့မဟုတ်) စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
- (ဂ) နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန်မဖြစ်နိုင်သေးသော အသိပညာရှင်(သို့မဟုတ်) အတတ်ပညာရှင်များ။
- (ဃ) တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ (ကိတ္တိမသားသမီးများ၊မွေးစားသားသမီးများမပါ)။

  **မှတ်ချက်။** အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
- (င) အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
- (စ) နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
- (ဆ) တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
- (ဇ) ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့်ဇနီး မိသားစုက နေပြည်တော်ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အတွက် အလှူငွေများ လှူဒါန်း




**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးကိုကိုနှင့်ဇနီး မိသားစုက နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)အတွက် အလှူငွေများ လှူဒါန်းခြင်း အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အုပ်ချုပ်မှုဆောင်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်လက်ခံသည်။

လှူဒါန်းပွဲအခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ၊ ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီးရုံးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ နေပြည်တော် ပြည်သူ့ဆေးရုံကြီး(ခုတင်-၁၀၀၀)မှ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက လှူဒါန်းရခြင်းအကြောင်းရင်းကို ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီးမိသားစုက နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)အတွက် ငွေကျပ်သိန်း(၃၀) ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ၂၀၁၉ ခုနှစ် ဉပဒေရေးရာဝန်ကြီးဌာန၏ ငါးမျိုးစိတ်စိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၂၀**

ဉပဒေရေးရာဝန်ကြီးဌာန၏ ငါးမျိုးစိတ်စိုက်ထည့်ခြင်းနှင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် သတ်မှတ်နေရာများ၌ ကျင်းပသည်။

ဦးစွာ ဉပဒေရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဉီး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဉီး၊ ဝန်ကြီးရုံးညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ငါးသားပေါက်ကောင်ရေ စုစုပေါင်း ၃၀၀၀ ကို ဉပဒေရေးရာဝန်ကြီးဌာန၏ ရုံးအဝင်လမ်းရှိ တစ်ဖက်ပိတ်ဆည်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးကြသည်။

ယင်းနောက် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို နေပြည်တော်ကောင်စီနယ်မြေ ဉတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ရှိ ဉပဒေအသိပညာ ပြန့်ပွားရေးသင်တန်းကျောင်း၌ ဆက်လက်ကျင်းပရာ သတ်မှတ်နေရာများ၌ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က တရုတ်စကားပင်ကိုစိုက်ပျိုးပေးပြီး ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ်၊ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များက တရုတ်စကားပင်၊ ငု၊ အာဆီယံသပြေနှင့် ကံ့ကော်ပင်တို့ကို စိုက်ပျိုးပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်တို့သည် ညွှန်ကြားရေးမှူးချုပ်များနှင့်အတူ အရာထမ်း၊ အမှုထမ်းများ၏ သစ်ပင်စိုက်ပျိုးနေမှုကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယခုနှစ် ဉပဒေရေးရာဝန်ကြီးဌာန၏ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတွင် တရုတ်စကားပင်၊ ငု၊ အာဆီယံသပြေနှင့် ကံ့ကော်အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သတင်းရရှိသည်။**(သတင်းစဉ်)**



# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ပြင်ဦးလွင်မြို့ သုမင်္ဂလာဈေး (ညံတောဈေး) ပန္နက်တင်မင်္ဂလာအခမ်းအနားသို့ တက်ရောက်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းကြည့်ရှု



**မန္တလေး ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၂)အတွင်းရှိ သုမင်္ဂလာဈေး(ညံတောဈေး)ကို ခေတ်မီအဆင့်မြင့် အာရ်စီ ခြောက်ထပ်ဈေးကြီးအဖြစ် တည်ဆောက်သည့်လုပ်ငန်းများ စတင်ခြင်း ပန္နက်တင်မင်္ဂလာအခမ်းအနားကို ယနေ့ နံနက်ပိုင်းက အဆိုပါဈေးတည်ဆောက်သည့် မင်္ဂလာနေရာတွင်ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ ပြင်ဦးလွင်တပ်နယ်မှူး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တင်ဒါအောင်ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပြင်ဦးလွင်တပ်နယ်မှူး၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများတွင် ပန္နက်တင်မင်္ဂလာကို အစီအစဉ်အတိုင်းဆောင်ရွက်ခဲ့ကြပြီး လုပ်ငန်းခွင်အတွင်း လိုက်လံကြည့်ရှုသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ရှိ သမိုင်းဝင် မဟာရွှေမြင်တင် စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီအတွင်းရှိအရပ်လေးမျက်နှာ ရွှေမြင်တင်မြတ်စွာဘုရားလေးဆူအား ဖူးမြော်ကြည်ညိုပြီး ဘုရားလေးဆူကို ရွှေသင်္ကန်းဆက်ကပ်လှူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်နေမှု၊ စေတီတော်မြတ်ကြီး ပရိဝုဏ်အပြင်ဘက် စေတီတော်မြတ်ကြီးသို့ အဝင်နိုင်လွန်လမ်းခင်းခြင်းနှင့် အဝင်လမ်းတစ်လျှောက် အရိပ်ရသစ်ပင်များစိုက်ပျိုးထားမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ပြင်ဦးလွင်မြို့နယ်အတွင်း ရေစီးရေလာကောင်းမွန်ရေး မြို့တွင်းဖြတ်မြောင်းများ၏ အခြေအနေများကိုလည်းကောင်း၊ ဘော်ကျေးရွာအုပ်စု ဘော်ကျေးရွာရှိ ဧက ၂၀၀ စိုက်ပျိုးရေးနှင့် မွေးမြူရေးဇုန်သို့လည်းကောင်း၊ ပြင်ဦးလွင်မြို့ ပိန္နဲကုန်းကျေးရွာသွားလမ်းရှိ ပြင်ဦးလွင် စည်ပင်အမှိုက်ကျင်းနေရာသို့လည်းကောင်း ကွင်းဆင်းကြည့်ရှုပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်း

**နေပြည်တော် ဇွန် ၂၀**

ပဲခူးတိုင်းဒေသကြီး (အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်အပ်နှင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် တောင်ငူလေတပ်စခန်းဌာနချုပ် အားကစားခန်းမ၌ပြုလုပ်ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကြည်သိုက်နှင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက လက်နက်များ တပ်ဆင်ပေးရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်များတပ်ဆင်အပ်နှင်းပေးပြီး ပြည်သူ့စစ်(ဌာနေ)အဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၎င်းနောက် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့မှ တာဝန်ရှိသူတစ်ဦးက နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများအတွက် စားသောက်ဖွယ်ရာများပေးအပ်ရာ တိုင်းမှူးက လက်ခံရယူသည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(၅၀၁)**



ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကို လက်နက်တပ်ဆင်အပ်နှင်းပွဲကျင်းပစဉ်။

# မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်




သံဃာတော်များအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် ဇွန် ၂၀**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ပေါ်ရှိ သံဃာတော်များအား ယနေ့နံနက်ပိုင်းတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်လှည့်ဆေးကုသရေးအဖွဲ့က ရန်အောင်မြင်ကျောင်းတိုက်(ဘုမ္မော)၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသရေးအဖွဲ့က သံဃာတော် ၃၅ ပါး တို့ကို ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ အရိုးအကြောရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ECG စက်ဖြင့် နှလုံးစမ်းသပ်စစ်ဆေးပေးခြင်း၊ ဓာတ်မှန်ရိုက်၍ ရောဂါရှာဖွေပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် သံဃာတော်များအား မြစ်ကြီးနားမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (၅၀၁)

# မတ္တရာမြို့နယ် ပြည်သာအေးကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများ လုပ်ကြံရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇွန် ၁၈ ရက်တွင် ပြည်သာအေးကျေးရွာကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းတု၊ သတင်းမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

ဖြစ်စဉ်အမှန်မှာ အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့မှုအရ မတ္တရာမြို့နယ် ပြည်သာအေးကျေးရွာအနီးတွင် အကြမ်းဖက်သမားများ ခိုအောင်းရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးပူးပေါင်းတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်ခဲ့ရာ ပြည်သာအေးကျေးရွာအနီးသို့ ရောက်ရှိစဉ် အကြမ်းဖက်သမားများက စတင်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်သေဆုံးမှုရှိခဲ့ပြီး ကျေးရွာအတွင်းမှ ဆုတ်ခွာထွက်ပြေးသွားခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအတွင်း အကြမ်းဖက်သမားများ အကာအကွယ်ယူပစ်ခတ်ခဲ့သည့် လူနေအိမ်အချို့ကို ရှာဖွေစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ လက်လုပ်စိန်ပြောင်း နှစ်လက်၊ လက်လုပ်မိုင်း ခြောက်လုံး၊ လက်လုပ်ဗုံးသီးငါးလုံးနှင့် ဖောက်ခွဲရေးဆက်စပ်ပစ္စည်းများကို သိမ်းဆည်းရမိခဲ့ကြောင်း လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများသည် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူလူထုက အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရောက်ရှိသည့်နေရာနှင့် အနီးဝန်းကျင်နေရာများတွင် လုပ်ကြံသတင်းများဖြင့် ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသား ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့က စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ငါးသိန်းကျပ်မှ ရှစ်သိန်းကျပ်ထိ လိုက်လံကောက်ခံနေဟု သတင်းတု၊ သတင်းမှားများ ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဇွန် ၂၀**

ရှမ်းပြည်နယ် ဆီဆိုင်မြို့နယ်တွင် တပ်မတော်နှင့် PNO အဖွဲ့တို့က ဇွန် ၁၇ ရက်တွင် စစ်အသုံးစရိတ်ဟုဆိုကာ တစ်အိမ်လျှင် ငါးသိန်းကျပ်မှ ရှစ်သိန်းကျပ်ထိ လိုက်လံကောက်ခံနေကြောင်း မှန်ကန်မှုမရှိသော သတင်းများကို လူမှုကွန်ရက်ပေါ်တွင် ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် PNO အဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့၏ ပြောကြားချက်အရ ဆီဆိုင်မြို့နယ်အတွင်း မည်သည့်ငွေကြေးမျှ ကောက်ခံခြင်းမရှိဘဲ လုပ်ကြံရေးသားထားသော သတင်းမှားသာဖြစ်ကြောင်း၊ ဆီဆိုင်မြို့နယ်အတွင်း ဒေသခံပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်ဥစ္စာကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နယ်မြေဒေသ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် နယ်မြေလုံခြုံရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နယ်မြေလုံခြုံရေး ဆောင်ရွက်နေမှုအပေါ် ပြည်သူလူထုမှ အထင်အမြင်လွဲမှားစေရန်အတွက် တရားမဝင် ပြည်ဖျက်မီဒီယာများက သတင်းတု၊ သတင်းမှားများကို ထုတ်လွှင့်ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇွန် ၂၀**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့်ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့်ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေး ဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများက တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဇွန် ၁၉ ရက်တွင် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Kyaw Aye Lwin"Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်တွင်းလပ်နေ ကျော်အေးလွင်အား နံနက် ၁၀ နာရီခွဲတွင် ချောက်မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။ (၅၀၁)

**❖ ထပ်မံအသိပေးကြေညာမှု**

ဆိပ်ကမ်း၊ လေဆိပ်များသို့ တင်သွင်းရောက်ရှိခြင်းမပြုလုပ်ရန်နှင့် ခွင့်ပြုချက်မရရှိဘဲ ရောက်ရှိပါက အဆိုပါတင်သွင်းသော ကုမ္ပဏီများကို ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်းကို ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၈ ရက်တွင် အမိန့်ကြော်ငြာစာအမှတ် (၅၀/၂၀၂၀) ဖြင့်ထုတ်ပြန်ထားသော်လည်း သတ်မှတ်စည်းကမ်းများကို လိုက်နာဆောင်ရွက်မှုမရှိဘဲ ဆိပ်ကမ်း၊ လေဆိပ်များသို့ ခွင့်ပြုချက်မရရှိသေးသော ကုန်ပစ္စည်းများကို ကြိုတင်တင်သွင်းဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရသည်။

ပြည်တွင်းကုန်ထုတ်လုပ်မှုလုပ်ငန်းများနှင့် ကျန်းမာရေးကဏ္ဍတို့အတွက် လိုအပ်သော အရေးကြီးကုန်ပစ္စည်းများကို အကောက်ခွန်ဦးစီးဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောက်ခွန် ကုန်လှောင်ရုံများတွင် ထည့်သွင်းခွင့်ပြုထားပြီးဖြစ်သည်။

သို့ဖြစ်ပါ၍ ထုတ်ပြန်ထားသော ဥပဒေနှင့် စည်းကမ်းများကို အလေးအနက်ထားလိုက်နာစေရန်ရည်ရွယ်၍ သွင်းကုန်လိုင်စင်၊ ပါမစ် ခွင့်ပြုချက် တစ်စုံတစ်ရာမရရှိဘဲ ကုန်ပစ္စည်းများ ဆိပ်ကမ်းနှင့်လေဆိပ်များသို့ တင်သွင်းရောက်ရှိမှုမရှိစေရေးအတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်ရေးဦးစီးဌာနက ထပ်မံနှိုးဆော်အသိပေး ကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ယခုနှစ် ရေကြီးရေလျှံမှု ၂၀၂၂ ခုနှစ်ထက် ပိုမိုဆိုးရွားခဲ့



**နယူးဒေလီ ဇွန် ၂၀**

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ်၌ ၂၀၂၂ ခုနှစ်တွင် ရေကြီးရေလျှံမှု ပြဿနာများဖြင့် အဆိုးရွားဆုံး ရင်ဆိုင်ခဲ့ရသည့် နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့သော်လည်း ၂၀၂၄ ခုနှစ်တွင် ဖြစ်ပွားနေသည့် ရေကြီးရေလျှံမှုမှာ အခြေအနေပိုမိုဆိုးရွားခဲ့ပြီး ၂၀၂၂ ခုနှစ်က စံချိန်ကို ကျော်ဖြတ်သွားဖွယ်ရှိနေကြောင်း ပန်ဂျပ်ပြည်နယ် Disaster Management Authority အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

၂၀၂၃ ခုနှစ်ကလည်း ရေကြီးရေလျှံမှုအခြေအနေဆိုးရွားခဲ့သော်လည်း ၂၀၂၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သော ရေကြီးရေလျှံမှုမှာ ၂၀၂၃ ခုနှစ်ကဖြစ်ပွားခဲ့သော ပမာဏထက် ၃၅ ရာခိုင်နှုန်း မြင့်မားခဲ့ကြောင်း၊ မိုးလေဝသခန့်မှန်းချက်များအရ ယခုနှစ် ရေကြီးရေလျှံမှု ပြဿနာသည် ပိုမိုမြင့်တက်လာဖွယ်ရှိနေသည့်အတွက် ပန်ဂျပ်ပြည်နယ်သက်တမ်းတစ်လျှောက် အဆိုးရွားဆုံးသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေကြောင်း ပန်ဂျပ်ပြည်နယ် Disaster Management Authority အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ရက်ပိုင်းက အပူချိန်တွေမြင့်တက်ခဲ့တယ်။ အပူချိန်မြင့်တက်မှုကြောင့် ရေခဲမြစ်တွေအရည်ပျော်ကျခဲ့တယ်။ ရေခဲမြစ်အပျော်ကျခဲ့တဲ့အတွက်ကြောင့်လဲ မြစ်ချောင်းတွေမှာ ရေပမာဏမြင့်တက်ခဲ့တယ်။ ဇွန် ၁၉ ရက်ကနေ စတင်ပြီးတော့ မိုးသက်လေပြင်းကျရောက်လာဖွယ်ရှိနေတဲ့အတွက် ရေကြီးရေလျှံမှုအခြေအနေဟာ ပိုဆိုးလာနိုင်ပါတယ်"ဟု ပန်ဂျပ်ပြည်နယ် Disaster Management Authority အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသွားခဲ့သည်။

**Ref : Xinhua News**

**Trs : Sai Sat**

# ရာသီဥတုဖောက်ပြန်မှုက အာတိတ်သမုဒ္ဒရာအပေါ် ရိုက်ခတ်နိုင်မှုနှင့်ပတ်သက်၍ သုတေသနရလဒ်ထုတ်ပြန်

**ဟယ်လ်ဆင်ကီး ဇွန် ၂၀**

ကမ္ဘာတစ်ဝန်း ရာသီဥတုဖောက်ပြန်မှုပြဿနာများ ဖြစ်ပေါ်လျက်ရှိပြီး ရာသီဥတုဖောက်ပြန်မှုသည် အာတိတ်သမုဒ္ဒရာအပေါ် ရိုက်ခတ်နိုင်မှုနှင့်ပတ်သက်၍ ဖင်လန်နိုင်ငံ University of Oulu မှ သုတေသီများက သုတေသနပြုလုပ်ခဲ့ပြီးနောက် သုတေသနရလဒ်များကို ဇွန် ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

သုတေသနရလဒ်များအရ ရာသီဥတုဖောက်ပြန်မှုသည် အာတိတ်သမုဒ္ဒရာကို ကြီးမားသည့်ရိုက်ခတ်မှုဖြစ်ပေါ်စေပြီး အာတိတ်သမုဒ္ဒရာပိုင်းဇုန် ဒေသတချို့အပေါ်တွင်လည်း ကြီးမားသည့်ရိုက်ခတ်မှုများ ဖြစ်ပေါ်စေကြောင်း သုတေသီများက ထုတ်ပြန်သွားခဲ့သည်။

"အာတိတ်သမုဒ္ဒရာမှာ ရာသီဥတုဖောက်ပြန်မှုရဲ့ ရိုက်ခတ်မှုဒဏ်ကို ရင်ဆိုင်နေရပါတယ်။ အာတိတ်သမုဒ္ဒရာပိုင်းဇုန်ဒေသတွေဖြစ်တဲ့ ဂရင်းလန်းနယ်မြေ၊ အိုက်စလန်နိုင်ငံ၊ စဗယ်ဘတ်နယ်မြေတို့မှာလဲ ရာသီဥတု ဖောက်ပြန်မှုပြဿနာတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် ICEBERG စီမံကိန်းအမည်နဲ့ သုတေသနတွေပြုလုပ်နေပါတယ်။ ဒီစီမံကိန်းဟာ အာတိတ်သမုဒ္ဒရာပိုင်းမှာ ရာသီဥတုဖောက်ပြန်နေမှုပြဿနာကို အဓိကဖြေရှင်းပေးနိုင်မှာပါ။ ရာသီဥတုဖောက်ပြန်မှုဆိုတဲ့နေရာမှာ လေထုညစ်ညမ်းမှုပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် ဦးတည်ဆောင်ရွက်နေတဲ့ စီမံကိန်းဖြစ်ပါတယ်"ဟု ICEBERG စီမံကိန်းမန်နေဂျာ ဒိုဆန်က ပြောကြားခဲ့သည်။

သုတေသီများက ICEBERG စီမံကိန်းအမည်ဖြင့် အာတိတ်သမုဒ္ဒရာတွင် ရာသီဥတုဖောက်ပြန်မှု၏ ရိုက်ခတ်မှုကို ရင်ဆိုင်နေရသည့် အခြေအနေနှင့်ပတ်သက်၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်နေပြီး အာတိတ်သမုဒ္ဒရာတွင် ရာသီဥတုဖောက်ပြန်မှု၏ရိုက်ခတ်မှုဒဏ်ဖြင့် ရင်ဆိုင်နေရခြင်းအပေါ် အာတိတ်သမုဒ္ဒရာပိုင်းဇုန်မှ နိုင်ငံများနှင့်လည်း ဖြေရှင်းဆောင်ရွက်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း University of Oulu မှ သုတေသီများက ထုတ်ပြန်ခဲ့သည်။

သုတေသီများက အာတိတ်သမုဒ္ဒရာပိုင်းတွင် ရာသီဥတုဖောက်ပြန်မှုနှင့်ပတ်သက်၍ လေထုညစ်ညမ်းမှုကို အဓိကဖြေရှင်းသွားမည်ဖြစ်ပြီး ICEBERG စီမံကိန်းသည် လေထုညစ်ညမ်းမှု လျှော့ချရေးပြဿနာကို ဖြေရှင်းပေးနိုင်မည်ကို ယုံကြည်ကြောင်း ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# အင်ဒိုနီးရှားနိုင်ငံရှိ Lewotobi မီးတောင် ဆက်လက်ပေါက်ကွဲလျက်ရှိသဖြင့် မီးတောင်အနီး နေထိုင်သွားလာခြင်းများမပြုလုပ်ရန် သတိပေးချက်ထုတ်ပြန်

**ဂျကာတာ ဇွန် ၂၀**

အင်ဒိုနီးရှားနိုင်ငံ ဖလောရစ်ကျွန်းပေါ်ရှိ Lewotobi မီးတောင် ဆက်လက်ပေါက်ကွဲမှုဖြစ်ပွားလျက်ရှိသဖြင့် မီးတောင်အနီး နေထိုင်သွားလာခြင်းများ မပြုလုပ်ရန် တာဝန်ရှိသူများက သတိပေးထုတ်ပြန်ထားကြောင်း ယနေ့သတင်းများအရ သိရသည်။

Lewotobi မီးတောင်သည် ပြီးခဲ့သည့် သီတင်းပတ်မှစ၍ ပေါက်ကွဲမှုစတင်ဖြစ်ပွားခဲ့ရာ မီးတောင်မှပြာများ လွင့်စဉ်မှုကြောင့် အဆိုပါကျွန်းပေါ်ရှိ အရှေ့နူဆာတန်ဂရာပြည်နယ် လေဆိပ်နှစ်ခုကို ထိခိုက်မှုများ ဖြစ်ပေါ်ခဲ့ရာ ဇွန် ၁၆ ရက်က လေယာဉ်ပျံသန်းမှုခရီးစဉ်များ ရပ်တန့်ခဲ့ရကြောင်း သိရသည်။

မီးတောင်မှပြာများ လွင့်စဉ်မှုကြောင့် ထိခိုက်မှုဖြစ်ပေါ်ခဲ့သော လေဆိပ်နှစ်ခုမှာ ဆက်ကာခရိုင် မာမီယာမြို့ရှိ ဖရန်ဆီဒါလေဆိပ်နှင့် အန်ဒါခရိုင်ရှိ ဟာဂျီဟက်ဆန်အယ်ရိုဘိုစမန်လေဆိပ်တို့ ဖြစ်ကြောင်း လေဆိပ်တာဝန်ရှိသူများ၏ ပြောကြားချက်များအရ သိရသည်။

Lewotobi မီးတောင်ကို ဇွန် ၁၃ ရက်မှစ၍ သက်ဆိုင်ရာအာဏာပိုင်များက မီးတောင်သတိပေးချက် အဆင့်သုံးသို့ မြှင့်တင်ထားပြီး ပေါက်ကွဲမှုများ ယနေ့ထိဆက်လက်ဖြစ်ပေါ်လျက်ရှိရာ ကောင်းကင်ထက်သို့ မီးခိုးနှင့်ပြာများ ပေ ၁၀၀၀၀ ခန့်ထိ ရောက်ရှိပျံ့နှံ့ကာ အနောက်ဘက်နှင့် အနောက်တောင်ဘက်သို့ လွင့်စဉ်လျက်ရှိကြောင်း သိရသည်။



ယနေ့ နံနက်ပိုင်းတွင်လည်း အဆိုပါမီးတောင်မှ ၅၄၆ စက္ကန့်ကြာ မီးတောင်ငလျင်အချက်ပြမှုတစ်ခုဖြစ်ပေါ်ခဲ့သဖြင့် မီးတောင်၏ မြောက်ဘက်နှင့် အရှေ့မြောက်ဘက်သို့ လေးကီလိုမီတာအတွင်းနှင့် အရှေ့မြောက်ဘက်သို့ ငါးကီလိုမီတာအတွင်း သွားလာခြင်းမပြုကြရန် သက်ဆိုင်ရာအာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**Ref : Russia Today**

**Trs : AZH**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ရေကြီးရေလျှံမှုကြောင့် လူဦးရေ ၃၈၀၀၀ ကျော် ရွှေ့ပြောင်းထားရ

**ဒါကာ ဇွန် ၂၀**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဆေးဟက်ပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုများဖြစ်ပွားလျက်ရှိရာ လူဦးရေ ၃၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သက်ဆိုင်ရာအာဏာပိုင်များက ပြောကြားခဲ့သည်ဟု ဇွန် ၁၉ ရက် သတင်းများအရ သိရသည်။

ယခုသီတင်းပတ်အတွင်း ဆေးဟက်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းနေမှုများကြောင့် ရေကြီးရေလျှံမှုများ ဖြစ်ပွားလျက်ရှိရာ ရေလွှမ်းမိုးမှုကြောင့် လူဦးရေ ၁၄ သိန်းကျော် သက်ရောက်မှုများခံစားခဲ့ရပြီး လူဦးရေ ၃၈၀၀၀ ကျော်ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း ပြည်နယ်အာဏာပိုင်များက ပြောကြားခဲ့သည်။

"ရေကြီးမှုကြောင့် လူဦးရေရှစ်သိန်းကျော် အခက်အခဲတွေဖြစ်ပေါ်နေတုန်းပါပဲ။ ခရိုင် ၁၂ ခုမှာ ၁၁ ခုက ရေနစ်မြုပ်နေပြီး စပါးစိုက်ခင်းတွေလဲ ပျက်စီးခဲ့ရပါတယ်"ဟု ပြည်နယ်လက်ထောက်ကော်မရှင်နာ ရှိတ်ရပ်ဆဲလ်ဟက်ဆန်က ပြောကြားခဲ့သည်။

လက်ရှိတွင် အိမ်ခြေရာနှင့်ချီ၍ ရေနစ်မြုပ်မှုများဖြစ်ပွားလျက်ရှိပြီး နောက်သုံးရက်အတွင်း မိုးသည်းထန်စွာ ဆက်လက်ရွာသွန်းမည်ဖြစ်ကြောင်း ဘင်္ဂလားဒေ့ရှ်မိုးလေဝသဌာနက ခန့်မှန်းထားရာ ရေလွှမ်းမိုးမှုအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ရှိတ်ရပ်ဆဲလ်ဟက်ဆန်က ပြောကြားခဲ့သည်။

ရေလွှမ်းမိုးမှုစောင့်ကြည့်ရေးလုပ်ငန်းများလုပ်ဆောင်ရန် မြို့နယ်၊ ခရိုင်များအလိုက် သီးသန့်အရာရှိများ ခန့်အပ်တာဝန်ပေးထားပြီး ရေဘေးသင့်ပြည်သူများအတွက် ကျန်းမာရေး ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန် ဆေးဘက်ဆိုင်ရာအဖွဲ့များကိုလည်း ဖွဲ့စည်းထားကာ အစိုးရနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများပူးပေါင်း၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက် လုပ်ဆောင်နေကြောင်း ရှိတ်ရပ်ဆဲလ်ဟက်ဆန်က ဆက်လက် ပြောကြားခဲ့သည်။

**Ref : Xinhua News**

**Trs : AZH**

# သဘာဝပတ်ဝန်းကျင် ပြန်လည်မွမ်းမံအသက်သွင်းရေးဥပဒေပြဋ္ဌာန်းရန် ဥရောပသမဂ္ဂအဖွဲ့ စီစဉ်နေ

**ဘရပ်ဆဲလ် ဇွန် ၂၀**

ဘယ်လ်ဂျီယံနိုင်ငံအခြေစိုက် ဥရောပသမဂ္ဂအဖွဲ့သည် ဥရောပနိုင်ငံများ၌ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ အရှိန်မြှင့်တင်နိုင်ရေးအတွက် သဘာဝပတ်ဝန်းကျင် ပြန်လည်မွမ်းမံအသက်သွင်းရေးဥပဒေကို ပြဋ္ဌာန်းသွားရန်စီစဉ်နေကြောင်း ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများအရ သိရသည်။

ဥရောပသမဂ္ဂအဖွဲ့၏ထုတ်ပြန်ချက်နှင့်ပတ်သက်ပြီး ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံတချို့က တုံ့ပြန်ခြင်းမရှိသေးသော်လည်း ဩစတြေးလျနိုင်ငံ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး လီယိုနိုရီက ဥရောပသမဂ္ဂအဖွဲ့၏အစီအစဉ်ကို ထောက်ခံကြိုဆိုကြောင်း ပြောကြားခဲ့သည်။

"ဥပရောပသမဂ္ဂအဖွဲ့က ပြဋ္ဌာန်းမဲ့ဥပဒေကို နိုင်ငံတချို့ကမထောက်ခံတဲ့အတွက် ဥပဒေအတည်ပြုနိုင်ရေးမှာ မသေချာမရေရာမှုတွေဖြစ်နေတယ်။ ဩစတြေးလျနိုင်ငံအနေနဲ့ကတော့ ဒီဥပဒေကို ထောက်ခံကြိုဆိုပါတယ်။ တကယ်လဲ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အကျိုးရှိနိုင်လို့ပဲ ဖြစ်ပါတယ်"ဟု ဩစတြေးလျသဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီး လီယိုနိုရီက ပြောကြားသွားခဲ့သည်။

ဥပဒေကို အတည်ပြုနိုင်ရေးအတွက် မဲပေးစနစ်ဖြင့် ရွေးချယ်မှုပြုလုပ်သွားမည်ဖြစ်ပြီး ၎င်းဥပဒေကိုလည်း ၂၀၃၀ ပြည့်နှစ်အရောက်တွင် ပြဋ္ဌာန်းနိုင်ရန် မျှော်လင့်နေကြောင်း ဥရောပသမဂ္ဂအဖွဲ့က ထုတ်ပြန်ခဲ့သည်။

ဥရောပသမဂ္ဂအဖွဲ့သည် အဆိုပါဥပဒေကို ပြီးခဲ့သော မတ်လကတည်းက မူကြမ်းကိုဆွေးနွေးခဲ့ခြင်းဖြစ်ပြီး မူကြမ်းနှင့်ပတ်သက်၍ ဟန်ဂေရီနိုင်ငံက အဆိုပါမူကြမ်းကို ထောက်ခံသည့်အုပ်စုမှ နုတ်ထွက်ခဲ့ကြောင်း၊ ဟန်ဂေရီနိုင်ငံအပြင် အီတလီနိုင်ငံ၊ နယ်သာလန်နိုင်ငံ၊ ဆွီဒင်နိုင်ငံ၊ ဘယ်လ်ဂျီယံနိုင်ငံ၊ ဖင်လန်နိုင်ငံနှင့် ပိုလန်နိုင်ငံတို့ကလည်း အဆိုပါဥပဒေကိုမထောက်ခံသောနိုင်ငံများစာရင်းတွင်ပါဝင်နေကြောင်း သိရသည်။

ဥရောပ အင်အားကြီးနိုင်ငံတချို့က အဆိုပါဥပဒေကို မထောက်ခံသောကြောင့် သဘာဝပတ်ဝန်းကျင် ပြန်လည်မွမ်းမံအသက်သွင်းရေးဥပဒေကို အတည်ပြုနိုင်ရေးမှာ ရာခိုင်နှုန်း နည်းနေသော်လည်း လက်မလျှော့ဘဲ ကျန်သော ဥရောပနိုင်ငံများ၏ ထောက်ခံမှုကိုရယူနိုင်ရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဥရောပသမဂ္ဂအဖွဲ့က ထုတ်ပြန်ခဲ့သည်။

**Ref : Sputnik News**

**Trs : Sai Sat**

# လေမှာပျံ့ဝဲ ငှက်လည်းမဟုတ်

မောင်ခြိမ့်



**မြစ်ဝကျွန်းပေါ်ဒေသတွင် ငါး၊ ပုစွန်စသည်တို့ကို ဖမ်းဆီးအသက်မွေးကြသော ရေလုပ်သားခေါ် ရေမုဆိုးတို့၏ဘဝအထွေထွေကို စာနာထောက်ထားရျယ်မှုန်းရေးဖွဲ့ထားသော ဆရာကြီးမောင်ခြိမ့် (အမျိုးသားစာပေဆုရ)၏ ဝတ္ထုတိုများကို လေးစားချစ်ခင်ရပါသော ရတနာပုံသတင်းစာ စာဖတ်ပရိသတ်များအတွက် အပတ်စဉ်တင်ဆက်သွားမည်ဖြစ်ပါသည်။**

ညကတစ်ညလုံး ကွန်ပစ်ဆင်းနေရသဖြင့် အိမ်သို့ နံနက်လင်းခါနီးကျမှ ပြန်ရောက်ခဲ့ရသည်။ ရလာသော ငါး၊ ပုစွန်များကို ရွေးရ၊ ဆယ်ရ၊ ကွန်ကိုဆေးပြီးလှန်းရနှင့် အိပ်ရာဝင်နောက်ကျခဲ့ရသည်။

မည်သို့ဖြစ်စေကာမူ နံနက်ဆွမ်းခံဝင်ချိန်ခန့်တွင်မူ ဖိုးနီတစ်ယောက် အိပ်ရာမှ နိုးနေစမြဲဖြစ်တော့၏။ ယခုမူ အပြင်ဘက်မှ ဆူဆူညံညံစကားပြောသံများကြောင့် ရုတ်တရက်လန့်၍နိုးလေသည်။ ဘယ်သူတွေပါလိမ့်၊ ဘာတွေပြောနေကြပါလိမ့်ဟု သိချင်စိတ်က နှိုးဆွသဖြင့် ဆက်မအိပ်နိုင်။ နားကို အသာစွင့်ထားမိတော့သည်။

"မင်းဟာက ကျိန်းသေရဲ့လားကွာ"

သားကြီးသာအောင်၏အသံဟု သိလိုက်ပြီ။

"အစ်ကိုကြီးကလဲ ကျွန်တော်သေသေချာချာကို မြင်ခဲ့တာပါဗျာ၊ တစ်ရက်တည်းမဟုတ်ဘူး၊ သုံးလေးရက်လောက်ကိုရှိနေပြီ အုပ်လိုက်အုပ်လိုက်ကျတာမှ မည်းမည်းလှုပ်နေတာပဲ၊ အနည်းဆုံးအကောင်ရာချီပြီး ရှိမလားဘဲ"

သားငယ်ဖြစ်သူ သာမောင်က သူ့ပြောစကားမယုံသဖြင့် မခံချင်စိတ်ဖြင့်ပြော၏။

"အေး. . . မင်းဘက်ကသာ ကျိန်းသေပါစေ၊ ငါမြို့ဘက်ကမ်းသွားပြီး ဆေးဝယ်မယ်၊ ဘကြီးတောကျော်ပြောတာကွ၊ စားမိတာနဲ့ အသေပဲလို့"

"အစ်ကိုကြီးကလဲ ဟုတ်မှလဲလုပ်ပါဗျာ၊ ရေဘဲတို့၊ ငှက်တို့တောင် သေရင် သူတို့အသားစားတဲ့လူလဲ သေမှာပေါ့ဗျ"

"မင်းကလဲ အဲဒါခက်တာပေါ့ကွ၊ ဗဟုသုတလဲမရှိဘူး၊ ပြောတော့လဲ မယုံဘူး၊ လူတော့မသေဘူးတဲ့ကွ၊ နောက်ပြီး အဲဒီငှက်ရဲ့ ဗိုက်ထဲကကလီစာတွေကို အကုန်ထုတ်ပစ်လိုက်ရတယ်။ အသားကိုပဲ စားရတာတဲ့ကွ"

"အဲဒီဆေးနဲ့ ဘယ်လိုထောင်တာလဲဗျ"

သာမောင်က သိချင်စိတ်ဖြင့် ဆက်၍မေးသည်။

"ပထမ ငါးပေါက်စလေးတွေရှာရတယ်ကွ၊ ငါးမော့တော့တို့၊ ငါးခုံးမပေါက်စလေးတွေတို့လို ငါးသေးသေးလေးတွေပေါ့ကွာ၊ အဲ. . . ဆေးကို ငါးကလေးပါးစပ်ထဲ၊ ပါးဟက်ထဲနည်းနည်းထည့်ထားပြီး ဗျိုင်းတို့၊ ရေစစ္စလီတို့၊ ခရုစုတ်တို့ကျတတ်တဲ့ နေရာမှာသွားထားရတယ်၊ ငှက်တွေစားမိ၊ မျိုမိတာနဲ့သေတာပဲတဲ့ကွ၊ မသကာ ထပျံနိုင်ရင်တောင် တစ်လံလောက်ပဲတဲ့၊ ဘကြီးတောကျော် သေသေချာချာပြောတာကွ၊ မယုံမရှိနဲ့"

"ကိုကြီးဆေးကလဲ ကြောက်စရာကြီးဗျာ၊ ကျွန်တော်တော့ အဲဒီဆေးနဲ့ထောင်တဲ့ငှက်သား မစားရဲဘူးဗျ၊ နောက်ပြီး ကျွန်တော့်ဆရာတွေကိုလဲ မကျွေးချင်ပါဘူးဗျာ၊ တော်တော်ကြာ တစ်ခုခုဖြစ်သွားရင် မလွယ်ဘူးဗျ"

"ငါလဲ သူများပြောလို့ စမ်းကြည့်မယ်စိတ်ကူးတာပါကွာ၊ ကိုယ်ကိုယ်တိုင်မလုပ်ဖူးတော့ ခပ်ကြောက်ကြောက်ပဲကွ"

"ဒါဆိုရင် ကျွန်တော်တို့ လေးခွနဲ့ပဲပစ်ကြတာပေါ့၊ ဆရာက ရေဘဲသားမစားဖူးလို့ စားချင်နေတာဗျ၊ ကျွန်တော်ကလဲ အစ်ကိုကြီးတို့ အဖေတို့အားကိုးနဲ့ လာသာလာခဲ့ပါ၊ ကျိန်းသေစားရစေ့မယ်လို့ အာမခံခဲ့တာ၊ မရရင်တော့ဒုက္ခပါပဲ"

သားအငယ်ကောင်က ပူပင်စွာပြောလေ၏။

"အေး. . . လေးခွနဲ့ပစ်ရင် မသကာရလှမှ တစ်ကောင်ပဲကွ၊ ဘယ်စားလောက်မလဲ၊ တစ်ကောင်လောက်ပစ်တာနဲ့ ကျန်တဲ့အကောင်တွေက ထပျံပြေးကြရောကွ"

သားနှစ်ယောက်၏ စကားသံများကြောင့် ဖိုးနီအိပ်၍မရတော့။ နောက်ပြီး သူများပြောတာကြားဖူးနားဝဖြင့် မဟုတ်တရုတ်တွေ လျှောက်လုပ်ကုန်မှဖြင့် ငှက်တွေတင်မက လူပါဒုက္ခရောက်ကုန်ပေလိမ့်မည်။ စိုးရိမ်စိတ်ကြောင့် ဖိုးနီထ၍ထိုင်ရင်း-

"ဟေ့ကောင်တွေ ဆွမ်းခံဝင်သွားပြီးလား"

အခန်းတွင်းမှလှမ်း၍မေးရင်း ထွက်လာခဲ့တော့၏။

"မဝင်သေးဘူးအဖေ၊ ကဲ. . . ကိုကြီးဆူလို့ အဖေတောင် နိုးသွားပြီ"

အငယ်ကောင်က သူ့အပြစ်ဖြစ်မည်စိုး၍ ကာ၍ ပြော၏။

"အံမယ်. . . မင်းရဲ့ဆရာအတွက် ငါကအကောင်းအကြံပေးတာပါနော်၊ မင်းကမယုံဘဲ အတင်းငြင်းနေလို့ အဖေနိုးသွားတာ"

ညီအစ်ကိုနှစ်ယောက် ဆက်၍ငြင်းနေစဉ်မှာပင် ဖိုးနီသည် မျက်နှာသစ်ပြီး၍ အိမ်ပေါ်သို့ပြန်တက်လာခဲ့ပြီ။ ရေနွေးအိုးနားတွင်ဝင်၍ထိုင်ပြီး ကရွတ်ခွေပေါ်မှ မည်းတူးလျက်ရှိသော ဒန်ရေနွေးအိုးကို လက်ဖြင့်ကပ်၍စမ်းသည်။ ခပ်နွေးနွေးရှိနေသေး၍ အကြမ်းပန်းကန်ထဲသို့ ငှဲ့၍သောက်၏။ ပြီးလျှင် ဝါစိမ်းနီဆေးပေါ့လိပ်ကို မီးညှိပြီးဖွာလိုက်သည်။ ပြီးတော့မှ-

"ကဲ. . . မင်းတို့နှစ်ယောက် ဘာတွေငြင်းနေကြတာလဲ၊ ပြောစမ်းပါအုံး"

"ဒီလိုပါအဖေ၊ မနက်ဖြန်ကျောင်းပိတ်တယ်၊ အဲဒါ သားတို့ကျောင်းက ဆရာနှစ်ယောက် သားတို့အိမ်အလည်လာကြလိမ့်မယ်၊ ရွာဘက်မရောက်ဖူးတာလဲ တစ်ကြောင်း၊ ရေဘဲတွေ ကျွန်တော်တို့ရွာဘက်မှာ ပေါတယ်လို့ ကျွန်တော်ကပြောထားမိတော့ စားဖူးချင်တယ်ဆိုလို့ ရေဘဲရအောင်ဘယ်လိုလုပ်ရမလဲဆိုတာ တိုင်ပင်နေကြတာပါ"

အငယ်ကောင်က စုံစုံလင်လင်ရှင်း၍ပြ၏။

"အေး. . . အားလုံးအဖေကြားပြီးပါပြီကွာ၊ မင်းတို့သူများပြောသံကြားနဲ့ လျှောက်မလုပ်ကြနဲ့နော်၊ အဲဒီနည်းက တချို့နယ်ဘက်တွေမှာ သုံးကြတယ်လို့ တော့ကြားဖူးတယ်၊ အဖေကတော့ မကြိုက်ဘူးကွ၊ အန္တရာယ်လဲများတယ်၊ ငှက်မျိုးတွေသုဉ်းသွားနိုင်တဲ့ အပြင် လူတွေရဲ့အသက်အန္တရာယ်ကိုပါ ထိခိုက်နိုင်တယ်၊ ရေဘဲများကွာ၊ ဖမ်းတဲ့နည်းတွေအများကြီးပါကွ"

ဖမ်းတဲ့နည်းတွေအများကြီးပါဟု ဆိုသောစကားကို သားနှစ်ယောက်က စိတ်ဝင်စားသွားကြ၏။

"ပြောပြစမ်းပါအဖေရဲ့၊ ဘယ်လိုဖမ်းရမှာလဲ"

အငယ်ကောင်က ဝမ်းသာအားရမေးလေ၏။ ဖိုးနီသည် ရေနွေးကြမ်းတစ်ခွက်ကိုငှဲ့၍သောက်ပြီး စဉ်းစားနေပုံရ၏။ ပြီးမှ-

"အဖေတို့ငယ်ငယ်တုန်းက အဲဒီအိုင်ကြီးက အခုထက် သုံးလေးဆလောက် ကျယ်လဲကျယ်၊ နက်လဲနက်တယ်ကွ၊ ရေလယ်မှာဆို ဝါးတစ်ပြန်ထောက်ကို မမီဘူး၊ အိုင်ကြီးထဲမှာလဲ ကြာမျိုးစုံနဲ့သိပ်လှတာကလား၊ အခု တို့သွားသွားနေတဲ့ ချောင်းဖျားနဲ့ တစ်ဆက်တည်းပဲ လှေနဲ့သွားလို့ရတယ်၊ အိုင်ပတ်လည်မှာလဲ အပင်မျိုးစုံ၊ ငှက်မျိုးစုံနဲ့ ငါတို့ လေးခွလက်တည့်စမ်းတဲ့နေရာပေါ့ကွာ"

"ဒါဆို အဖေ့နည်းကလဲ လေးခွနဲ့ပစ်တာမဟုတ်လား၊ ဒါများအဆန်းလုပ်လို့ အဖေရာ"

သားကြီးက သရော်သံဖြင့်ပြော၏။

"ခွေးမသား၊ ငါကအကောင်းပြောပြမလို့ဟာ"

ဖိုးနီစကားပင်မဆုံးလိုက်၊ ဈေးကအပြန် အိမ်ပေါ်လှမ်းအတက် "ခွေးမသား"ဆဲသံ ကြားလိုက်ရသော မကျင်ငွေသည် ခါးစောင်းတင်လာသောဒန်ဇလုံကြီးကို ဂွမ်းခနဲပစ်ချလိုက်ရင်း-

"ဘာတော့. . . ကိုဖိုးနီ၊ ခွေးမသားဟုတ်လား၊ ကျုပ်တစ်ယောက်တည်း မွေးထားတာမဟုတ်ဘူးနော်၊ တော်စဉ်းစား"ဟု ဒေါသတကြီးရန်တွေ့လေ၏။

"ဟာ. . . မင်းကလဲကွာ၊ ဒါလေးများစိတ်ဆိုးစရာမရှိ ကြံဖန်ပြီးများစိတ်ဆိုးရတယ်လို့၊ ဟဲဟဲ. . . ဈေးကအပြန် စားစရာဘာပါသလဲ၊ ထုတ်ကွာ၊ အိပ်ရာကနိုးကတည်းက ဘာမှမစားရသေးဘူးကွာ၊ ဆာလိုက်တာ"

မကျင်ငွေစိတ်ဆိုးနေမှန်းသိ၍ ဖိုးနီက လေပြည်ထိုးလေ၏။

"ဟင်း. . . ဟင်း. . ."ဟုအသံပြုရင်း မကျင်ငွေသည် သူ့ယောကျ်ားနှင့် သားသမီးများစားဖို့ ဈေးကဝယ်လာသောအထုပ်များကို ဇလုံထဲမှထုတ်၏။ သားနှစ်ယောက်က ကပျာကယာထလာကြပြီး အမေ့ဈေးထုပ်များကို ဝိုင်း၍ ဖြည်ကြည့်ကြလေ၏။

"ဟာ. . . မုန့်ကျွဲသည်းတွေကွ၊ ငါ့အကြိုက်ပဲ"

"ဟာ. . . မန်းပဲကြော်တွေကွ၊ ငါ့ဖို့ထင်တယ်"

သားနှစ်ယောက်က အပိုင်စီးကြလေ၏။

"နှစ်ယောက်စလုံးနာမယ်နော်၊ ဖအေဖို့တော့ မစဉ်းစားကြဘူး၊ သူတို့ဗိုက်ပဲသိတယ်၊ နင်တို့အဖေကို အရင်ကျွေးလိုက်၊ ဟဲ့. . . ဟဲ့. . . သံပန်းကန်နဲ့ ထည့်ပေးလေ"

သို့နှင့် သားအဖသုံးယောက် မုန့်စားလိုက်၊ ရေနွေးကြမ်းသောက်လိုက်နှင့် ခဏမျှအလုပ်ရှုပ်နေကြပြီး. .

"ကဲ. . . ကဲ. . . မင်းတို့ချည်းပဲလဲ စားမနေကြနဲ့ဟေ့၊ ဈေးက မောပြီးပြန်လာတဲ့ မင်းတို့အမေကိုလဲ ကျွေးလိုက်ကြအုံးလေ"

ဖိုးနီက လောကွတ်ချော်၏။

"သူတို့သားအဖတွေစားလို့ဝမှ ကျုပ်ကိုသတိရတယ်နော်၊ တော်တို့ပဲစားကြပါ၊ ဈေးမှာ မဆွဲမိတို့နဲ့ အဖော်ကောင်းလို့ မုန့်ဟင်းခါးစားလာပါတယ်"

မီးဖိုထဲမှ ငရုတ်သီးထောင်းရင်း မကျင်ငွေက လှမ်း၍ပြောလျှင် သားအဖသုံးယောက် တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ရင်း ပြိုင်တူပြုံးမိကြတော့၏။

"ကဲ. . . အဖေ၊ မနက်ဖြန် ရေဘဲ ဘယ်လိုဖမ်းမှာလဲ၊ ပြောစမ်းပါဗျ"

သားငယ်ကပြန်၍ အစဖော်လိုက်ပြန်ရာ ဖိုးနီက ပြုံးလိုက်ရင်း. .

"စိတ်ချစမ်းပါကွာ၊ မနက်ဖြန် မင်းဆရာတွေလာရင် မျက်နှာမပျက်ရအောင် အဖေတာဝန်ယူတယ်၊ ကဲ. . . ကျေနပ်ပြီမဟုတ်လား၊ ဘယ်လိုဖမ်းမှာလဲဆိုတာ မပြောတော့ဘူး၊ မနက်စောစောကျမှလက်တွေ့ပြမယ်၊ မင်းတို့ညီအစ်ကိုလုပ်ရမှာက ဒီညနေ ချောင်းထဲဆင်းပြီး ဒိုင်းဝန်းထိုးကြ၊ ရလာတဲ့ ငါးဖျင်းသလက်ပေါက်စလေးတွေကို မသေစေနဲ့၊ ဒန်အိုးထဲထည့်ပြီး ယူလာခဲ့၊ မသေစေနဲ့နော်၊ ငါလဲ ကွန်ဖာလိုက်အုံးမယ်"

ဟုပြောပြီး ကွန်လှမ်းစင်သို့ ထွက်သွားလေတော့ရာ သားနှစ်ယောက်မှာ သိချင်တာပြောမသွား၍ မကျေမနပ်နှင့်ကျန်ခဲ့ကြ၏။ မနက်လင်းတော့မည်။

"ဟေ့ကောင်တွေ ထကြကွ၊ စောစောထဖို့ မနေ့ကတည်းက မှာထားရက်နဲ့ ထကြစမ်း"

ဖိုးနီက မျက်နှာသစ်ရန်ထလာရင်း အိမ်ရှေ့ခန်းတွင် သိုးနေအောင်အိပ်နေကြသော သားနှစ်ယောက်ကို မနာအောင် ခြေဖြင့်ကန်၍နှိုးလိုက်၏။

ထမင်းကြမ်းနှင့် ပဲပြုတ်ကြော်ကို သားအဖသုံးယောက်စားကြပြီး ရေဘဲဖမ်းရန်ပြင်ဆင်ကြတော့၏။ မကျင်ငွေမှာ မြို့ကလာမည့်ဆရာများကို ကျွေးမွေးဧည့်ခံရန်ရှိ၍ ရွာအရှေ့ဖျားသို့ ဟင်းစားဝယ်ရန်ထွက်သွားလေပြီ။

"သားကြီးက အိမ်နောက်ဘက်မှာ ထောင်ထားတဲ့ ခရင်ဝါးငါးလုံး လောက်သွားယူခဲ့ကွာ၊ သားငယ်က တို့ငါးစင်ရိုင်းမျှားတဲ့ ငါးမျှားချိတ်သေး သေးလေးတွေ ဆယ်ချောင်းလောက် ကိုင်းတံက ဖြုတ်ခဲ့ဟေ့"

ပြောရင်းဖိုးနီသည် အိမ်ရှေ့သို့ထွက်၍ အုတ်ခဲထက်ပိုင်းကျိုးဆယ်ခဲခန့်ယူကာ လှေထဲသို့သွား၍ချသည်။ ပြီးနောက် ငါးဖျင်းသလက်အရှင်ကလေးများ လှောင်ထည့်ထားသည့် ဒန်အိုး၊ ဆေးပေါ့လိပ်၊ မီးခြစ်နှင့် ကိုင်းခုတ်ဓားတစ်လက်ကိုပါယူ၏။

သားနှစ်ယောက်မှာ ရေဘဲဖမ်းသွားမည်ဆိုပြီး ငါးအရှင်ကလေးများနှင့် ငါးမျှားချိတ်၊ အုတ်ခဲ၊ ဝါးလုံးတို့ကိုသာ ယူဆောင်လျက်ရှိသော ဖိုးနီကို နားမလည်နိုင်ကြ။

စာမျက်နှာ ၂၅ သို့ ➤

# ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၈၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ယခင်နှစ်က ပဲတီစိမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရေဦး ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၁၃၈၅၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မိုးကြိုပဲတီစိမ်း ၅၈၄၈ ဧကနှင့်မိုးပဲတီစိမ်း ၁၄၉၃၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ မိုးကြိုပဲတီစိမ်း ဧက ၁၂၃၃၀ နှင့် မိုးပဲတီစိမ်း ၁၅၂၆ ဧက စုစုပေါင်း ၁၃၈၅၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီပဲယင်းမြို့နယ်မှာ ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မိုးကြိုပဲတီစိမ်းနဲ့ မိုးပဲတီစိမ်းဧက ၂၀၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီစွာစိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြသည်။

ဒီပဲယင်းမြို့နယ်တွင် ယခုနှစ် မိုးကြိုပဲတီစိမ်းနှင့် မိုးပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေး တို့ကို အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# တပ်ကုန်းမြို့နယ် အေးချမ်းသာစံပြကျေးရွာ၌ RBF စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုစစ်ဆေး

**နေပြည်တော် ဇွန် ၂၀**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဥတ္တရခရိုင် တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်း (RBF)လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဇွန် ၁၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးရန်မျိုးနိုင်၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်မြင့်အေး၊ တပ်ကုန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် စီမံကိန်းတာဝန်ခံ ဝန်ထမ်းများက ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံ၍ အေးချမ်းသာစံပြကျေးရွာ၌ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ငွေစာရင်းပုံစံများစနစ်တကျဖြည့်သွင်းထားခြင်း ရှိ၊ မရှိနှင့် စီမံကိန်းလက်စွဲစာစောင်ပါ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးမှူး ဦးရန်မျိုးနိုင်က လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အေးချမ်းသာစံပြကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေထူထောင်ခြင်း စီမံကိန်းကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် စတင်ဆောင်ရွက်ခဲ့ပြီး ဝက်မွေးမြူရေးလုပ်ငန်း အစုအဖွဲ့နှစ်ဖွဲ့မှ အသင်းသား ၁၀ ဦးကို ငွေကျပ်သိန်း ၁၅၀ ထုတ်ချေးပေးထားပြီး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူသူ**

➤ စာမျက်နှာ ၂၄ မှအဆက်

"အဖေ လေးခွလဲ ယူခဲ့မယ်နော်"

အငယ်ကောင်ကပြောရင်း လေးခွနှင့် လောက်စာလုံးထည့်ထားသော လွယ်အိတ်အဟောင်းကလေးကို ဆွဲ၍ဆင်းလာကြ၏။

"အေး. . . ယူချင်လဲ ယူခဲ့ပေါ့ကွာ"

ဖိုးနီကပြောပြီး လှေဝမ်းထဲမှရေများကို ပက်ခွံဖြင့်တဖျန်းဖျန်း ပက်ထုတ်နေလိုက်၏။

သူတို့သားအဖသုံးယောက်ကို သယ်ဆောင်လာသော လှေကလေးသည် ကွမ်းသီးချောင်းအဖျားသို့ရောက်ခဲ့ကြပြီ၊ မိုးကမူ စင်စင်မလင်းသေး။ အိပ်တန်းထစပြုနေကြသော ငှက်ကလေးတို့၏ စိုးစိုးစီစီအသံများ ကြားနေရ၏။ ခြောက်တောင်ဗျိုင်းများ အိပ်တန်းတက်လေ့ရှိသော ကုက္ကိုပင်ကြီးပေါ်တွင် ဗျိုင်းများသည် ရှည်လျားသောလည်တံကြီးများကို ဆန့်၍ အစာရှာထွက်ရန်ပြင်နေကြပြီ။

လှေကို ချောင်းအဖျားရှိ မြက်တောထဲသို့ လှော်၍သွင်းကာရပ်၏။ ဖိုးနီသည် ဝါးတစ်လုံးကိုယူကာ အိုင်ကြီးဆီသို့သွားပြီး ရေအတိမ်အနက်ကို စမ်း၍ကြည့်၏။ အိုင်စပ်တစ်လျှောက်တွင် လူတစ်ရပ်ခန့်သာနက်သည်ကိုတွေ့ရပြီး လှေဆီသို့ပြန်လာကာ ဝါးလုံးများကို လေးတောင်ခန့်စီဖြတ်သည်။ ပြီးလျှင် သားငယ်ထံမှ ငါးမျှားချိတ်များကိုယူကာ ကြိုးတစ်စကို အုတ်ခဲတွင် ချည်နှောင်၏။ အုတ်ခဲဆယ်လုံးတွင် ငါးမျှားချိတ်နှင့် ကြိုးကို ချည်၍ ပြီးလျှင်-

"သားတို့နှစ်ယောက်က အုတ်ခဲငါးလုံးစီယူခဲ့ဟေ့၊ ကျန်တာ အဖေယူခဲ့မယ်"ဟုပြောပြီး သားအဖသုံးယောက် ရေအိုင်ကြီးဆီသို့ ထွက်ခဲ့ကြတော့၏။

အိုင်ထဲတွင် ဗေဒါပင်တချို့၊ ကြာပင်တချို့နှင့် ရေမှော်များရှိနေကြ၏။ အိုင်၏ပတ်လည်တွင်မူ ညံပင်များ၊ ကျူပင်များ၊ ကိုင်းပင်များ ခပ်ကျဲကျဲ ပေါက်လျက်ရှိ၏။ ဖိုးနီသည် အိုင်ထဲသို့အသာဆင်းကာ ယူလာသော လေးတောင်ခန့် ဝါးလုံးဆယ်လုံးအား ကမ်းစပ်တစ်လျှောက် စိုက်လိုက်၏။ တစ်တိုင်နှင့်တစ်တိုင်ကို ခြောက်တောင်ခန့်စီခြား၍စိုက်ကာ တိုင်ထိပ်သည် ရေမျက်နှာပြင်အောက် တစ်မိုက်ခန့်မြုပ်၍ထားသည်။ ပြီးလျှင် ငါးမျှားချိတ်တပ်ထားသောအုတ်ခဲများကို တိုင်ထိပ်တွင် အသာတင်ထား၏။

ဘယ်လိုပဲကြည့်စေကာမူ ဝါးလုံးတိုင်ထိပ်တွင်တင်ထားသော အုတ်ခဲကို မမြင်ရ၊ ပြီးမှငါးမျှားချိတ်များတွင် ငါးဖျင်းသလက်အရှင်ကလေးများကို ကျောဘက်မှ အသာဖောက်၍ ချိတ်လိုက်သည်။ ငါးကလေးများသည် ရုန်းကန်ကူးခတ်၍ လွတ်မြောက်ရန်ကြိုးစားကြသည်မို့ သူတို့လှုပ်ရှားမှုကို အစာရှာဆင်းလာမည့်ရေဘဲများ ကောင်းစွာမြင်ပေမည်။

ဤကဲ့သို့ စီစဉ်ပြီးသည်နှင့် ဖိုးနီသည် အိုင်ထဲမှတက်လာခဲ့တော့၏။ သားနှစ်ယောက်ကမူ ဖိုးနီလုပ်သမျှကို အိုင်စပ်ကုန်းပေါ်မှ နားမလည်နိုင်စွာနှင့် ကြည့်လျက်သာနေ၏။

"လာ. . . လာ. . . လှေဆီသွားကြမယ်၊ တော်တော်ကြာ ရေဘဲတွေရောက်လာတော့မယ်၊ အိုင်နားမှာ တို့ကိုမြင်ရင် ဆင်းမှာ မဟုတ်ဘူးကွ"

လှေပေါ်သို့ရောက်သောအခါ ဖိုးနီကဆေးပေါ့လိပ်ကို မီးညှိပြီးဖွာ၏။

"ငါ့လခွေးမှပဲကွာ၊ အိုင်ထဲဆင်းတုန်းက တွယ်လိုက်တဲ့ ကျွဲမျှော့ကြီးတွေ တစ်ကောင် တစ်ကောင် တစ်ထွာလောက်ရှိမလားပဲ"

ပြောရင်း ခြေမနှင့် ခြေညှိုးကြားတွင် ယခုတိုင် တွယ်ကပ်သွေးစုပ်နေသေးသော မျှော့တစ်ကောင်ကို တံတွေးဆွတ်၍ခွာကာ ကုန်းပေါ်သို့ လှမ်း၍ ပစ်တင်လိုက်၏။

"အဖေကလဲဗျာ၊ ရေဘဲလိုချင်ပါတယ်ဆိုမှ ဘာလုပ်တာလဲမသိဘူး၊ အခုဟာက ငါးရဲ့ထောင်တာလိုလို ဘာလိုလိုနဲ့"

သားငယ်က မကျေမနပ်ပြောလေ၏။

"ဟေ့ကောင်ရဲ့ ခဏလောက်စောင့်စမ်းပါကွာ၊ မင်းလိုချင်တဲ့ ရေဘဲ ရကိုရပါစေ့မယ်၊ ဒါနဲ့ သားကြီးရေ ငါတို့လှေကို ရှေ့နားက ပျဉ်းမပင်အောက်သွားကြရအောင်၊ အဲဒီနေရာကနေကြည့်ရင် အိုင်ထဲကိုလဲ ကောင်းကောင်းမြင်ရတယ်၊ တို့ကိုလဲ ရေဘဲတွေမမြင်နိုင်ဘူးကွ"

မကြာမီ သူတို့လှေကလေးသည် အရွက်များ ခပ်စိပ်စိပ်အုပ်ဆိုင်းနေသော ပျဉ်းမပင်ပုကလေးအောက် ရောက်ရှိပဲရှိသေးသည်။ တရှုန်းရှုန်းနှင့် ကောင်းကင်မှ အတောင်ပံရိုက်ခတ်သံများကြားလိုက်ရပြီး အစာရှာထွက်လာကြသောရေဘဲများသည် အုပ်လိုက်အုပ်လိုက် ရေအိုင်ကြီးအတွင်းသို့ ထိုး၍ဆင်းလာကြပြီး စားနေကျနေရာဖြစ်၍ ရေဘဲတို့သည် အကြောက်အလန့်မရှိ ရေထဲသို့ငုပ်၍ အစာရှာလိုက်၊ ပြန်ပေါ်လာလိုက်၊ တစ်ကောင့်တစ်ကောင် ထိုးဆိတ်လိုက်၊ အစာလုလိုက်ကြနှင့် အိုင်ထဲဝယ် သောသော ညံနေတော့၏။ ဖိုးနီတို့သားအဖသည် အသက်ကိုမှ ပြင်းပြင်းမရှူရဲဘဲ ချောင်း၍ ကြည့်နေကြသည်။

ဖိုးနီ၏စိတ်ထဲတွင်မူ သူထောင်ထားသော ငါးမျှားချိတ်များဆီသို့ ရေဘဲများ မြန်မြန်လာ၍စားရန်သာ စိတ်စောနေမိတော့၏။ တိုင်ထိပ်တွင် တင်ထားသောအုတ်ခဲမှထွက်လာသော ကြိုးအဆုံးတွင် ငါးမျှားချိတ်ရှိ၏။ ထိုငါးမျှားချိတ်သည် ကူးခတ်ရုန်းကန်နေသော ငါးဖျင်းသလက်ကလေး၏ကျောတွင် ချိတ်လျက်ရှိ၏။ ငါးကိုသာမြင်သော ရေဘဲသည် ကပျာကယာကူးခတ်လာပြီး ဆတ်ခနဲမျိုချလိုက်သည်။

လည်ချောင်းထဲရောက်တော့မှ ကြိုးတန်းလန်းနှင့်မှန်း သိတော့၏။ ခေါင်းကို ဘယ်ညာယမ်း၍ ခါထုတ်သည်။ မရတော့ ဝမ်းထဲတွင် ချိတ်မိပြီ။ ထိုအခါရုန်း၏။ ထိုရုန်းအားကြောင့် တိုင်ထိပ်တွင်တင်ထားသော အုတ်ခဲသည် ပြုတ်၍ကျ၏။ ထိုအခါ မျိုမိစားမိသောရေဘဲပါ အုတ်ခဲနှင့်အတူ ရေအောက်သို့ မြုပ်၍ပါသွားတော့သည်။

သားအဖသုံးယောက်သည် မျက်တောင်မခတ်တမ်းကြည့်နေမိကြ၏။ ဟုတ်ပြီ။ တစ်ကောင်၊ နှစ်ကောင်၊ သုံးကောင်စသည်ဖြင့် တစ်ကောင်ပြီး တစ်ကောင် မြုပ်၍မြုပ်၍ပါသွားပြီ။ ကျန်သောအကောင်များကမူ ဆက်လက်ကူးခတ်အစာရှာနေဆဲပင်။ သို့နှင့် တစ်နာရီခန့် စောင့်ကြည့်ပြီးချိန်၌-

"ကဲ. . . ဒါလောက်ဆို အနည်းဆုံး လေးငါးကောင်တော့သေချာပြီ၊ သားငယ် မင်း လေးခွအစွမ်းကြည့်ရအောင်၊ ပစ်တော့ဟေ့"

စကားဆုံးသည်နှင့်ဖျောင်းခနဲဝှီးခနဲနေအောင် လေးခွနှင့် သုံးလေးချက် ဆက်တိုက်ပစ်သောအခါ ရေအိုင်ထဲရှိရေဘဲများ လန့်၍အုပ်လိုက်ပျံပြေးကြပြီး တစ်ကောင်မှ မထိချေတကား။

သားအဖသုံးယောက် ဝမ်းသာအားရ ရေအိုင်ကြီးထဲသို့ပြေးဆင်း၍ စိုက်ထားသော တိုင်ခြေရင်းသို့စမ်းလေရာ ရေဘဲရှစ်ကောင်ခန့် ငါးမျှားကြိုးတန်းလန်းနှင့် အသေမိကြ၏။ တိုင်နှစ်တိုင်မှာမူ မမိချေ။ ကိစ္စမရှိ၊ ညှော့သည်အတွက် လုံလောက်ပေပြီ။ ဖိုးနီက ဆေးလိပ်ဖွာရင်း-

"ကဲ. . . ရေဘဲကိုဘယ်လိုဖမ်းတယ်ဆိုတာ သိပြီမဟုတ်လားကွ ဟေ"

သားနှစ်ယောက်ကိုမေး၏။ အငယ်ကောင်က-

"တို့အဖေကတော့ တကယ်တော်တာပဲကွာ"ဟု ဆိုသော် အကြီးကောင်က-

"အေးကွာ၊ ရေဘဲကို ငါးမျှားချိတ်နဲ့ ရအောင်ဖမ်းတာ ဒီတစ်ခါပဲ မြင်ဖူးသေးတယ်ဟေ့"

အံ့သြစွာပြောလိုက်၏။

ဖိုးနီက သဘောကျစွာ တစ်ချက်ပြုံးလိုက်၏။ ပြီးမှ

"အဖေက သိပ်တော်လို့တော့မဟုတ်ပါဘူးကွာ၊ အရာရာကို အမှုမဲ့အမှတ်မဲ့မနေဘဲ လေ့လာမှတ်သားအတုယူထားတာကွ၊ မင်းတို့ဘိုးအေ၊ ငါ့အဖေပြောဖူးတယ်ကွ၊ လောကမှာ ဘယ်သူမဆို ဘယ်သတ္တဝါမဆို အားနည်းချက်ဆိုတာရှိတယ်တဲ့၊ အဲဒါကိုသိအောင် ကြည့်တတ်မြင်တတ်ဖို့ လိုတယ်တဲ့ကွ"

"ဥပမာ အခု တို့ဖမ်းတဲ့ရေဘဲဆိုပါတော့ကွာ၊ သူက ပျံသန်းသွားလာနေလို့သာ ငှက်မျိုးဝင်ဖြစ်နေတာ၊ တကယ်တော့ သူတို့ရဲ့စရိုက်က သာမန်အိမ်မွေးဘဲတွေနဲ့မခြားဘူး။ အေး. . . ဘဲဆိုတဲ့သတ္တဝါဟာ အစာငမ်းတယ်ကွ၊ အစာတွေ့တာနဲ့မစူးစမ်းဘဲ ကောက်ပြီးမျိုချတတ်တာ သူတို့ရဲ့အားနည်းချက်ပဲ၊ ပျော့ကွက်ပဲကွ။ ဒါကိုသိတဲ့လူတွေက အားနည်းချက်ကိုအခွင့်ကောင်းယူပြီး အသုံးချလိုက်တာပဲကွ"

"ဟာ. . . ဟုတ်မယ်၊ အစ်ကိုကြီး ကျွန်တော်တို့ သားရေကွင်းပစ်တမ်းဆော့နေတုန်း ဘဲတွေများအနားရောက်လာရင် သတိထားရတယ်၊ သူတို့နားကျသွားတဲ့သားရေကွင်းကို အစာမှတ်ပြီး ကောက်မျိုတော့တာပဲဗျ"

အငယ်ကောင်က ထောက်ခံလိုက်၏။

"အေး. . . အဲဒါပဲကွ၊ တစ်ညလုံးအိပ်တန်းတက်နေတဲ့ ရေဘဲတွေဟာ မနက်စောစော ဆာတာပဲကွ၊ နဂိုကမှ အစာငမ်းတဲ့ကောင်တွေ အခုလိုဆာတဲ့အချိန်မျိုးမှာ ငါးမျှားချိတ်ကော၊ ကြိုးကောမမြင်တော့ဘဲ ကောက်မျို ကောက်စားတော့တာပေါ့ကွာ"

"ဘာပဲဖြစ်ဖြစ် အဖေတော်လို့သာ ကျွန်တော်တို့ရေဘဲတွေ အများကြီး ရတာပါဗျာ"

ဟုပြောလေရာ အူရှင်နေသောဖိုးနီက

"အေး. . . တော်လို့လဲ မင်းတို့အဖေဖြစ်နေတာပေါ့ကွာ"

ဟုပြောလိုက်ရာ ဖိုးနီ၏စကားအဆုံးတွင် သဘောကျစွာရယ်လိုက်ကြသော သားအဖသုံးယောက်၏အသံကြောင့် ကွမ်းသီးချောင်းဖျားရှိ တောအုပ်ကလေးအတွင်းက အိပ်တန်းထငှက်အပေါင်းတို့သည် ဝုန်းခနဲ လန့်ဖျပ်ကာ ပျံတက်ပြေးသွားကြလေသတည်း။

# ကမ္ဘာတစ်ဝန်း စစ်အခြေစိုက်စခန်းများတည်ဆောက်သွားရန်ပြင်ဆင်နေသော တရုတ်နိုင်ငံ

ဝင်းဇင်(သုတေသန)

တရုတ်နိုင်ငံသည် ၎င်း၏ ကြည်း၊ ရေ၊ လေတပ်ဖွဲ့များကို ကမ္ဘာတစ်ဝန်းတိုးချဲ့ဖြန့်ကြက်နိုင်ရေးအတွက် မိတ်ဖက်နိုင်ငံများတွင် နိုင်ငံတကာစစ်အခြေစိုက်စခန်းတည်ဆောက်ခွင့်သဘောတူညီချက်များ ခိုင်မာသေချာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် တရုတ်(တိုင်ပေ)အရေးနှင့် စပ်လျဉ်း၍ အမေရိကန်၏ တိုးချဲ့ဆောင်ရွက်လာသော ဟန့်တားမှုမဟာဗျူဟာကို တုံ့ပြန်နိုင်ရန်နှင့် အိန္ဒိယ၏ စစ်ရေးဆိုင်ရာဖြန့်ကြက်မှုကိုလည်း ပိတ်ဆို့နိုင်ရန် ထိုသို့ ရည်မှန်းဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

တရုတ်နိုင်ငံသည် လုံခြုံရေးဆိုင်ရာဖြန့်ကြက်မှုတိုးချဲ့ရန်နှင့် တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်(PLA)နှင့် ပြည်သူ့ရဲတပ်ဖွဲ့(PAP)တို့အတွက် ပင်လယ်ရပ်ခြားစစ်ဆင်ရေးများဆင်နွှဲနိုင်စေရန် မိတ်ဖက်နိုင်ငံများတွင် စစ်အခြေစိုက်စခန်းများတည်ဆောက်ခွင့်သဘောတူညီချက်များ ရရှိအောင်ဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်း စစ်ဘက်ဖြန့်ကြက်မှုကို အရှိန်မြှင့်တင်လုပ်ဆောင်လျက်ရှိသည်။


အထူးသဖြင့် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယား၊ အီကွေတိုရီယယ်ဂူနီယာ၊ နမ်ဘီယာ၊ ဆော်လမွန်ကျွန်းစု၊ အာရပ်စော်ဘွားများပြည်ထောင်စုနှင့် ဗနူတာနိုင်ငံတို့အပါအဝင် နိုင်ငံအတော်များများတွင် စစ်အခြေစိုက်စခန်းများ တည်ဆောက်ခွင့်ရရှိရန်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တရုတ်နိုင်ငံအနေဖြင့် ဂျီဘူတီရှိ အုပ်ချုပ်ထောက်ပံ့မှုစခန်းတွင် လုပ်ငန်းလည်ပတ်နေပြီဖြစ်သည့်အပြင် တာဂျစ်ကစ္စတန်တွင်လည်း ပြည်သူ့စစ်စခန်း တည်ဆောက်ထားရှိပြီးဖြစ်သည်။ အဆိုပါနိုင်ငံများအပြင် ကျူးဘား၊ ပါကစ္စတန်၊ တန်ဇန်းနီးယားနှင့် သီရိလင်္ကာတို့တွင်လည်း စစ်အခြေစိုက်စခန်းများတည်ဆောက်ခွင့်ရရှိရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစစ်အခြေစိုက်စခန်းများသည် တိုက်ပွဲဝင်မဟုတ်သော ကယ်ဆယ်ရေးလုပ်ငန်းများနှင့် သတင်းအချက်အလက်စုဆောင်းခြင်းကဲ့သို့သော ငြိမ်းချမ်းချိန်စစ်ဆင်ရေးများတွင် အထောက်အကူပြုသွားမည်ဖြစ်သော်လည်း စစ်မက်ဖြစ်ပွားချိန်တွင် အသုံးချသွားမလားဆိုသောအချက်ကိုမူ အတိအကျမသိရှိရသေးပေ။ ၎င်းစစ်အခြေစိုက်စခန်းများတွင် PLA ၏ အဓိကတာဝန်သည် ၂၀၃၀ ပြည့်နှစ်ရောက်ရှိချိန်၌ ပင်လယ်ရေလမ်းကြောင်းများဆက်သွယ်မှု(SLOC)ကို ကာကွယ်စောင့်ရှောက်သွားရန်ပင်ဖြစ်သည်။ တရုတ်နိုင်ငံ၏ ဦးစားပေးတာဝန်သည် ပင်လယ်ရေကြောင်းသွားလာမှုကို ကာကွယ်စောင့်ရှောက်ရန်နှင့် အမေရိကန်၏ ပိတ်ဆို့လာမှုများကို တုံ့ပြန်သွားနိုင်ရန်ပင်ဖြစ်သည်။

သို့သော် အဆိုပါစစ်အခြေစိုက်စခန်းများတွင် PLA ရင်ဆိုင်သွားရဖွယ်ရှိသည့် စိန်ခေါ်မှုများသည် အိမ်ရှင်နိုင်ငံများ၏ နိုင်ငံရေးဆိုင်ရာ မှီခိုအားထားရနိုင်မှု၊ အုပ်ချုပ်ရေးဆိုင်ရာထောက်ပံ့မှုပြဿနာများနှင့်စစ်အခြေစိုက်စခန်းများ၏ လုံခြုံမှုတို့ပင်ဖြစ်သည်။ PLA သည် အုပ်ချုပ်ထောက်ပံ့မှုအတွက် အရပ်ဘက်ဆိုင်ရာသင်္ဘောများကို မှီခိုအားထားရလျက်ရှိသဖြင့် စစ်မက်ဖြစ်ပွားချိန်တွင် ထိရောက်မှုနှင့် မှီခိုအားထားရမှုတို့အပေါ် စိုးရိမ်ပူပန်ရလျက်ရှိသည်။ တရုတ်နိုင်ငံသည် မဟာဗျူဟာမြောက်နေရာများကွန်ရက်နှင့် အုပ်ချုပ်ထောက်ပံ့မှုကွန်ရက်များတည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသော်လည်း အဆိုပါစစ်အခြေစိုက်စခန်းများတွင် PLA ၏ တိုက်ခိုက်မှုစွမ်းဆောင်ရည်များသည် ကန့်သတ်ချက်များရှိနိုင်ပေသည်။

ပင်လယ်ရပ်ခြား စစ်အခြေစိုက်စခန်းများတွင် PLA ရေတပ်နှင့်လေကြောင်းကာကွယ်ရန် လှုပ်ရှားမှုများတိုးမြှင့်ချထားခြင်းသည် ခက်ထန်သောရပ်တည်ချက်အဖြစ် ရှုမြင်ခံရဖွယ်ရှိသော်လည်း PLA စစ်အခြေစိုက်စခန်းများအပေါ် အုပ်ချုပ်ရေးနှင့် နိုင်ငံရေးဆိုင်ရာစိန်ခေါ်မှုများ ဖြစ်ပေါ်လာဖွယ်ရာမရှိပေ။ ၎င်းစစ်အခြေစိုက်စခန်းများသည် လာမည့်ဆယ်စုနှစ်ကျော်ကာလအတွင်း အမေရိကန်၏ စစ်ဘက်အကျိုးစီးပွားများကို သိသာထင်ရှားသောခြိမ်းခြောက်မှုဖြစ်ပေါ်လာစေ မည်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ကမ္ဘာတစ်ဝန်းအကြီးမားဆုံးသောလေယာဉ်တင်သင်္ဘောအုပ်စုများပိုင်ဆိုင်



နိုင်ရန် ရည်မှန်းတည်ဆောက်လျက်ရှိသောကြောင့် စစ်ရေယာဉ်တည်ဆောက်ရာတွင် အမေရိကန်ထက်သာလွန်လျက်ရှိသည်။ တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်-ရေတပ်(PLA-N)သည် အင်ဒို-ပစိဖိတ်ဒေသသို့ အမေရိကန်တပ်ဖွဲ့များ ဝင်ရောက်လာမှုကို တားဆီးပိတ်ဆို့ရန် အဆိုပါစစ်ရေယာဉ်များကို အသုံးပြုသွားမည်ဖြစ်ပြီး ထိုမှတစ်ဆင့် ဒေသတွင်းလွှမ်းမိုးချုပ်ကိုင်မှု ခိုင်မာသေချာအောင်လုပ်ဆောင်သွားမည်ဖြစ်သည်။

PLA-N သည် တရုတ်(တိုင်ပေ)ကို တိုက်ခိုက်ခြင်း သို့တည်းမဟုတ် ပိတ်ဆို့ခြင်းကဲ့သို့သော ဖြစ်ပေါ်လာနိုင်သည့်ပဋိပက္ခတွင် လေယာဉ်တင်သင်္ဘောများကို ရေပေါ်ကွပ်ကဲမှုဌာနများအဖြစ် အသုံးပြုသွားရန် ရည်မှန်းထားရှိသည်။ ထို့ကြောင့် အမေရိကန်အနေဖြင့် ယှဉ်ပြိုင်လာသောရေပိုင်နက်များ၏ ခေတ်သစ်ကာလနှင့် အနောက်ပိုင်း Hemisphere တွင် တပ်ဖြန့်ချထားသော တရုတ်စစ်ရေယာဉ်များကို လိုက်လျောညီထွေ ထိတွေ့ဆက်ဆံဆောင်ရွက်သွားရတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် အမေရိကန်ပြည်မကြီးကို တိုက်ရိုက်ခြိမ်းခြောက်ခြင်းအားဖြင့် တရုတ်(တိုင်ပေ)အရေးတွင် အမေရိကန်၏ တိုးချဲ့လာသောဟန့်တားမှုမဟာဗျူဟာကို စိန်ခေါ်မှုပြုလုပ်နိုင်ရန် အနောက်ပိုင်း Hemisphere တွင် စစ်အခြေစိုက်စခန်းများတည်ဆောက်ရန် ကြိုးပမ်းသွားဖွယ်ရာရှိနေသည်။ တရုတ်နိုင်ငံသည် ကျူးဘားနိုင်ငံတွင် စစ်အခြေစိုက်စခန်းတည်ဆောက်ခွင့်ရရှိခြင်းအားဖြင့် ပဋိပက္ခဖြစ်ပွားလာသည့်အချိန်တွင် အဓိကကာကွယ်ရေးကွင်းဆက်များကိုဖြတ်တောက်နိုင်ရန် အထူးစစ်ဆင်ရေးများဆင်နွှဲခြင်း၊ အမေရိကန်စစ်ဘက်ကို ဟန့်တားနှောင့်ယှက်ခြင်းနှင့် အမေရိကန်ပြည်မကြီးကို တိုက်ခိုက်ခြင်းတို့ လုပ်ဆောင်လာနိုင်မည်ဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံသည် ဖလော်ရီဒါရှိ အမေရိကန်ရေတပ်စစ်အခြေစိုက်စခန်းများကို တိုက်ခိုက်ရန်၊ အမေရိကန်စစ်ရေယာဉ်များ လှုပ်ရှားသွားလာမှုကို ပိတ်ဆို့ရန်နှင့် အမေရိကန်အရှေ့တောင်ပိုင်းရှိ လေယာဉ်များကိုပစ်ချနိုင်ရန် ကျူးဘားနိုင်ငံတွင် တာဝေးပစ်ဒုံးကျည်များ တပ်ဖြန့်ချသွားနိုင်မည်ဖြစ်သည်။

ထိုအတောအတွင်း တရုတ်နိုင်ငံအနေဖြင့် ၎င်း၏ စီးပွားရေးအင်အားကိုအသုံးချလျက် ပါကစ္စတန်ရှိ ဂွါဒါနှင့် သီရိလင်္ကာရှိ ဟန်ဘန်တာတိုဆိပ်ကမ်းတို့တွင် စစ်အခြေစိုက်စခန်းများ တည်ဆောက်ခွင့်ရရှိအောင်ကြိုးပမ်းပြီး ဂျီဘူတီရှိ ပင်လယ်ရပ်ခြားစစ်အခြေစိုက်စခန်းကို အင်အားတောင့်တင်းခိုင်မာအောင်ဆောင်ရွက်လာနိုင်မှုအပေါ်တွင်လည်း အိန္ဒိယက စိုးရိမ်ပူပန်လျက်ရှိသည်။ ထိုအခြေအနေသည် အိန္ဒိယသမုဒ္ဒရာအတွင်း အိန္ဒိယ၏လွှမ်းမိုးမှုကို စိန်ခေါ်လာနိုင်သည့်အပြင် ဝိုင်းပတ်ပိတ်ဆို့မှုခံရလာနိုင်ဖွယ်ရှိမှုအပေါ်တွင်လည်းစိုးရိမ်ပူပန်မှုမြင့်တက်လျက်ရှိသည်။ ဂျီဘူတီစစ်အခြေစိုက်စခန်းသည် အိန္ဒိယသမုဒ္ဒရာအတွင်းရေတပ်စစ်ဆင်ရေးများတွင် အထောက်အကူပြုနိုင်ပေသည်။ ထို့ပြင် စစ်ဘက်နှင့်အရပ်ဘက် နှစ်မျိုးစလုံးအသုံးပြုနိုင်သည့် ဂွါဒါနှင့် ဟန်ဘန်တာတိုဆိပ်ကမ်းတို့သည် တရုတ်နိုင်ငံ၏ ရေတပ်စစ်ဆင်ရေးအတွက် အရေးပါသောနေရာများဖြစ်လာလျက်ရှိသည်။

ဂွါဒါဆိပ်ကမ်းသည် PLA-N အတွက် ကာလရှည်ဆိုက်ကပ်နိုင်မည့်အပြင် အုပ်ချုပ်ထောက်ပံ့မှုပစ္စည်းများပြန်လည်ဖြည့်တင်းနိုင်သည့်အတွက် ပထဝီမြေအနေအထား၊ စစ်ရေးအရအရေးပါမှုနှင့် တရုတ်နိုင်ငံ၏ အဓိကဆိပ်ကမ်းတစ်ခုဖြစ်လာလျက်ရှိသည်။ ထို့ပြင် ဟန်ဘန်တာတိုအနေဖြင့်လည်း အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်နိုင်ငံ၏ နောက်ထပ်စစ်အခြေစိုက်စခန်းတစ်ခု ဖြစ်လာဖွယ်ရာရှိသောကြောင့် တရုတ်နိုင်ငံအနေဖြင့် ၎င်းစစ်အခြေစိုက်စခန်းကို တိုက်ရိုက်ထိန်းချုပ်လာနိုင်မည့်အပြင် အကြီးမားဆုံးသော ဆိပ်ကမ်းရင်းနှီးမြှုပ်နှံမှုလည်း ဖြစ်လာမည်ဖြစ်သည်။

စစ်ရေးရှုထောင့်အရကြည့်မည်ဆိုလျှင် ဂွါဒါနှင့် ဟန်ဘန်တာတိုဆိပ်ကမ်းတို့သည် အိန္ဒိယသမုဒ္ဒရာအတွင်း တရုတ်ရေတပ် ခိုင်မာစွာဖြန့်ကြက်နိုင်မှုကို အထောက်အကူပြုနိုင်သောကြောင့် နောက်ဆုံးတွင် အိန္ဒိယ၏ ပင်လယ်ပြင်အခြေစိုက် နျူကလီးယားဟန့်တားမှုစွမ်းဆောင်ရည်ကို ခြိမ်းခြောက်လာနိုင်ပေသည်။ ထို့ကြောင့် အိန္ဒိယအနေဖြင့်လည်း ဘင်္ဂလားပင်လယ်အော်ကို ၎င်း၏ နျူကလီးယားပဲ့ထိန်းဒုံးကျည်တင်ရေငုပ်သင်္ဘော(SSBN)များအတွက် ခံတပ်အဖြစ် ပြောင်းလဲသွားရန်စီစဉ်လျက်ရှိသည်။ ဘင်္ဂလားပင်လယ်အော်၏နက်ရှိုင်းသောရေပြင်သည် ပြိုင်ဆိုင်မှုပြင်းထန်သော အာရေးဗီးယားပင်လယ်ရေပိုင်နက်များထက် လုံခြုံမှုပိုမိုရရှိစေမည်ဖြစ်သည်။

အိန္ဒိယ၏ SSBN များသည် Rambilli ရှိရေငုပ်သင်္ဘောစစ်အခြေစိုက်စခန်းမှ တာဝန်ထမ်းဆောင်ခြင်းအားဖြင့် လေယာဉ်တင်သင်္ဘောများ၊ ဖျက်သင်္ဘောများကဲ့သို့သော ရေပြင်သွားစစ်ရေယာဉ်များစောင့်ကြပ်လိုက်ပါခြင်းအားဖြင့် ဘင်္ဂလားပင်လယ်အော်ကို ကင်းလှည့်စောင့်ကြပ်သွားနိုင်မည်ဖြစ်သည်။ ၎င်းမဟာဗျူဟာသည် အိန္ဒိယနိုင်ငံကို ပါကစ္စတန်နှင့် တရုတ်နိုင်ငံတို့၏ ခြေရာခံထောက်လှမ်းမှုမခံရဘဲ နျူကလီးယားလက်နက်တပ်ဆင်ထားသည့် ရေငုပ်သင်္ဘောတင်ပဲ့ထိန်းဒုံးကျည်(SLBM)များ ပစ်လွှတ်နိုင်စေမည်ဖြစ်သည်။

သို့သော် တရုတ်-အိန္ဒိယ နျူကလီးယားတင်းမာမှုများသည် သမားရိုးကျလက်နက်များအသုံးပြုလျက် ပြိုင်ဘက်နိုင်ငံ၏ခံတပ်များအတွင်းသို့ ထိုးဖောက်ဝင်ရောက်မှသာလျှင် ဖြစ်ပွားလာနိုင်ဖွယ်ရာရှိနေသည်။ ထိုသို့ဖြစ်ပေါ်လာမည်ဆိုလျှင် ဂွါဒါနှင့်ဟန်ဘန်တာတိုဆိပ်ကမ်းတို့ရှိ တရုတ်စစ်ရေယာဉ်များသည် အိန္ဒိယ SSBN များ၏ လှုပ်ရှားသွားလာမှုကို ခြေရာခံသွားဖွယ်ရာရှိနေသည်။ တစ်ချိန်တည်းမှာပင် အိန္ဒိယသည် တောင်တရုတ်ပင်လယ်ပြင်တွင် ရေတပ်တိုးမြှင့်ချထားရန် စဉ်းစားသုံးသပ်လျက်ရှိသော်လည်း တရုတ်နိုင်ငံက အဆိုပါနေရာတွင် ၎င်း၏ SSBN များအတွက် ခံတပ်တည်ဆောက်ရန် ရည်ရွယ်ထားသည့်အတွက် ဘင်္ဂလားပင်လယ်အော်တွင် အိန္ဒိယ၏ ရည်မှန်းချက်များ ရှုပ်လုံးပေါ်လာခြင်းဖြစ်ပေသည်။

တရုတ်နိုင်ငံသည် ၂၀၁၇ ခုနှစ် ဩဂုတ် ၁၇ ရက်က အရှေ့အာဖရိကနိုင်ငံဖြစ်သည့် ဂျီဘူတီတွင် စစ်အခြေစိုက်စခန်းကို တရားဝင်ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ ၎င်းစစ်အခြေစိုက်စခန်းသည် တရုတ်ရေတပ်၏ ဆိုမာလီယာကမ်းလွန်တွင် ပင်လယ်ဓားပြချေမှုန်းရေးဆောင်ရွက်ရာ၌ အုပ်ချုပ်ထောက်ပံ့မှုများပေးသွားမည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် ကမ္ဘာတစ်ဝန်းရှိနိုင်ငံ ၁၉ နိုင်ငံတွင်လည်း စစ်အခြေစိုက်စခန်းများ ထပ်မံတည်ဆောက်သွားရန် စဉ်းစားသုံးသပ်လျက်ရှိကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ထားရှိသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့ဒုတိယအင်အားအကြီးမားဆုံးရေတပ်အဖြစ် ရပ်တည်လျက်ရှိသော တရုတ်ရေတပ်သည် အိမ်ရှင်နိုင်ငံများနှင့် သံခင်းတမန်ခင်းတိုးချဲ့ခြင်းအားဖြင့် ကမ္ဘာတစ်ဝန်းရေတပ်အင်အားတိုးချဲ့တည်ဆောက်လာလျက်ရှိပေသည်။

**ကိုးကား**


- **China's global military base strategy taking shape By Asia Times.**
- **China's Military Diplomacy and its Quest for Bases Abroad | German Marshall Fund of the United States (gmfus.org)**



ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊

ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်

**ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့ကို အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက် တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံ များကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြား နည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိ ပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူး သက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

**သတင်းထုတ်ပြန်ချက်**

## အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများကို ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ခုနှစ် ဖေဖော်ဝါရီ ၁ရက်နောက်ပိုင်းကစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကို ထောက်ခံသူအစွန်းရောက်များ၊မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDMလှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သောကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများသည် EAOများ တည်ရှိရာနေရာများနှင့် ပြည်ပနိုင်ငံများသို့ စိုးရိမ်စိတ်များဖြင့် တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

၂။ ၎င်းတို့အနေဖြင့် မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ ၎င်းတို့နှင့် ဆက်စပ်နေသည့် ပုဂ္ဂိုလ်အချို့၏ထုတ်ပြန်ခဲ့သည့် အာဏာရှင်ဆန်သည့်ထုတ်ပြန်ချက်၊ ပြောကြားချက်တို့အပေါ်တွင်လည်း ထပ်မံစိုးရိမ်လျက်ရှိပြီး ရောက်ရှိရာနေရာများ၌လည်း လုံခြုံရေးအာမခံချက်မရှိမှု၊ လူမှုစီးပွားဘဝ အဆင်မပြေခက်ခဲမှုတို့နှင့်ရင်ဆိုင်နေရသဖြင့် မိမိတို့နေရပ်ဒေသအသီးသီးသို့ ပြန်လာလိုသည့်ဆန္ဒများဖြစ်ပေါ်နေသည်ကို သတင်းရရှိပါသည်။

၃။ **ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရည်ရွယ်ချက်ရှိရှိတိုက်ခိုက်မှု၊ပြည်သူ့ဝန်ထမ်းများနှင့်ပြည်သူအချို့ကို အုပ်စုဖွဲ့ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင်အဆောက်အအုံများနှင့် ပုဂ္ဂလိကပိုင်အဆောက်အအုံများကို ဖျက်ဆီးမှု၊ CDM လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ နက်ရှိုင်းစွာကာယကံမြောက်ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊အသိပညာရှင်၊အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။**

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏ နေရပ်များသို့ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများ အနေဖြင့် သက်ဆိုင်ရာသံရုံး၊စစ်သံရုံး၊ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

**သတင်းထုတ်ပြန်ရေးအဖွဲ့**

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၃၉၁ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်




**စစ်ကိုင်း ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၃၃၉၁ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြ၍ သိရသည်။

စစ်ကိုင်းမြို့နယ်တွင် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါးစိုက်ခင်းများကို ယခုနှစ် မေလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၃၃၉၁ ကေထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၈၈ ဒသမ ၅၁ တင်း ထွက်ရှိကြောင်း သိရသည်။

"နွေသီးနှံစိုက်ပျိုးရာသီမှာ စစ်ကိုင်းမြို့နယ်အတွင်း စပါး ၄၁၉၇ ဧက စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဒီနေ့ထိ စပါး ၃၃၉၁ ဧကရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆက်လက်ပြီး တော့လဲ ရိတ်သိမ်းနေပါတယ်။ စပါးအထွက်နှုန်း ကောင်းမွန်ပါတယ်။ စပါးစိုက်တောင်သူတွေကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှုကာကွယ်ဖို့ အသိပညာပေးတာတွေ၊ သီးနှံတွေ ပျက်စီးဆုံးရှုံးမှု မရှိစေဖို့၊ ရိတ်သိမ်းပြီးတဲ့ စပါးတွေ အမိုးအကာအောက် အချိန်မီရောက်ရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းမြို့နယ်တွင် နွေစပါးစိုက်တောင်သူများအတွက် သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်အတွက် အသိပညာပေးခြင်း၊ သဘာဝမြေသြဇာပြုလုပ်သုံးစွဲနည်းပညာများ၊ နွေသီးနှံများ အချိန်မီစိုက်ပျိုးနိုင်ရန်၊ စီးပွားမျိုးများ စိုက်ပျိုးကြရန်အတွက် နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း စစ်ကိုင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# စလင်းမြို့နယ် တလင်းကြီးကုန်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**စလင်း ဇွန် ၂၀**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တလင်းကြီးကုန်းကျေးရွာ၌ အဋ္ဌမအကြိမ် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် အဆိုပါကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းလည်ပတ်ဆောင်ရွက်ပုံအဆင့်ဆင့်၊ စီမံကိန်းလက်စွဲစာအုပ်ပါ နည်းဥပဒေနှင့် စည်းမျဉ်းစည်းကမ်းများ၊ မတည်ရန်ပုံငွေ အရင်းအတိုးပေးဆပ်ရမည့် ကာလများနှင့် ငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းချက်များကို ပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၃ ဒသမ ၈၅ သန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များသည် မြို့နယ်မှ တာဝန်ရှိသူများ၏ကြီးကြပ်မှုနှင့်အတူ တလင်းကြီးကုန်းကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၃ ဦးကို ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၁၆ ဦးကို ငွေကျပ် ၂၈ ဒသမ ၀၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၉ ဦးကို ငွေကျပ် ၄၃ ဒသမ ၈၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**သန်းသန်းစိုး**

## စာအုပ်စာပေ လူ့မိတ်ဆွေ

ခရီးသွားဆောင်းပါး

# အင်းလေးကန်သာယာလှ ရှုမျှော်ငေးလို့မဝ

သက်နိုင်(ပြင်ဦးလွင်)

မိမိနဲ့ကျောင်းသားမိဘတစ်ဦးတို့ ရှာင်မြို့နယ်ထဲက တဲ့လုရွာကို သွားကြမယ်ဆိုပြီး ခရီးထွက်လာခဲ့ကြတာ အခု တဲ့လုရွာကိုရောက်ရှိလေ့လာလည်ပတ်ပြီးကြတဲ့နောက် တောင်ကြီးမြို့ရှိရာကို ဆက်လက်ခရီးနှင်ခဲ့ကြရပြန်ပါပြီ။ တဲ့လုရွာကနေ ရှာင်မြို့၊ ရှာင်မြို့ကနေ အောင်ပန်းမြို့၊ အောင်ပန်းမြို့ကနေ ဟဲဟိုး၊ ရွှေညောင်၊ အေးသာယာမြို့တွေ အဆင့်ဆင့် ဆက်ကာဆက်ကာ ကျော်ဖြတ်လာခဲ့ပြီး တောင်ကြီးမြို့ကို စတင်တက်ရောက်ပါတော့မယ်။ အချိန်က ည ၇ နာရီကျော်နေပြီဖြစ်တာကြောင့် သစ်ရိပ်တောရိပ်တောင်ရိပ်တွေ ကြီးစိုးမင်းမူနေတဲ့ တောင်ကြီးမြို့ အတက်လမ်းက မည်းမှောင်လို့နေပါတယ်။ ဒါကြောင့် ကားရှေ့မီးကြီးကိုဖွင့်ရင်း ကောင်းမွန်မတ်စောက်တဲ့အတက်လမ်းကို သတိထားမောင်းနှင်နေရတယ်။ အတက်ခရီးလမ်းဖြစ်နေ၊ မှောင်လဲမှောင်နေပေမဲ့ ကောင်းမွန်ပြီး ရှင်းလင်းနေတာကြောင့် မကြာခင် အချိန်အတွင်းမှာ တောင်ကြီးမြို့ကို ရောက်လာခဲ့ကြတယ်။

တောင်ကြီးမြို့ပေါ်ကို ရောက်ရောက်ချင်း တစ်ညတာ အိပ်စက်အနားယူကြဖို့အတွက် တည်းခိုနေကျဟိုတယ်ကိုသွားပြီး အခန်းယူထားလိုက်ရတယ်။ အခန်းယူပြီး ညစာထမင်းစားကြဖို့အတွက် ဟိုတယ်ကပြန်ထွက်လာတော့ ည ၈နာရီကျော်နေပါပြီ။ ညစာထမင်းကို ကောင်းနိုးရာရာ စားသောက်ဆိုင်တစ်ခုမှာ စားသောက်ကြမယ်ဆိုပြီး တောင်ကြီးမြို့ရဲ့အထင်ကရလဲဖြစ်၊ အဓိကလဲဖြစ်နေတဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက် လိုက်လံရှာဖွေခဲ့ပေမဲ့ ဆိုင်တွေအားလုံးက ည ၈ နာရီမှာ ပိတ်ကြတယ်ဆိုတာကြောင့် အခက်အခဲဖြစ်ကြရတော့တယ်။ ဒါကြောင့် ညစာစားသောက်ကြဖို့အတွက် တစ်ခုခုရရှိနိုင်တဲ့ ညဈေးတန်းရှိရာကို လာခဲ့ကြရတယ်။

တောင်ကြီးမြို့ ညဈေးတန်းက စည်ကားပြီး စားသောက်စရာတွေပေါပါတယ်။ အဓိကအားဖြင့်လဲ စားသောက်စရာတွေကို စုံစုံလင်လင် ရောင်းချကြတာပါ။ ဈေးရှေ့နားမှာ ကားရပ်ခဲ့ရင်း၊ ဈေးအတွင်း လှည့်လည်ကြည့်ရှုကြရင်း ညစာအတွက် အဆင်ပြေနိုင်မဲ့ စားသောက်စရာတွေကို ရှာဖွေကြတော့ ငါးထမင်းနယ်ဆိုင်တစ်ဆိုင်ကို တွေ့ကြရတယ်။ ငါးထမင်းနယ်ဆိုတာက ငါးနဲ့ရှမ်းထမင်းကို စေးစေးပိုင်ပိုင်နယ်ထားတာဖြစ်ပြီး ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ငရုတ်သီးစိမ်း၊ ဂျုံးမြစ်၊ ဆလတ်ရွက်၊ တိုဟူးခြောက်ကြော်၊ မုန့်ညင်းချဉ်၊ မုန်လာဥချဉ်၊ ပဲပင်ပေါက်ချဉ် စတဲ့အချဉ်တစ်မျိုးမျိုးတွေနဲ့အတူ ချင်း၊ ကြက်သွန်ဖြူ၊ ငရုတ်ကောင်း မှုန်ရောင်ဟင်းရည်နဲ့ စားသောက်ရတာပါ။ ထမင်းကိုလဲ ပန်းကန်နဲ့စားသောက်ရတာမျိုးမဟုတ်ဘဲ ဖက်တွေနဲ့အဆင်သင့်ထုပ်ပိုးထားတယ်။ ငါးထမင်းနယ်ကို ရှမ်းပြည်နယ်ဒေသ၊ တောင်ကြီး၊ အင်းလေး စတဲ့ဒေသတွေကိုရောက်မှ စားကြရတာဖြစ်လို့ ဒီနေ့ညစာအတွက် ငါးထမင်းနယ်ကိုသာ စားသောက်ကြဖို့ ဆုံးဖြတ်လိုက်ကြတယ်။ ဆိုင်ထဲကိုဝင်ပြီး စားသောက်ကြတဲ့အခါ ငါးထမင်းနယ်က အနည်းငယ်အေးနေပြီဖြစ်ပေမဲ့ ဆိုင်ရှင်က ချက်ချင်းကြော်ပေးတဲ့ တိုဟူးခြောက်ကြော်၊ မှုန်ရောင်ဟင်းရည်ပူပူနဲ့ စားသောက်ရတာ အဆင်ပြေပါတယ်။ မိမိက နှစ်ပွဲ၊ ကျောင်းသားမိဘက လေးပွဲ စားသောက်ပြီးသွားတဲ့အခါ စားပွဲပေါ်မှာ ဖက်ရွက်တွေပုံသွားတော့တယ်။

ညဈေးတန်းကနေ ပြန်လာခဲ့ကြပြီး ဟိုတယ်ကိုသွားကြတဲ့အချိန်မှာ ည ၉ နာရီကျော်နေပါပြီ။ တောင်ကြီးမြို့ပေါ်မှာရှိတဲ့ စားသောက်ဆိုင်တွေ၊ စတိုးဆိုင်တွေ စတဲ့ဆိုင်တွေအားလုံးနီးပါးက ည ၈ နာရီမှာ ပိတ်သိမ်းကြတယ်ဆိုပေမဲ့ အခု ည ၉နာရီကျော်နေတဲ့ထိ မြို့ပေါ်လမ်းတွေမှာ သွားလာလှုပ်ရှားနေကြသူတွေနဲ့ စည်ကားနေသေးတယ်။ တောင်ကြီးမြို့က ရှမ်းပြည်နယ်ရဲ့မြို့တော်ဖြစ်နေတာနဲ့အညီ မြို့တော်တစ်ခုရဲ့အင်္ဂါရပ်တွေကို စည်ကားမှုတွေ၊ ဖွံ့ဖြိုးတိုးတက်မှုတွေ၊ သာယာလှပမှုတွေနဲ့ ဖော်ညွှန်းပြသနေသလိုပါ။

ဟိုတယ်ကို ပြန်ရောက်လာတာနဲ့ တစ်နေ့တာ ပင်ပန်းထားသမျှတွေကို နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်းနဲ့ဖြေဖျောက်ပစ်လိုက်ရတယ်။ နောက်တစ်နေ့ ခရီးအစီအစဉ်က မနက်စောစောအိပ်ရာထကြပြီး တောင်ကြီးမြို့ပေါ်မှာ ခဏတာ လည်ပတ်လေ့လာပြီးရင် အင်းလေးကန်ကို သွားရောက်ကြည့်ရှုကြပြီးမှ ပြင်ဦးလွင်ကို ပြန်ကြဖို့ပါ။ ဒါကြောင့် နောက်တစ်နေ့မနက်မှာ မနက်စောစော အိပ်ရာထကြရတယ်။ ရေမိုးချိုး၊ အဝတ်အစားလဲ အခန်းတွေအပ်ပြီးတာနဲ့ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးအတိုင်း စူဠာမဏိစေတီတော်ကြီးရှိရာကို ထွက်ခဲ့ကြပြီးမှ လမ်းပေါ်က သင့်တင့်တဲ့ဆိုင်တစ်ဆိုင်မှာ မနက်စာ စားသောက်ကြရတယ်။ ရှမ်းပြည်နယ်ကို ရောက်ရှိလာတာကြောင့် ရှမ်းပြည်နယ်ရဲ့ အမှတ်သင်္ကေတ ထင်ပေါ်ကျော်ကြားတဲ့ အစားအစာကို စားသောက်ကြပါဆိုရင် အခုလို မနက်စောစောအချိန်အခါမျိုးမှာ ရှမ်းမလေးတွေ ရောင်းတဲ့ ရှမ်းခေါက်ဆွဲကို စားသောက်ကြရမှာပါ။ ဒါပေမဲ့ တိုဟူးနွေးကိုပဲ မှာယူစားလိုက်ကြတယ်။ တိုဟူးနွေးကလဲ ရှမ်းပြည်နယ်ရဲ့ အမှတ်သင်္ကေတ တစ်ခုပါ။



မနက်စာ စားပြီးကြတာနဲ့ စူဠာမဏိစေတီတော်ကြီး ရှိရာကို မောင်းနှင်လာခဲ့လိုက်တယ်။ ခရီးစဉ်အနေအထားအရ ဘုရားဖူးထွက်လာကြတာလဲမဟုတ်၊ ဒီနေ့အချိန်မီ ပြင်ဦးလွင်မြို့ကို မဖြစ်မနေ ပြန်လည်ရောက်ရှိကြရမှာလဲဖြစ်တာကြောင့် ရောက်ခဲ့ဖူးပြီး၊ ဖူးမြော်ဖူးပြီး ဘုရားစေတီတွေကို ဝင်ရောက်ဖူးမြော်တာမျိုးတွေမလုပ်တော့ဘဲ လေ့လာကြည့်ရှုရုံလောက်နဲ့ အခြားတစ်နေရာကိုခရီးဆက်ခဲ့ကြတယ်။ စူဠာမဏိစေတီတော်ကြီးကုန်းတော်ပေါ်ကို အတက်လမ်းကနေတက်၊ အဆင်းလမ်းကနေ ချက်ချင်းပြန်ဆင်းလာခဲ့ကြပြီး တောင်ကြီးမြို့ရဲ့ အမြင့်ဆုံးတောင်ဖြစ်တဲ့ ကျောက်စိမ်းတောင်ပေါ်ကို တောင်တက်ကားလမ်းအတိုင်း ဆက်လက်တက်ရောက်လာခဲ့ကြတယ်။ ကျောက်စိမ်းတောင်ပေါ်ကနေ တောင်ကြီးမြို့တစ်မြို့လုံးရဲ့ ရှုခင်းတွေကိုကြည့်ရှုရတာ အလွန်သာယာလှပပြီး စိတ်ဝင်စားစရာကောင်းပါတယ်။ ဒါပေမဲ့ ကျောက်စိမ်းတောင်ထိပ်ပေါ်ကိုလဲရောက်ရော တောင်ကြီးမြို့တစ်မြို့လုံးကို မြူနှင်းတွေ အုံဆိုင်းဖုံးလွှမ်းနေတာကြောင့် ဘာမှမမြင်ရဘူးဖြစ်နေတယ်။ တောင်ပေါ်မှာရှိနေတဲ့ ဘုရားဂေါပကလူကြီးတွေရဲ့ ပြောပြချက်အရ မကြာခင်မှာ နေထွက်လာပြီး ရှုခင်းတွေကိုမြင်တွေ့ကြရမှာဖြစ်ကြောင်း၊ အခုအချိန် အနည်းငယ်စောနေသေးလို့ဖြစ်ကြောင်း သိရှိလိုက်ရတာနဲ့ ရှုမျှော်ခင်းတွေကိုကြည့်ဖို့ သေသေချာချာတည်ဆောက်ထားပြီးဖြစ်တဲ့ မှန်မျှော်စင်ကြီးကိုပဲ လေ့လာကြရတယ်။

အရင်တုန်းက တောင်ကြီးမြို့အလှရှုခင်းတွေကို ကြည့်မယ်ဆိုရင် စေတီတော်ကုန်းပေါ်ရင်ပြင်တော်နေရာတွေကနေပဲ ကြည့်ရှုခဲ့ကြရတယ်။ အခုခေတ်မီပြီး လှပသေသပ်တဲ့ မှန်မျှော်စင်ကြီးကို တည်ဆောက်ထားပြီးဖြစ်လို့ အဆင်ပြေနေပါတယ်။ ရှုမျှော်ခင်းကြည့်မှန်မျှော်စင်ကြီးကို လေ့လာကြည့်ရှုနေတဲ့ တစ်ခဏတာအတွင်း နေထွက်လာတာကြောင့် တောင်ကြီးမြို့ရှုခင်းတွေကို တောင်ထိပ်ပေါ်ကနေ တစ်စတစ်စ မြင်တွေ့လာရတယ်။ နေရောင်ခြည်အောက်မှာရှိနေတဲ့ တောင်ကြီးမြို့ရှုခင်းတွေကို တောင်ထိပ်အပေါ်စီးကနေ ဓာတ်ပုံရိုက်ယူနေကြပေမဲ့ အလွန်ကျယ်ဝန်းတဲ့မြို့ပြဧရိယာကြီးဖြစ်နေလို့ ကင်မရာနဲ့မဆံ့ဘဲ ဟိုတစ်ကွက်ဒီတစ်ကွက် ရိုက်ယူနေရတယ်။ ဓာတ်ပုံမှတ်တမ်းတွေလဲ ရိုက်အပြီး၊ ရှုခင်းတွေကိုလဲ ကြည့်ရှုလို့ပြီးတဲ့အချိန်မှာ တောင်အောက်မှာရှိနေတဲ့ မြို့အတွင်းကို ပြန်ဆင်းလာခဲ့ကြတယ်။

ခရီးအစီအစဉ်က ညောင်ရွှေမြို့မှာရှိတဲ့ အင်းလေးကန်ကို ဆက်လက်သွားရောက်ကြမှာပါ။ ဒါကြောင့် တောင်ကြီးမြို့တွင်းမှာ မလည်ပတ်ကြတော့ဘဲ ရွှေညောင်မြို့လမ်းဆုံကနေ ညောင်ရွှေမြို့ကို လာခဲ့ကြတယ်။ ညောင်ရွှေမြို့အဝင် မုခ်ဦးကနေ မြို့အတွင်းကို ဝင်ရောက်လိုက်တာနဲ့ ဧည့်ကြိုဆိုင်ကယ်တွေ အများအပြား ကားအနားကို ဝိုင်းအုံလာကြပြီး သူ့ထက်ငါဦးအောင် ခေါ်ယူကြတော့တာပါ။ အင်းလေးဒေသကို မကြာခဏရောက်ရှိနေတဲ့ မိမိကလဲ ဧည့်ကြိုဆိုင်ကယ်တွေကို လက်ခါပြရင်း၊ ခေါင်းခါပြရင်း မြို့အတွင်းကဖြတ်ပြီး အဝေးဆုံးနေရာမှာရှိတဲ့ စက်လှေဂိတ်နေရာကို ဆက်လက်မောင်းနှင်လာခဲ့လိုက်တယ်။ အင်းလေးမှာ စက်လှေစီးကြမယ်ဆိုရင် မြို့အဝင်ကတည်းက လိုက်လံခေါ်ဆိုနေကြတဲ့ဧည့်ကြိုတွေ တောင်းတဲ့ဈေးနှုန်းနဲ့ ဂိတ်မှာပေးရတဲ့ဈေးနှုန်းက ကွာခြားချက်ရှိနေပြီး ဂိတ်မှာပေးရတဲ့ဈေးနှုန်းက သက်သာနေသလို စိတ်လဲချရတယ်။ မိမိတို့လို အလည်အပတ် ခရီးသွားတွေ တောင်းဆိုတဲ့အတိုင်း အတတ်နိုင်ဆုံး လိုက်လျောဆောင်ရွက်ပေးတာတွေလဲရှိနေတယ်။

စက်လှေသမားက ဖောင်တော်ဦးဘုရားအပါအဝင် ခြောက်နေရာ၊ ခုနစ်နေရာ ဆိုတာကိုလဲ ပြောပြတယ်။ ဘုရားဖူးရင် ဖူးသလို၊ လေ့လာလည်ပတ်ရင် လည်ပတ်သလို ကြာနိုင်မဲ့အချိန်ကိုလဲ စောင့်ဆိုင်းပေးမယ်ဆိုတဲ့အကြောင်း ပြောပြပါတယ်။ ဒါပေမဲ့ မိမိတို့က ဘုရားဖူးကြမှာမဟုတ်ကြောင်း၊ အမှတ်တရပစ္စည်းတွေကို လိုက်လံကြည့်ရှုပြီး ဈေးဝယ်ကြမှာလဲမဟုတ်ကြောင်း၊ အင်းလေးကန်အနှံ့ စက်လှေစီးကြမှာဖြစ်ပြီး ရောက်ချင်တဲ့နေရာ၊ ဝင်ချင်တဲ့နေရာတွေရှိရင် လိုက်လံပို့ဆောင်ပေးဖို့ ပြောတဲ့အခါ စက်လှေသမားက သဘောတူလိုက်လျောတာကြောင့် စတင်ထွက်ခွာလာခဲ့ကြတယ်။

စက်လှေစတင်ထွက်ထွက်ချင်း စက်လှေသမားက ဘယ်နေရာတွေကို လိုက်လံပို့ဆောင်ပေးရမလဲဆိုတာ မေးမြန်းတယ်။ မိမိက ပုံမှန်သွားရိုးသွားစဉ်၊ ပို့ရိုးပို့စဉ်နေရာတွေကိုပဲ မောင်းပါ။ လိုအပ်တဲ့နေရာရောက်ရင် ပြောမယ်ဆိုပြီး မောင်းထွက်လာခဲ့ကြတယ်။ အင်းလေးကန်က အစပထမပိုင်းမှာ ကျဉ်းမြောင်းပြီး မိနစ်အနည်းငယ်လောက်မောင်းပြီးမှ ကန်ဧရိယာ ရေပြင်ကျယ်နေရာကို ရောက်ရှိလာခဲ့တယ်။ ရေပြင်ကျယ်နေရာကို ရောက်လာတဲ့အခါမှာ စိုက်ပျိုးရေးလုပ်ငန်းတွေအတွက် မှော်ဆယ်ယူနေတဲ့လှေကလေးတွေ၊ ငါးဖမ်းနေကြတဲ့ လှေကလေးတွေကို တွေ့မြင်နေရတာနဲ့ စက်လှေသမားကို အနီးအနားထိရောက်အောင်ကပ်ခိုင်းပြီး လေ့လာကြည့်ရှုကြတယ်။ အဲဒီကနေတစ်ဆင့် ခရမ်းချဉ်သီးစိုက်ခင်းတွေထဲထိ ဝင်ရောက်ကြည့်ရှုလေ့လာကြတယ်။ အရင်အခေါက်တွေတုန်းက ဒီလိုမြင်ကွင်းတွေကို မလှမ်းမကမ်း ခပ်ဝေးဝေးကသာ မြင်တွေ့ခဲ့ရပြီး အခုလိုနီးနီးကပ်ကပ် လေ့လာခွင့်မရခဲ့ပါဘူး။

ဆက်လက်ပြီး စက်လှေသမားကို ရွာကြီးတွေမဟုတ်တဲ့၊ လက်မှုလုပ်ငန်းတွေနဲ့ အရောင်းပစ္စည်းဆိုင်တွေမရှိတဲ့၊ အသွားအလာမများတဲ့ သာမန်ရွာလေးတွေ ရှိရာကို မောင်းဖို့ပြောလိုက်တယ်။ စက်လှေသမားကလဲ ပြောတဲ့အတိုင်း လိုက်လံပို့ဆောင်ပေးတဲ့အခါမှာ အင်းလေးကန်ဒေသရဲ့ လက်ရှိပကတိကျေးရွာတွေ၊ လူနေမှုအဆင့်တွေကို မျက်မြင်ကိုယ်တွေ့ သိရှိခဲ့ကြရတယ်။ ဒါပေမဲ့ သူတို့တွေရဲ့ အင်းလေးကန်ကြီးအတွင်းမှာ နေထိုင်ပုံ၊ လုပ်ကိုင်စားသောက်ပုံ၊ သွားလာလှုပ်ရှားပုံတွေက ချစ်ခင်မြတ်နိုးစရာ၊ ဂုဏ်ယူစရာ၊ နှစ်သက်လေးစားစရာတွေပါ။

အဲဒီကနေဆက်လက်ပြီး စက်လှေသမားက အလိုတော်ပေါက်ဘုရားရှေ့၊ ဖောင်တော်ဦးဘုရားရှေ့တွေကနေ ဖြတ်သန်းမောင်းနှင်ပေးခဲ့ပြီး စင်ရော်ငှက်တွေပေါတဲ့နေရာကို လိုက်လံပို့ဆောင်ပေးမှာဖြစ်ကြောင်းနဲ့ ငှက်စာတွေဝယ်ယူထားကြဖို့ ပြောဆိုတာကြောင့် စင်ရော်ငှက်တွေကိုကျွေးဖို့ အစာတွေကို ဝယ်ယူကြရတယ်။ စက်လှေသမားက ပြောထားတဲ့အတိုင်း စင်ရော်ငှက်တွေပေါများတဲ့နေရာအရောက်မှာ ငှက်စာတွေကျွေးနိုင်ပြီဖြစ်ကြောင်း ပြောတာနဲ့ အစာတွေကို လေပေါ်ပစ်တင်ကျွေးလိုက်ကြတဲ့အချိန်မှာ စင်ရော်ငှက်တွေက စက်လှေရှိရာကို အနီးကပ်ဝိုင်းအုံလာကြတော့တာပါ။ စင်ရော်ငှက်တွေကို အစာကျွေးရင်း၊ အင်းလေးကန်အတွင်းမှာ စက်လှေပတ်မောင်းနေရင်းနဲ့ ငှက်စာတွေလဲကုန်၊ အချိန်တွေလဲ အနည်းငယ်အကုန်ခံပြီးမှ ရွှေညောင်မြို့က စက်လှေဂိတ်ရှိရာကို ပြန်လာခဲ့ကြတယ်။ အခုတစ်ခေါက်ခရီးစဉ်မှာ အင်းလေးကန်ရဲ့သာယာလှပမှုတွေနဲ့ ရှုမျှော်ငေးလို့မဝတဲ့ ရှုခင်းတွေကို တွေ့မြင်ခဲ့ကြရပါတယ်။ စက်လှေဂိတ်အနီး ကားရှိရာကို ရောက်တာနဲ့ ပြင်ဦးလွင်မြို့ကို ပြန်လာခဲ့ကြတယ်။ နောက်တစ်ပတ်မှာ နောက်ထပ်ခရီးစဉ်အသစ်တစ်ခုကို ရွေးချယ်သွားရောက်လိုက်ပါအုံးမယ်။

# ယူရိုပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်မှာ အသင်းလိုက်ကစားအားကောင်းနေတဲ့ ချက်အသင်း၊ ပေါ်တူဂီအသင်း၊ ရိုမေးနီးယားအသင်းတို့ကို အားပေးရမှာပါ

M L



စနေနေ့ညမှာတော့ ယူရိုပြိုင်ပွဲ အုပ်စုဒုတိယပွဲစဉ်တွေ ရှိနေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်တဲ့ပွဲစဉ်တွေကို ကြည့်ရှုရအုံးမှာ ဖြစ်ပါတယ်။ အုပ်စုဒုတိယပွဲစဉ်ဟာ နောက်တစ်ဆင့်တက်ဖို့ အဆုံးအဖြတ်ပွဲစဉ်တွေ ဖြစ်နေတာကြောင့် ရှုံးပွဲကြုံထားတဲ့အသင်းတွေအနေနဲ့ နိုင်ပွဲရဖို့ မဖြစ်မနေကြိုးပမ်းရမှာပါ။ ဒါကြောင့် စနေနေ့ညပွဲစဉ်တွေမှာလဲ အစဉ်အလာရ အသာရနေတဲ့အသင်းကြီးတွေနဲ့ အသင်းလိုက်ကစားအားကောင်းတဲ့အသင်းတွေကိုသာ အားပေးရမှာဖြစ်ပါတယ်။

### ချက်အသင်းကို ရွေးချယ်ရမှာပါ

စနေနေ့ညမှာ ကစားမဲ့ ယူရိုပြိုင်ပွဲအုပ်စုပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ ဂျော်ဂျီယာအသင်းနဲ့ ချက်အသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ သူတို့နှစ်သင်းစလုံးဟာ အုပ်စုအဖွင့်ပွဲမှာ ရှုံးခဲ့တာကြောင့် အခုပွဲစဉ်ကို နိုင်ပွဲရတဲ့အသင်းက အုပ်စုကနေ ကျော်ဖြတ်ဖို့ အခွင့်အရေးရမှာပါ။ ဂျော်ဂျီယာအသင်းဟာ အုပ်စုအဖွင့်ပွဲစဉ်မှာ တူကီယဲအသင်းကို အပြန်အလှန်ဖိအားပေးမှုတွေနဲ့ ကစားနိုင်ပေမဲ့ တူကီယဲရဲ့တိုက်စစ်ထက်မြက်မှုနဲ့ အတွေ့အကြုံရင့်ကျက်မှုက ဂျော်ဂျီယာကို ရှုံးပွဲကြုံတွေ့စေတာကို တွေ့ရမှာပါ။ ဂျော်ဂျီယာဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ဆိုဗီယက်ပြည်ထောင်စုက ခွဲထွက်ပြီးနောက်ပိုင်း ပထမဆုံးခြေစစ်ပွဲ အောင်မြင်ခဲ့တာကြောင့် အတွေ့အကြုံပိုင်းလိုအပ်ချက်ရှိနေတာကို တူကီယဲနဲ့ ပွဲစဉ်မှာ သတိပြုရမှာပါ။ လက်ရှိ သူတို့အသင်းအနေနဲ့ အသင်းလိုက်ကစားအားကောင်းပေမဲ့ ချက်အသင်းလို ကစားပုံမာကျောတဲ့အသင်းကို ပွဲချိန်ပြည့်ယှဉ်ကစားဖို့တော့ မဖြစ်နိုင်ပါဘူး။

ချက်အသင်းကတော့ ယူရိုပြိုင်ပွဲသမိုင်းမှာ ဂျော်ဂျီယာထက်စာရင် အစဉ်အလာရှိတဲ့အသင်းတစ်သင်းဖြစ်ပါတယ်။ သူတို့အသင်းဟာ ပြီးခဲ့တဲ့ အဖွင့်ပွဲမှာ ပေါ်တူဂီလို ကစားသမားစုဖွဲ့မှုကောင်းတဲ့ အသင်းကို ထိန်းချုပ်ကစားနိုင်ခဲ့သလို ဦးဆောင်ဂိုး ပထမဆုံးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ အဖွင့်ပွဲမှာ နည်းပြဟာဆက် ကတော့ ၃-၅-၂ ကစားကွက်နဲ့ ခံစစ်အသားပေးခဲ့တာကြောင့် ပေါ်တူဂီရဲ့ ပွဲချိန်ပြည့်တိုက်စစ်ဆင်မှုကို ခံခဲ့ရပေမဲ့ ဒုတိယပိုင်း ပွဲချိန် ၆၂ မိနစ်မှာ ဖြတ်တင်ဘောကနေ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ချက်အသင်းဟာ ရမှတ်မဆုံးရှုံးဖို့ အကောင်းဆုံးကစားနိုင်ခဲ့ပေမဲ့ ပေါ်တူဂီအသင်းရဲ့ အဝေးကန်ချက်တွေက အလုပ်ဖြစ်ခဲ့တာကြောင့် ပွဲချိန် ၆၉ မိနစ်မှာ ချေပဂိုးနဲ့ ပွဲချိန် မိနစ် ၉၀ မှာ ဦးဆောင်ဂိုး ခွင့်ပြုလိုက်ရပြီး ရှုံးပွဲကြုံတွေ့ခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ချက်အသင်းရဲ့ခံစစ်ကစားပုံက ပေါ်တူဂီလို တိုက်စစ်ထက်မြက်တဲ့အသင်းကို ထိန်းချုပ်သွားတာ အားရစရာကောင်းပြီး တိုက်စစ်ပိုင်းကလဲ ဂိုးပေါက်ကန်သွင်းမှုတစ်ကြိမ်မှာ တစ်ဂိုးသွင်းယူနိုင်ခဲ့တာကို တွေ့ရမှာပါ။ လက်ရှိခြေစွမ်းပိုင်းကိုကြည့်ရင် ဂျော်ဂျီယာနဲ့အဆုံးအဖြတ်ပွဲမှာ ချက်အသင်းနိုင်ပွဲရဖို့ သေချာနေပါတယ်။ ဒါ့ပြင် ချက်အသင်းဟာ ယူရိုပြိုင်ပွဲမှာ ဆုဖလားတစ်ကြိမ်ရရှိခဲ့သလို ပြီးခဲ့တဲ့ ၂၀၂၀ ပြိုင်ပွဲမှာလဲ ကွာတားဖိုင်နယ်အဆင့်ထိ တက်ရောက်ခဲ့တာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်တဲ့ ချက်အသင်းကို ရွေးချယ်ရမှာပါ။

#### ဂျော်ဂျီယာအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| စပိန် | ၃ | - | ၁ | ဂျော်ဂျီယာ |
| ဂျော်ဂျီယာ | ၂ | - | ၀ | လူဇင်ဘတ် |
| ဂျော်ဂျီယာ | ၀ | - | ၀ | ဂရိ |
| မွန်တီနီဂရိုး | ၁ | - | ၃ | ဂျော်ဂျီယာ |
| တူကီယဲ | ၃ | - | ၁ | ဂျော်ဂျီယာ |

#### ချက်အသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| နော်ဝေ | ၁ | - | ၂ | ချက် |
| ချက် | ၂ | - | ၁ | အာမေးနီးယား |
| ချက် | ၇ | - | ၁ | မော်တာ |
| ချက် | ၂ | - | ၁ | မြောက်မက်ဆီဒိုးနီးယား |
| ပေါ်တူဂီ | ၂ | - | ၁ | ချက် |

### ပေါ်တူဂီအသင်းနဲ့ လက်တွဲရမှာပါ

စနေနေ့ညမှာ ကစားမဲ့ ယူရိုပြိုင်ပွဲအုပ်စုဒုတိယပွဲစဉ်မှာ အကြိုက်တွေ့မိတာကတော့ တူကီယဲအသင်းနဲ့ ပေါ်တူဂီအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ တူကီယဲအသင်းဟာ ယူရိုပြိုင်ပွဲမတိုင်မီ ကစားခဲ့တဲ့ ခြေစမ်းပွဲတွေမှာ နိုင်ပွဲပျောက်ဆုံးခဲ့ပေမဲ့ အဖွင့်ပွဲစဉ်မှာတော့ ဂျော်ဂျီယာကို သုံးဂိုးတစ်ဂိုးနဲ့ အနိုင်ရခဲ့တာကြောင့် အုပ်စု (F) အမှတ်ပေးဇယားထိပ်ဆုံးမှာ ရောက်ရှိနေတာကို တွေ့ရမှာပါ။ ဒါကြောင့် သူတို့အသင်းဟာ အခုပွဲစဉ်ကို သရေတစ်မှတ်ရတာနဲ့ နောက်တစ်ဆင့်တက်ရောက်နိုင်ဖို့ အခွင့်အရေးရှိနေတာဖြစ်လို့ ခံစစ်အသားပေးကစားမှာ သေချာပါတယ်။ နည်းပြမွန်တဲလားကတော့ ၄-၃-၂-၁ ကစားကွက်မှာ ရဲလ်မက်ဇ်၊ အဒါဂူလာ၊ ကိုစ်ကူ၊ ရဲလ်ဒိဇ်တို့ တိုက်စစ်အတွဲနဲ့ ဂျော်ဂျီယာခံစစ်ကြောင်းကို ဖိအားပေးနိုင်ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ အခုပွဲစဉ်မှာတော့ ပေါ်တူဂီလို ထိပ်တန်းအဆင့်ကစားသမားတွေရှိနေတဲ့အသင်းကို အပြန်အလှန်ဖိအားပေးကစားဖို့ အခက်တွေ့နိုင်တာကြောင့် ခံစစ်အသားပေးကစားလာဖို့များပါတယ်။ ဒါပေမဲ့ တူကီယဲရဲ့ခံစစ်ပိုင်းက စီရော်နယ်ဒို၊ ဘာနာဒိုဆေးဗား၊ လီအိုတို့လို ကစားသမားတွေကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ အားနည်းချက်ရှိနေသလို ခံစစ်ကစားသမား မူဒါလာလဲ ဒဏ်ရာရနေတာကြောင့် အခုပွဲမှာ တူကီယဲအသင်းရဲ့ခံစစ်ပိုင်းက ဂိုးပေးရမှာ သေချာပါတယ်။

ပေါ်တူဂီအသင်းဟာ အဖွင့်ပွဲစဉ်မှာ ချက်အသင်းလို ခံစစ်မာကျောတဲ့အသင်းကို နှစ်ဂိုးတစ်ဂိုးရလဒ်နဲ့ အနိုင်ရခဲ့တဲ့ခြေစွမ်းကတော့ အားရစရာကောင်းပါတယ်။ လက်ရှိမှာ တူကီယဲနဲ့ ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် အဆင့်(၂) မှာ ရောက်နေပေမဲ့ အခုပွဲစဉ်ကို အနိုင်ရခဲ့ရင်တော့ အုပ်စုက ကျော်ဖြတ်နိုင်မှာဖြစ်လို့ တိုက်စစ်မြှင့်ကစားလာမှာဖြစ်ပါတယ်။ ပေါ်တူဂီဟာ ယူရိုပြိုင်ပွဲသမိုင်းမှာ ဆုဖလားတစ်ကြိမ်ရခဲ့ပြီး ၁၉၉၆ ခုနှစ်ကစလို့ ၂၀၂၀ ယူရိုပြိုင်ပွဲထိ အုပ်စုကနေ ကျော်ဖြတ်နိုင်ခဲ့တဲ့ အစဉ်အလာကောင်းတွေရှိခဲ့တာကို တွေ့ရမှာပါ။ လက်ရှိ နည်းပြမာတီနက်ဇ်ကတော့ ၃-၄-၃ ကစားကွက်နဲ့ ပွဲထွက်နေပေမဲ့ ကွင်းလယ်မှာ ဒါလော့၊ ကန်ဆယ်လိုတို့လို ကစားသမားတွေက ပြိုင်ပွဲအတွင်း နည်းစနစ်ပိုင်းပြောင်းလဲရာမှာ ခံစစ်၊ တိုက်စစ် လိုက်ပါကစားနိုင်တာကြောင့် ပေါ်တူဂီရဲ့ကစားကွက်ဟာ ပြိုင်ဘက်အသင်းအတွက် အခက်တွေ့စေတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ တူကီယဲခံစစ်အနေနဲ့ စီရော်နယ်ဒိုကို ထိန်းချုပ်ဖို့ကြိုးစားမယ်ဆိုရင် အခြားတိုက်စစ်တွေက နေရာလွတ်ရသွားနိုင်တာကြောင့် ပေါ်တူဂီဂိုးရဖို့ အခွင့်အရေးများသွားမှာဖြစ်သလို စီရော်နယ်ဒိုကို မထိန်းချုပ်နိုင်ရင်လဲ ဂိုးပေးရမှာ သေချာပါတယ်။ သူတို့နှစ်သင်း နောက်ဆုံးတွေ့ဆုံခဲ့တဲ့ ကမ္ဘာ့ဖလားခြေစစ်ပွဲမှာ ပေါ်တူဂီက တူကီယဲကို ဂိုးပြတ်အနိုင်ရခဲ့တာကြောင့် ခြေစွမ်းပိုင်းသာလွန်နေတဲ့ ပေါ်တူဂီအသင်းနဲ့ လက်တွဲရမှာပါ။

#### တူကီယဲအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဟန်ဂေရီ | ၁ | - | ၀ | တူကီယဲ |
| ဩစတြီးယား | ၆ | - | ၁ | တူကီယဲ |
| အီတလီ | ၀ | - | ၀ | တူကီယဲ |
| ပိုလန် | ၂ | - | ၁ | တူကီယဲ |
| တူကီယဲ | ၃ | - | ၁ | ဂျော်ဂျီယာ |

#### ပေါ်တူဂီအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ဆလိုဗေးနီးယား | ၂ | - | ၀ | ပေါ်တူဂီ |
| ပေါ်တူဂီ | ၄ | - | ၂ | ဖင်လန် |
| ပေါ်တူဂီ | ၁ | - | ၂ | ခရိုအေးရှား |
| ပေါ်တူဂီ | ၃ | - | ၀ | အိုင်ယာလန် |
| ပေါ်တူဂီ | ၂ | - | ၁ | ချက် |

### ရိုမေးနီးယားအသင်းကို အားပေးရမှာပါ

ယူရိုပြိုင်ပွဲ အုပ်စု(E)ဒုတိယပွဲစဉ်မှာအကြိုက်တွေ့မိတာကတော့ ဘယ်လ်ဂျီယံအသင်းနဲ့ ရိုမေးနီးယားအသင်းတို့ ပွဲစဉ်ပဲဖြစ်ပါတယ်။ ဘယ်လ်ဂျီယံအသင်းဟာ ပြီးခဲ့တဲ့အဖွင့်ပွဲစဉ်မှာ ဆလိုဗက်ကီးယားလို ခြေစွမ်းပိုင်းအားနည်းတဲ့အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် အုပ်စုက ကျော်ဖြတ်ဖို့အတွက် အခုပွဲစဉ်ကို နိုင်ပွဲရမှ ဖြစ်မှာပါ။ အဖွင့်ပွဲမှာ ဘယ်လ်ဂျီယံအနေနဲ့ လူကာကူကို အထောင်တိုက်စစ်မှာထားပြီး ၄-၂-၃-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့ပေမဲ့ ဆလိုဗက်ကီးယားတိုက်စစ်ကို တားဆီးနိုင်ခြင်းမရှိဘဲ ပွဲချိန် ခုနစ်မိနစ်မှာ ခံစစ်အမှားကနေ ဦးဆောင်ဂိုးပေးခဲ့ရတာကို တွေ့ရမှာပါ။ အဲဒီနောက်မှာတော့ ဘယ်လ်ဂျီယံအနေနဲ့ တိုက်စစ်မြှင့်ကစားခဲ့တာကြောင့် လူကာကူ ဂိုးနှစ်ကြိမ်ရခဲ့ပေမဲ့ VARနဲ့ ပြန်ဖျက်ခံရပြီး ရှုံးပွဲကြုံခဲ့တာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ သူတို့အသင်းတိုက်စစ်က ဒိုကူ၊ ထရိုဆာ့ဒ်တို့အနေနဲ့ အဆုံးသတ်သေချာမှုအားနည်းခဲ့သလို ဒီဘရိုင်းအနေနဲ့လဲ လူကာကူကို ဘောလုံးပေးပို့မှု သိပ်မလုပ်နိုင်ခဲ့တာကြောင့် အခုပွဲစဉ်မှာ နည်းပြတီဒက်စ်ကိုအနေနဲ့ တိုက်စစ်ပိုင်း အပြောင်းအလဲလုပ်လာနိုင်ပြီး ဆလိုဗက်ကီးယားအသင်းကို နိုင်ပွဲရဖို့ ကြိုးစားလာမှာပါ။

ဆလိုဗက်ကီးယားအသင်းဟာ ပြီးခဲ့တဲ့ပွဲစဉ်မှာ ယူကရိန်းကို သုံးဂိုးပြတ်အနိုင်ရခဲ့တာကြောင့် ယူရိုပြိုင်ပွဲသမိုင်းမှာ ၂၄ နှစ်အတွင်း ပထမဆုံး နိုင်ပွဲရခဲ့ပြီး အုပ်စု (E) ဇယားထိပ်မှာ ရပ်တည်နိုင်ခဲ့တာဖြစ်ပါတယ်။ သူတို့အသင်းဟာ ယူကရိန်းနဲ့ ပွဲမှာ ၄-၁-၄-၁ ကစားကွက်နဲ့ ပွဲထွက်ခဲ့ပြီး အသင်းလိုက်ကစားအားကောင်းခဲ့တာကြောင့် ယူကရိန်းလို အတွေ့အကြုံနဲ့ ကစားအားသာလွန်တဲ့အသင်းကို နိုင်ပွဲရခဲ့တာဖြစ်ပါတယ်။ ရိုမေးနီးယားအသင်းမှာ ထိပ်တန်းအဆင့် ကစားသမားတွေ မရှိပေမဲ့ ကစားသမားတွေရဲ့နိုင်လိုစိတ်ပြင်းပြမှုက ပွဲချိန်ပြည့်အင်တိုက်အားတိုက်ကစားနိုင်ခဲ့တာကို တွေ့ရမှာပါ။ သူတို့အသင်းဟာ ယူရိုပြိုင်ပွဲသမိုင်းတစ်လျှောက် ၂၀၀၀ ပြည့်နှစ်မှာ ကွာတားဖိုင်နယ်အဆင့် အမြင့်ဆုံးရောက်ရှိခဲ့ပြီး အဲဒီနောက်ပိုင်းမှာတော့ အုပ်စုကပဲ လှည့်ပြန်ခဲ့ရတာကို တွေ့ရမှာပါ။ လက်ရှိ သူတို့အသင်းဟာ ပြီးခဲ့တဲ့ ၂၄ နှစ်အတွင်း ယူရိုပြိုင်ပွဲမှတ်တမ်းဆိုးကို ချေဖျက်ဖို့ ကြိုးစားနေတာကြောင့် ဘယ်လ်ဂျီယံလို အဘက်ဘက်က သာလွန်နေတဲ့အသင်းကို ပွဲချိန်ပြည့် ဘယ်လိုထိန်းချုပ်မလဲဆိုတာကို စောင့်ကြည့်ရမှာပါ။ သူတို့နှစ်သင်း ထိပ်တိုက်တွေ့ဆုံမှုနှစ်ကြိမ်မှာ တစ်ပွဲနိုင်၊ တစ်ပွဲရှုံးရလဒ်ထွက်ပေါ်ထားတာဖြစ်ပါတယ်။ အခုပွဲစဉ်မှာ ဘယ်လ်ဂျီယံရဲ့အကျောပေးမှုက တစ်ဂိုးနဲ့ နိုင်ရင် တစ်ဝက်လောက်ရှုံးမဲ့အခြေအနေက စိတ်ဓာတ်ပိုင်းမြင့်တက်နေတဲ့ရိုမေးနီးယားအသင်း ဂိုးပြတ်မရှုံးနိုင်တာကြောင့် ရိုမေးနီးယားအသင်းကို အားပေးရမှာပါ။

#### ဘယ်လ်ဂျီယံအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| အိုင်ယာလန် | ၀ | - | ၀ | ဘယ်လ်ဂျီယံ |
| အင်္ဂလန် | ၂ | - | ၂ | ဘယ်လ်ဂျီယံ |
| ဘယ်လ်ဂျီယံ | ၂ | - | ၀ | မွန်တီနီဂရိုး |
| ဘယ်လ်ဂျီယံ | ၃ | - | ၀ | လူဇင်ဘတ် |
| ဘယ်လ်ဂျီယံ | ၀ | - | ၁ | ဆလိုဗက်ကီးယား |

#### ရိုမေးနီးယားအသင်းရဲ့ နောက်ဆုံးငါးပွဲရလဒ်

| | | | | |
|---|---|---|---|---|
| ရိုမေးနီးယား | ၁ | - | ၁ | ဂျော်ဂျီယာ |
| ရိုမေးနီးယား | ၂ | - | ၃ | ကိုလံဘီယာ |
| ရိုမေးနီးယား | ၀ | - | ၀ | ဘူလ်ဂေးရီးယား |
| ရိုမေးနီးယား | ၀ | - | ၀ | လက်ချင်စတိန်း |
| ရိုမေးနီးယား | ၃ | - | ၀ | ယူကရိန်း |

# မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၁၅၉၀ ထိစိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဇွန် ၂၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာကေ ၁၅၉၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် နေကြာ ၉၅၉၅ ကေ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် ဇွန်လမှစတင်၍စိုက်ပျိုးခဲ့ရာ ယနေ့ထိကေ ၁၅၉၀ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာခရိုင်မှာ နေကြာကေ ၉၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိကေ ၁၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ နေကြာသီးနှံကို မိုးမှာထက် ဆောင်းမှာအဓိကထား စိုက်ပျိုးကြတာဖြစ်ပါတယ်။ နေကြာစိုက်ပျိုးရာမှာ အထွက်နှုန်းကောင်းတဲ့မျိုးတွေစိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေတယ်" ဟု မုံရွာခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြသည်။

ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီ၌ မုံရွာခရိုင်တွင် မြို့နယ်အလိုက် နေကြာသီးနှံ စိုက်ပျိုးပြီးစီးမှုအနေဖြင့် မုံရွာမြို့နယ်တွင် ကေ ၂၇၀၊ ဘုတလင်မြို့နယ်တွင် ကေ ၆၃၀၊ အရာတော်မြို့နယ်တွင် ၅၂၂ ကေနှင့် ချောင်းဦးမြို့နယ်တွင် ၁၆၈ ကေ စုစုပေါင်း ကေ ၁၅၉၀ ဖြစ်ကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ပညာပေးသင်တန်းများ၊ ဝန်ထမ်းများနှင့်နေကြာစိုက်ပျိုးတောင်သူများ စွမ်းဆောင်ရည်မြှင့်မားရေးအတွက် အသိပညာပေးသင်တန်းများကို အချိန်မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မုံရွာခရိုင်တွင် နေကြာသီးနှံစိုက်ပျိုးတောင်သူများကို မျိုးစေ့များ ပံ့ပိုးပေးနိုင်ရေး၊ ယူရီးယားဓာတ်မြေဩဇာများ ချိုသာသောဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး စီမံထားခြင်း၊ ထွက်ရှိလာသော နေကြာမျိုးများကို တောင်သူမှ တောင်သူဖလှယ်သည့် နည်းစနစ်များဖြင့် ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန်းစန်းမြင့်က ပြောပြ၍ သိရသည်။

(၂၀၆)

# ဝမ်းတွင်းမြို့နယ် ကုလားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဝမ်းတွင်း ဇွန် ၂၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်း ရရှိပြီး မိသားစုဝင်ငွေတိုးပွားလာရန် ရည်ရွယ်၍ ကုလားကျေးရွာအုပ်စု ကုလားကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို ဇွန် ၁၉ ရက် နံနက်ပိုင်းက ကုလားကျေးရွာ၌ ပြုလုပ်သည်။

ရှေးဦးစွာ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် မိသားစုဝင်ငွေတိုးပွားစေမည့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးပေးရခြင်းဖြစ်ကြောင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များအနေဖြင့် ကျေးရွာရှိဒေသခံပြည်သူများတစ်နိုင်တစ်ပိုင်မိသားစုဝင်ငွေတိုးပွားရေး လုပ်ငန်းများဖော်ဆောင်ရာ၌ ရန်ပုံငွေ လေလွင့်ဆုံးရှုံးမှုမဖြစ်အောင် ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်းရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၅၄ ဒသမ ၁၅ သန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက အဆိုပါကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၇ ဦးကို ငွေကျပ် ၃၂ ဒသမ ၉၅ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၂၆ ဦးကို ငွေကျပ် ၁၆ ဒသမ ၂ သန်း၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူနှစ်ဦးကို ငွေကျပ် ၁ ဒသမ ၄၅ သန်းနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ လေးဦးကို ငွေကျပ် ၃ ဒသမ ၅၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၉ ဦးကို ငွေကျပ် ၅၄ ဒသမ ၁၅ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**အောင်ရဲကျော်**






ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard တွင် Exhibition Vanue Award ရရှိခဲ့သော

" မန္တလေးမြို့၏ ဂုဏ်ကျက်သရေဆောင် "

# ရတနာပုံ ခန်းမ



Exhibition Vanue Award

ခန်းမလှလှဝင်ဆံ့မှုလူဦးရေ(၈၂၀၀)(စားပွဲဝိုင်းဖြင့်)ဖြစ်ပြီး အခမ်းအနားများနှင့်ဖျော်ဖြေရေးပွဲများအတွက် လူဦးရေ(၆၀၀၀+၂၀၀)ထိဆောင်ရွက်နိုင်ပါသည်။



**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ အစည်းအဝေးများ၊ ရှင်ပြု ရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊မင်္ဂလာဆောင်ပွဲများ၊ မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊ဈေးရောင်းပွဲတော်များ၊ အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊ အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့် ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။



ဆက်သွယ်ရန်လိပ်စာ

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။

ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉

နိုင်ငံတကာရှိ ဟိုတယ်၊ Coffee Shop များတွင် နှစ်မြိုက်မက်မောစွာ အသုံးပြုနေသော

(ASEAN-OSHNET AWARD) တွင်
BEST Practices Award ရရှိခဲ့သည့် ရွှေဖီဦး





ရွှေဖီဦး BLACK TEA (နောင်တရား) ကို Export Quality အဆင့်မီစွာ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၃၀၈၆၁၆၅၅၊ ၀၉ ၄၂၀၂၁၉၄၃၆
STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇

## စက်အပိုပစ္စည်းအရောင်းဆိုင်တွင် တာဝန်ထမ်းဆောင်ရန်

| | | | |
|---|---|---|---|
| ၁။ | Computer စာရင်းကိုင် | မ | (၃) ဦး |
| ၂။ | Driver | ကျား | (၁) ဦး |
| ၃။ | အထွေထွေ | ကျား | (၃) ဦး |

CV Form နှင့်တကွ လိုအပ်သော စာရွက်စာတမ်းအပြည့်အစုံဖြင့် လူကိုယ်တိုင် လာရောက်လျှောက်ထားနိုင်ပါသည်။

အဆောင်-၂၂၊ အခန်း (၂,၃)၊ မြဝတီမင်းကြီး ၂လမ်း၊ 75/ C× D ကြား၊ ကွဲဆည်ကန်၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။

လျှောက်ထားချိန်- 11:00 AM to 5:00 PM

09-789940696

## အမည်ပြောင်း

အမရပူရမြို့နယ်၊ အ. ထ. က(ခွဲ)(ရေကြည်ပေါက်)၊ Grade-4 တွင် ပညာသင်ကြားနေသော (ဘ) ဦးထိုက်ထူးနောင် (၉/အမရ(နိုင်)၁၂၀၉၉၂)၏သား မောင်ဟိဏ်းထွဋ်တေဇ အား မောင်ကျော်စွာဟိဏ်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ကျော်စွာဟိဏ်း**

## ပျောက်ဆုံးကြောင်း

မန္တလေး၊ အောင်မြေသာစံမြို့နယ်၊ အကွက်(၉၈)၊ မင်းတဲအိကင်းရပ်ကွက်နေ မအိသက်ပိုင်(ဘ)ဦးဝင်းဌေး(၉/အမဇ(နိုင်)၀၄၁၃၀၃)၏ နိုင်ငံကူးလက်မှတ်အမှတ်(MF-363068) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါကအကြောင်းကြားပေးပါရန်။၀၉-၂၅၀၂၀၄၉၆၃

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အကြောင်းကြားပေးပါရန်

မန္တလေး၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၃၂၄)၊ စိန်ပန်းရပ်ကွက်နေ မောင်နဒီကျော်စော(ဘ)ဦးကျော်ထွန်းဦး ၏ နိုင်ငံသားစိစစ်ရေးကတ်အမှတ် (၉/မဟမ(နိုင်)၀၅၈၉၄၁) မှာ ၁၂-၆-၂၀၂၄ ရက်အတွင်း ကျပျောက်သွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**မောင်နဒီကျော်စော**

၀၉-၈၈၃၄၇၇၄၂၃

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေ ဖတ်ကြစို့**

"အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address - accm@accm.gov.mm၊
Website Address - http://www.accm.gov.mm

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံးတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန်အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကိုအားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံးအသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍမြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ပြီး ဒေသအလိုက် ထုတ်ကုန်များ တူညီမှုရှိမည်မဟုတ်သဖြင့် ဒေသနှင့်သင့်လျော်ကိုက်ညီသည့် ထုတ်ကုန်များ အောင်မြင်စွာထုတ်လုပ်နိုင်ရေး အားပေးဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၄ ရက်တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၇/ ၂၀၂၃)သို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)**

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

တရားမဝင်ဒစ်ဂျစ်တယ်ငွေကြေးများ ရောင်းဝယ်လဲလှယ်ခြင်း၊ နိုင်ငံခြားငွေကြေးကစားနေသူများနှင့် ဟွန်ဒီလုပ်ငန်းဆောင်ရွက်နေသူများကို အရေးယူဆောင်ရွက်သွားမည် စာမျက်နှာ - ၁၉

မန္တလေးဆိပ်ကမ်းမှ ရန်ကုန်၊ ဗန်းမော်နှင့် အခြားမြို့များသို့ ဇွန် ၁၀ ရက်မှ ၁၉ ရက်ထိ ကုန်စည်တင်ပို့သည့် ရေယာဉ် ၂၇ စီးထိရှိ စာမျက်နှာ - ၂

သဘာဝပတ်ဝန်းကျင် ပြန်လည်မွမ်းမံအသက်သွင်းရေးဥပဒေ ပြဋ္ဌာန်းရန် ဥရောပသမဂ္ဂအဖွဲ့ စီစဉ်နေ စာမျက်နှာ - ၂၃



## လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၂၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Super Seven Stars Motors Industry Co., Ltd. က တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် KIA EV-6 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များ၊ Win Motor Myanmar Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ် FAW VOLKSWAGENID-4 နှင့် LIVAN MAPLE 60S အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များ၊ Earth Renewable Energy Co., Ltd. က တင်သွင်းလာသော တရုတ်နိုင်ငံထုတ်WULING BINGO အမျိုးအစားလျှပ်စစ်သုံး မော်တော်ယာဉ်များနှင့် Grand Sirius Co.,Ltd. က တင်သွင်းလာသည့် တရုတ်နိုင်ငံထုတ် NETA AYA အမျိုးအစား လျှပ်စစ်သုံး မော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

